www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဇော်ဂျူမ်းခေါင်

# ပင်လယ်ရေနဲ့ ဆေးပါ့မယ်

www.burmeseclassic.com

www.burmeseclassic.com

# စောရှုပသင်

## ပင်လယ်ရေနဲ့ ဆေးဖို့မယ်

စာမူခွင့်ပြုချက်အမှတ်
၅၀၀၈၆/၆၀၆/ဂ၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၉၀၇၀၈
ထုတ်ဝေသူ
ဦးသစ်လွင်(မြဝ၉၄၈)
ကံ့ကော်မြိုင်စာပေ၊၁၁၃၊ရွှေပြည်သာလမ်း
(၆)ရပ်ကွက်၊သာကေတ၊ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျော်ရင်(၀၅၄၁၇)
ရွှေခြသေ့်ပုံနှိပ်တိုက်
၂၂၅၊အခန်း(၂)၊၃၁လမ်း၊
၁၁ရပ်ကွက်၊ပန်းဘဲတန်း၊ရန်ကုန်။
ပထမအကြိမ်
၂၀၀၈ခုနှစ်၊စက်တင်ဘာလ။
အုပ်ရေ ၅၀၀
တန်ဖိုး ၅၀၀ကျပ်

BURMESE CLASSIC .com



တစ်ရံတစ်ခါတစ်မျှပင် မတွေးထင်၊
စိတ်ကူးမယဉ်ခဲ့သော
အကြောင်းအရာတစ်ချို့သည်
မိမိဘဝ၏
အလွန်အရေးပါသော
အစိတ်အပိုင်းတစ်ခု
ဖြစ်လာခဲ့သည်ဆိုလျှင် ....

သူရဲကောင်းစောစထိုက်

www.burmeseclassic.com

www.burmeseclassic.com





လိမ္မော်ရောင် ဆည်းဆာအလှကို ကမ္ဘာ့ပြိုင်ဘက်ကင်း မိတ်ကပ်ဆရာရဲ့ လိမ်းကျံချယ်သမှုက ညြချလောက်ပါရဲ့

လှချင်းတိုင်းကို လှလို့။

ကြည့်ပါဦး။ မိုးကုတ်စက်ဝိုင်းရဲ့အပေါ်မှာ ငွေမှုန်လေးတွေကြဲလို့ဖြန့်လို့။ မိုးကုတ်စက်ဝိုင်းရဲ့ မျဉ်းကွေးအတိုင်း အရောင်တွေကို တစ်ရောင်စီ သုတ်လိမ်းပြီး အောက်နားဆီမှာ လိမ္မော်ရောင်နဲ့ ထိစပ်ရောင်ဖျော့ဖျော့လေးကို အနားသတ်ထားလိုက်ပုံများ ...

သုမြဲမောင်ဖောဝေထိုက်

www.burmeseclassic.com



ဒီထက်ပိုပြီး ပါဝေမင့်ဆန်နေတာက လိမ္မော်သီးနဲ့ ပန်းသီးကို အပေါ်အောက် တစ်ခြမ်းစီပေါင်းစပ်ထားတဲ့ နေလုံးကြီးက နက်ပြာရောင်ပင်လယ်ရေအောက်ဆီ ကျွံ့ရောဆန်ဆန် ငုံ့လျှိုးလိုက်ပုံများ

ပင်လယ်လေကို တဝရှူရှိုက်ရင်း ကိုင်းညွတ်နေတဲ့ အုန်းလက်တွေကြားက ပင်လယ်ပြင်ဆီ ငေးကြည့်နေမိတယ်။

ဆိုပ့်အိုးထဲကို ကြက်ဥအောက်ထည့်လိုက်သလို ပင်လယ်ရေပြင်ဟာ တစ်လွှာချင်း၊ တစ်ထပ်ချင်း ကမ်းခြေဆီကို ပြန့်တက်လာတယ်။ သဲသောင်စပ်မှာရပ်ပြီး ပင်လယ်ပြင်ဆီကို လျှောဆင်းသွားတယ်။

မိုးကုတ်စက်ဝိုင်းကနေ ဆင်းလာတဲ့တို့အကြည့်တွေဟာ ပင်လယ်ကမ်းစပ်က မညီမညာကျောက်တန်းတွေအနားမှာ ရပ်သွားတယ်။ ကျောက်တန်းပေါ်မှာ မိုးခြစ်ဆံတစ်ချောင်း ...

ဟာ ... မဟုတ်သေးဘူး ....

သိလိုစိတ်က ခြေအစုံကို ကမ်းခြေဆီတွန်းပို့နေတယ်။ တဖြည်းဖြည်း ... နီးလာပြီ။

အံ့ဩခြင်းနဲ့အတူ ရင်ထဲကစည် တဒိတ်ဒိတ်မြည်လာတယ်။ ပါးလျတဲ့ ဝတ်စုံဟာ လေနဲ့အတူ တလူလူလွင့်နေပြီး သွယ်လျတဲ့ကိုယ်နေဟန်ကို မှိန်ဖျော့ဖျော့နေရောင်နဲ့ ဆန့်ကျင်ပြီးမြင်နေရုံနဲ့ ရင်ထဲမှာ တရုတ်နှစ်သစ်ကူးသလို ဆူညံနေတော့တယ်။

သွယ်လျလျဆံနွယ်လေးတွေက လှိုင်းထလူးလွန့်နေပြီး ဖြောင့်စင်းတဲ့နှာတံ၊ နှုတ်ခမ်းမူမူနဲ့ လိုက်ဖက်တဲ့ လုံးဝန်းဝန်းမေးစေ့အပြင်





ဖျော့ဖျော့ရော်းလှတဲ့ လည်တိုင်ကလေးဟာ လှလွန်းငေါ့ အသက်ရှူဖို့မေ့သွားတယ်။

"ဟိတ် ... ဘာလို့ ဒီလောက်ငေးနေရတာလဲ။ ဒီမှာ ရှင့်ကို စောင့်နေရတာကြာလှပြီ။ ချိန်းထားတာမေ့နေတာလား"

ရုတ်တရက် ခေါင်းနပန်းကြီးသွားပြီး နားထင်တွေ၊ နားရင်းတွေ ထူပူသွားသည်။ နေဝင်ရီတရောမှာ ဥစ္စာစောင့်လား။ သူယောင်မယ်လား။ မဟုတ်သေးပါဘူး။ ဖြစ်နိုးဖြစ်ရင် ရေသူမပဲဖြစ်ရမှာ

"ဟော့ ကိုအရှုဏ် .. ရှင့်ကိုပြောနေတာ"

ကိုယ့်ခေါင်းထဲက မှတ်ဉာဏ်တွေ ပျက်စီးသွားပြီလား။ သူက လူမှ လူအစစ်။ ကိုယ့်နာမည်ကိုသိနေတာ။ ဘယ်မှာရင်းနှီးပြီး ဘယ်မှာ ချိန်းခဲ့ပါလိမ့်။ ကျောက်ရုပ်လိုငြိမ်သက်နေတဲ့ ကိုယ့်ရဲ့လက်ကို့ ဆွဲယူလိုက်တဲ့ သူ့ရဲ့လက်ဟာ ဖျော့အိနူးညံ့ပြီး ပူနွေးနေတယ်။

"ရှင့်ရဲ့လက်တွေက ရေခဲတုံးလိုပဲ ရှင်ဘာဖြစ်နေတာလဲ"

မျက်နှာချင်းဆိုင် သူ့ရဲ့အလှကို မြင်လိုက်ချိန်မှာ ကိုယ့်ရဲ့ခန္ဓာကိုယ်က တဖြည်းဖြည်းပူနွေးလာတယ်။ အသိစိတ်တွေ နိုးထလာတယ်။

"ဟုတ်တယ် .. ဒါ ကျွန်တော့်ချစ်သူဖြစ်ရမယ်"

"ဟို .. ဟို ဘာမှမဖြစ်ပါဘူး။ ကိုယ်နောက်ကျသွားလို့ စိတ်မကောင်းဖြစ်မိတာပါ"

"အရှုဏ်ရယ်။ ရှင်က အမြဲတမ်းနောက်ကျနေကျပဲ။ အဲဒီ ရှင့်

www.burmeseclassic.com



အပေါ် ကျွန်မချစ်သလောက် လေးနက်မှုမရှိလို့ မချစ်လို့ပေါ့"

"ဟာ.. မဟုတ်ဘူး။ အဲလိုမျိုးမဟုတ်ဘူး"

အရုဏ်အထိတ်တလန့် ငြင်းဆိုသည်။

"ဒါဆိုရင် ရှင့်အချစ်ကို ဘယ်လိုသက်သေပြမလဲ"

"ဒီနေရာကနေပြီး ဘင်္ဂလားပင်လယ်အော်ကိုဖြတ်ပြီး လက်ပစ်ကူးပြမယ်လေ"

အရုဏ်က ခေတ်သစ်ရှုပ်သက်သေပြဖို့ ကျောက်တန်းတွေကြားက ပင်လယ်ပြင်ဆီ လက်ပစ်ကူးဟန်ပြုလေ၏။ အတွေးထဲမှာတော့

"အပါး ကြောက်တယ်လေဒီ"

"ဒီမှာ ရယ်စရာတွေ ပြောမနေနဲ့။ ဟောဒီ.. ကျောက်တန်းမှာ ရှင့်ကို ကြိုးနဲ့ချည်ခဲ့မယ်။ ဒီကနေ တို့ရှိရာကို ဒီညပြန်လာနိုင်ရင် ရှင့်အချစ်ကို အကြွင်းမဲ့ယုံလိုက်မယ်။ ဘယ့်နဲ့လဲ"

အရုဏ်နည်းနည်းတွေဝေသွားသည်။ ချည်ထားသောကြိုးကို ကျောက်စောင်းတွေနဲ့ ပွန်းပြတ်အောင်ဖြတ်ရင် ရနိုင်သည်။ ပင်လယ်အော်ကို ကူးရသလောက်မခက်။ ကြိုက်ပြီ။ ချလင်းပဲ။

"စိန်လိုက်လေ .. ဒီည မင်းဆီကို ခင်မေင်တိုးသီချင်းဆိုပြီး ကိုယ်အရောက်ပြန်ခဲ့မယ်။ ဒီတစ်ညတော့ မင်းရင်ခွင်မှာ အိပ်ဖို့ရောက်လာပြီ ချစ်ကလေးရယ်။ တံခါးစောင့်ဖွင့်ကွယ်"

"ရှင်ဟာလေ.. ဒီလိုပဲ အမြဲပေါ့ပျက်ပျက်နဲ့"





မိန်းကလေးက အရုဏ်ကို ကျောက်စွန်းတစ်ခု၌ မှီထိုင်စေပြီး ကျောက်တန်းတွေကြားက ပိုက်စတွေနဲ့ အရုဏ်ရဲ့ကိုယ်ကို နောက်က ကျောက်စွန်းနဲ့တွဲပြီး အထပ်ထပ်ရစ်ပတ်ချည်နှောင်လိုက်သည်။ အရုဏ်က သူ့ဦးခေါင်းကို ကောင်းကင်ဆီသို့ မော့ကြည့်လိုက်သည်။ ကောင်းကင်ထက်မှာ ငွေမှုန်လေးတွေ တဖိတ်ဖိတ်လက်နေစဉ် အိုးခတ်ပါသော လေပူနွေးနွေးက သူ့နဖူးပြင်ကို ကျရောက်လာသည်။

သူ့မျက်လုံးကို စုံမှိတ်လိုက်သည်နှင့်

"ရွတ်"

"ကောင်းသောညဖြစ်ပါစေရှင်" "ကောင်းသောညဖြစ်ပါစေရှင်" "ကောင်းသောညဖြစ်ပါစေရှင်"

သူ့မအသံနားထဲမှာ ပဲ့တင်ရိုက်ပြီး တဖြည်းဖြည်းဝေးလွင့်သွားပြီ။ ပင်လယ်ရေလှိုင်းသံတွေ ပွက်ပွက်ညံလာသည်။ တဒင်္ဂသာယာမှု ပျက်သုဉ်းသွားပြီး ထိတ်လန့်ခြောက်ခြားဖွယ်ကို ရင်ဆိုင်ရတော့မည်။ သူ့ကိုယ်ကို ရုန်းသည်။ လှုပ်သည်။ တကယ်တမ်း ရင်ဆိုင်ရပြီဆိုတော့ သူ့ကိုယ်ကလှုပ်မရ ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားပြီ၊ ဟုတ်ပြီ ဒီ ကျွန်တသင့်ပြီလား။ ဖမ်းစားခံရပြီလား။ ပင်လယ်ပြင်က ဒီလှိုင်းကြီးတွေ အလိပ်လိုက် သူ့ဆီကို အော်ဟစ်ပြီး ပြေးလာနေပြီ။ သူ အထိတ်ထိတ်အလန့်လန့် အသံကုန်အော်လိုက်သည်။

"အား.. ချစ်တယ်.. ကြောက်တယ်.. ချစ်.. ကြောက်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုင်းကြီး သူ့ကိုယ်ပေါ် ဖုံးအုပ်လိုက်ချိန်မှာပဲ သူ့တစ်ကိုယ်လုံး အေးစက်သွားပြီး အသက်ရှူမရအောင် မွမ်းကျပ်ငယ်သံပါအောင် ထအော်လိုက်တယ်။

"အား"

အရုဏ်မျက်လုံးဖွင့်အကြည့် သူ့အပေါ်ကို ရေပုံးတစ်လုံးကိုင်ပြီး ပြုံးစေ့စေ့နဲ့ မိုးကြည့်နေတဲ့ မှန်တောကိုအတွေ့ ဒေသစိတ်နဲ့ မှန်တောရဲ့ မျက်နှာက မျက်မှန်ကိုဆွဲချွတ်ပြီး အိပ်ရာပေါ်လွှင့်ပစ်လိုက်တယ်။

မှန်တောအခက်တွေ့ပြီ၊ လက်ထဲကရေပုံးကိုအသာချ၊ လက်နှစ်ဖက်က လျှောက်ရမ်းသမ်းစမ်း၊ ကျွန်တော်က ရေတွေနဲ့လူးလဲအထ ကျွန်တော့်ပေါင်ကြားလာအခွဲမှာ မှန်တောရဲ့လက်ကို ဖြတ်ရိုက်ချလိုက်ပြီး

"ဘာလုပ်းတောလဲမှန်တော၊ လူကြီးလူကောင်း အိပ်မောကျနေတာကို။ ဘာကြောင့် နှိုင်းပူစော်ကားရတာလဲ"

"ဟော့ကောင် အရုဏ် ငါ့ကို အဲလိုတော့ပညာမပြပါနဲ့ကွာ။ မင်းသွေးမျက်မတတ် ထအော်နေလို့ တစ်ခုခုများဖြစ်နေသလားလို့ ငါက စေတနာရဲ့ရေလောင်းလိုက်တာ"

"ကောင်းကွာ.. မင်းကိုစိတ်လည်းဆိုး .. ကျေးဇူးလည်းတင်"

အရုဏ်က ပြောပြောဆိုဆို အိပ်ရာပေါ်က မျက်မှန်ကို ကောက်ယူပေးလိုက်တော့မှ မှန်တောက မျက်မှန်ကိုတပ်လိုက်ပြီး




"ဘယ်လိုဖြစ်တာလဲ အရုဏ်ရယ်။ တောတောစီးစီး ဘာပယောဂ မိစီးတာလဲ"

အရုဏ်က ပြုံးစေ့စေ့ဖြင့် 'သိချင်ရင်ပြောပြမယ်။ ဒါပေမယ့် ဗိုက်ဆာတာတယ်။ ဝါးရင်းစားရင်း ပြောကြမယ်လေကွာ"

"နေဦးကွ .. ဒီနေ့ ထုံပေ စားဖို့ကျူတိလေ .. ငါ မီးဖိုထဲ ဝင်ကြည့်လိုက်ဦးမယ်"

ပြော၍မဆုံး။ နောက်ဖေးမီးဖိုဆီမှ အနံ့တစ်ခု အိပ်ခန်းဆီသို့ လူးလွန့်၍ တိုးဝင်လာသည်။

"ဟာ.. အိုးတူးတဲ့ညှော်နံ့ကွ"



www.burmeseclassic.com



နှစ်ယောက်တစ်သံပြိုင်ထွက်သွားသည်။ သူတို့ မီးဖိုဆီ အပြေးဝင်သွားတော့ ဂတ်(စ်)မီးဖိုပေါ်က လက်ကိုင်အယ်ပြားလေးထဲက ကြက်ဥပေါင်မုန့်ကြော်သုံးချပ်က ဂေါ်ရင်ကိုပေါင်မုန့်ကြော်ဖြစ်နေပြီ။

"တောက် .. ထုံပေ .. ဟော့ကောင်ထုံပေ"

"ဒီကောင် ဘယ်ရောက်သွားပြီလဲ .. လိုက်ရှာရအောင်"

ဂတ်(စ်) မီးဖို ပိတ်လိုက်ပြီး ရေအိမ်ဖက်ကိုသွားပြီး တံခါးကို ပိတ်ထုလိုက်သည်။

"ထုံပေ .. ထုံပေ .. ဟော့ကောင် ထုံပေ"

တံခါးက ချက်ထိုးမထား။ အလွယ်တကူ ပွင့်သွားသည်။

လားလား .. ဘိုထိုင်ကမုတ်ပေါ်မှာ ခြေတစ်ဖက်ကို အကျချိတ်ပြီး အလဲဗင်းဂျာနယ်ဖတ်ပြီး အီးပါနေတဲ့ကောင် .. ဘယ်လောက်ကြာပြီမသိ။ နာမည်နဲ့လိုက်အောင် ထုံပေအေးစက်တဲ့ကောင်။

"ဟော့ကောင် .. ထုံပေ မီးဖိုပေါ်က ပေါင်မုန့်ကြော်တွေ ဘာတွေဖြစ်သွားပြီလဲ။ မင်းခုချက်ချင်း ထွက်ကြည့်စမ်း"

ခုမှ ထုံပေ ဂုန်ဆေနဲ့ထပြီး မီးဖိုရှိရာအပြေးသွားသည်။ မီးဖိုပေါ်က ပေါင်မုန့်ကြော်ကိုကြည့်ပြီး သူ့မျက်နှာ ဂေါ်ရခါးသီးလို ရှုံ့သွားသည်။

"အဲဒီကိစ္စ မင်းဘယ်လိုရှင်းမလဲ ထုံပေ"

"အင်း .. အဲ ... ဒီကိစ္စ နောက်မှရှင်း လောလောဆယ် ငါအီးမဆေးရသေးဘူး"





ထုံပေ အိမ်သာထဲသို့ ပြေးဝင်သွားသည်။ ဖွီး .. အဲသလောက်ကို ထုံပေပေနိုင်တဲ့ကောင်ပါပေ။ နောက်ဆုံးမတော့ ရေနွေးပူပူစိမ်ထားတဲ့ ခေါက်ဆွဲပြုတ်၊ ကော်ဖီသုံးခွက်နှင့် သူတို့ဘရိတ်ဖတ် လိုက်ကြသည်။ မှုန်တေ ခေါက်ဆွဲပြုတ်ကို တူနဲ့ညှပ်ပြီး ရှူးခနဲပါးစပ်ထဲ ဆွဲယူလိုက်သည်။ ထဖျတ်ဖျတ်နဲ့ အရသာခံလိုက်ပြီးမှ

"အရူးထစ်စားတဲ့ကောင် .. မင်းရဲ့ကြောက်စရာအသံကြီး အကြောင်းပြောအုံးလေ"

ထုံပေက ဘာမှနားမလည်သလို မျက်လုံးတွေက ဖားပြုတ်မျက်လုံးလို ပေကလပ်ပေကလပ်နှင့်

"ဘာဖြစ်လို့လဲကွ။ ပြောပါဦး"

အရူးထစ်က ဒီလိုကွ အစချီပြီး သူ့အိပ်မက်ဆန်းကို မှုန်တေနှင့် ထုံပေကို အစအဆုံးပြောပြသည်။ အိပ်မက်ဆုံးသည်နှင့် ထုံပေက

"မင်းပြောပုံအရဆိုလျှင် အိပ်မက်ထဲက ကောင်မလေးက အဝတ်ပါးပါးလေးနဲ့ဆိုတော့ .. အဟီး သူ့တစ်ကိုယ်လုံး မြင်နေရတာပေါ့။ ဇာတ်လမ်းလေးများဖြစ်လိုက်ပါတော့ကွာ"

"ထုံပေ မင်းကအညှီသိပ်ကြိုက်တာ။ ငါတို့က အချစ်သန့်သန့်လေး။ သူက ငါ့နဖူးကို ဖွဖွနမ်းပြီး ကောင်းသောညဖြစ်ပါစေရှင့်လို့ ဆုတောင်းသွားတာ"

မှုန်တေက ကော်ဖီကို သောက်လိုက်ပြီး

"တော်စမ်းပါ အရူးထစ်ရာ။ အိပ်မက်ဆိုတာ အကောင်းစားထည်



www.burmeseclassic.com

www.burmeseclassic.com



ရှိတာမဟုတ်ဘဲနဲ့ မရှုပ်စမ်းပါနဲ့ကွာ"

"အေး .. ဘယ်လိုဖြစ်ဖြစ် ကြည့်နူးစရာလေးပျောက်သွားတာတော့ စိတ်ဆိုးတယ်။ ဒါပေမယ့် မင်းငါ့ကိုမနိုးရင် ဘာတွေဆက်ဖြစ်မလဲ။ အချိန်မီနိုးလိုက်လို့ မင်းကို ရှဲ .. ရှဲ .. ကမ္ဘာ"

အရုဏ်က မြန်မာပြည်ရဲ့ ထိပ်တန်းဂျာနယ်တစ်စောင်မှာ ဂရပ်ဖစ်ဒီဇိုင်နာ၊ ဂျာနယ်ရဲ့ခေါင်းစီးစာတန်း မျက်နှာဖုံးကနေ တစ်စောင်လုံးအဆုံး။ အရုဏ်ရဲ့လက်ရာ ဒီသီတင်းပတ်ကာဗာစတိုရီက ကမ်းခြေဘိ(ချ်)မှာရှိတဲ့ ဟိုတယ်နဲ့ တိုးလုပ်ငန်းအကြောင်း ကာဗာတင်ရမှာ ကွန်ပျူတာထဲက ပုံတွေကို တည်းဖြတ်နေရင်း ဘေးနားက ဒီဇိုင်နာမလေးကို အရုဏ်လှမ်းမေးသည်။

"မချိုရည် ... ကာဗာပုံတွေရပြီလား"

"ရှင် ... ကျွန်မကပုံတွေကို အရုဏ်ရပြီးပြီထင်တာ"

"ခုထိကိုမရသေးတာ .. မချိုရည်ဓာတ်ပုံဆရာ တဆိတ်လောက်ခေါ်ပေးပါဗျာ"

မချိုရည်ထွက်သွားပြီး ခဏအကြာ ဓါတ်ပုံဆရာနှင့်အတူပြန်ဝင်လာသည်။

"ဆရာ ... ကျွန်တော့်ကိုခေါ်တယ်ဆို"

"ဟုတ်တယ် ... မင်းတို့အလုပ်လုပ်တာ သိပ်ပေါ့ဆတယ်။ ဂျာနယ်တွေပဲထွက်တော့မယ်။ ဘယ်မှာလဲ ကာဗာဓါတ်ပုံတွေ မင်းတော့အလုပ်ပြုတ်ချင်ပြီနဲ့တူတယ်"



"ကျွန် .. ကျွန်တော် ပုံတွေအလင်းအမှောင်နဲ့ ကာလာတွေ Touching လုပ်နေလို့ နည်းနည်းနောက်ကျသွားတာ။ ဒီတစ်ခါခွင့်လွှတ် ပါဆရာ"

သူတို့နှစ်ယောက်ပြောနေတာကိုကြည့်ပြီး ဘေးနားက ဒီဇိုင်နာမလေး ရှည်မျောမျောမျက်နှာနောက်က ပွန်းမျက်လုံးအစုံပြူးကျယ်လာသည်။

ဓာတ်ပုံဆရာက လက်နှစ်ဖက်နောက်ပစ်ပြီး ကျိုးနွံဟန်ဖြင့် မဲ့ တရှိုလေးရပ်နေသည်။ အရုဏ်က ဓါတ်ပုံတွေကို ထပ်ပုံစီကြည့်ပြီး

"ကောင်းမင်း လူကလေး သိပ်တော်တယ်။ ပုံတွေ အရမ်းကောင်းဘဲဗိုးကောင်း"

ဘေးနားက ဒီဇိုင်နာမလေး ဘယ့်နှယ့်ပါလိမ့်ဟူသောအကြည့်ဖြင့် သူတို့နှစ်ယောက်ကို နားမလည်စွာကြည့်သည်။ မှန်ပါသည်၊ စောစောက ခပ်တည်တည်ပြောနေပြီး ပုံတွေမြင်မှ ပေါတောတောဖြစ်သွားပုံမှာ မည်သူမဆို အတွေးချောင်ချင်စရာ။

အရုဏ် နောက်ဆုံးပုံကို အပြန်ပြန်အလှန်လှန်ကြည့်နေသည်။ ဓါတ်ပုံဆရာက အထိတ်တလန့်လန့်ဟန်ဖြင့် ဓါတ်ပုံကိုလှမ်းကြည့်သည်။

"ဘာများအမှားအယွင်းရှိလို့လဲဆရာ"

အရုဏ်က သူ့နားထင်ကို လက်ညှိုးလေးကွေးကောက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး။ ဒီနေရာကို ဘယ်မှာဖြင့်မှုသလဲလို့ တွေးနေတာပါ"

အရုဏ်က ထိုင်နေရာမှ ဝုန်းခနဲထရပ်လိုက်ပြီး သူ့ညာလက်ကို ဆန့်ထုတ်လိုက်ကာ

"ကွန်ကရက်ကျူလေးရှင်း ဖိုတိုဂရပ်ဖာ ... ပုံတွေ အားလုံးကောင်းတယ်" ဓာတ်ပုံဆရာကလည်း သူ့လက်ကိုဆွဲကိုင်ပြီး နှုတ်ဆက်လိုက်ကြသည်။

"ကျေးဇူးပါဆရာ"

"ဓါတ်ပုံဆရာကို ဂုဏ်ပြုတဲ့အနေနဲ့ ကော်ဖီတိုက်မယ်။ လာဗျာ ကော်ဖီဘားကို သွားကြရအောင်"

သူတို့နှစ်ယောက် ဖြတ်အသွား ဘေးနားက ဒီဖိုင်နာမလေးမှ သက်ပြင်းသံမျှင်းမျှင်းကို သူတို့ကြားလိုက်ရသည်။

ကော်ဖီဆိုင်ထဲရောက်တာနဲ့ အရုဏ်ကတည်ထားတဲ့ သူ့မျက်နှာကြီးကို ဖြိစမ်စပ်လုပ်ပြီး အားရပါးရ ရယ်ချလိုက်သည်။

"ဝါး .. ဟား .. ဟား ... ဝါး ... ဟား .. ဟား"

သူ့ကိုကြည့်ပြီး မှုန်တေလည်း မနေနိုင်တော့ဘဲ ခွက်ထိုးခွက်လန် ရယ်နေလိုက်တာ။ ဘေးနားမှာ ဝိတ်တာချာတိတ်လေးလာချိန်မှ အရယ်ရပ်သွားတယ်။ ကော်ဖီနှင့်မုန့်များ မှာယူပြီး မှုန်တေက





"မင်းကျွာ နာမည်နဲ့လိုက်အောင် အရုဏ်စားတဲ့ကောင်ပဲ။ ငါတောင်အစပိုင်းက ကြောင်သွားတယ်။ နောက်မှ ပေါက်သွားပြီး လိုက်ပေးလိုက်တာ"

ထိုကာလတော့ ဒီဖိုင်နာမလေးချိုချည် ဒီတိုက်ကိုရောက်လာသည်မှာ သိပ်မကြာသေး။ သူကလူသစ်။ အရုဏ်နှင့်မှုန်တေက တစ်အိမ်ထဲ အတူနေပြီး တစ်တိုက်ထဲအတူတူ။ ဒါကို ချိုချည်မသိ။ သူတို့နှစ်ယောက် စကားများဆိုရန် ချိုချည်တစ်ယောက် မျက်လုံးပြူးလိုက်၊ နားကားလိုက်နှင့် ရတက်ပွားနေခြင်းကို အရုဏ်နှင့်မှုန်တေတို့ ကော်ဖီဆိုင်ရောက်မှ ဟန်ဆောင်ထားသမျှ ပွင့်ထွက်ပြီး ဘရိတ်မရှိ လွှတ်ထွက်သွားခြင်းပင် ဖြစ်သည်။

"တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုကို ရယ်မောခြင်းနဲ့ အပန်းဖြေပါစေတဲ့"

"အလို ... ဘယ်ဟုတ်ပါလားမှုန်တေ"

"ငါပြောတာမဟုတ်ဘူး။ ပညာရှိတွေရဲ့ အဆိုအမိန့်ကွ"

"ဟုတ်ကဲ့ ... မှတ်ထားပါ့မယ်"

အရုဏ်က ကော်ဖီသောက်ရင်း မှုန်တေ့လက်ထဲက အယ်လ်ဘမ်ကို လှမ်းယူပြီး တစ်ပုံချင်းလှန်ကြည့်သည်။

"မှုန်တေ .. ဒီနေ့မင်းယူလာတဲ့ ဆင်းန်တွေ ပုံတိုင်းကောင်းတယ်ကွ"

"အဲဒီပုံတွေ အယ်လ်ဘမ်နောက်ပိုင်းမှာ ငါထည့်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒီပုံက အနန်းလက်ကို မိုးကရောင်ခံပြီး ရိုက်ထားတာ။ ပိုကောင်း သွားတယ်”

“ဟာ”

အရုဏ်ပါးစပ်အဟောင်းသားနှင့်ပုံကို ဆက်မလှန်ဖြစ်။ အတွေး ထဲမှာ ဘယ်အချိန်၊ ဘယ်အခါ၊ ဘယ်တုန်းက ဒီနေရာကို သူတွေ့ဖူး သလဲ။ ခေါင်းထဲမှာ တစ်စီစီနဲ့ အတွေးတွေ ဆူပွက်လာသည်။

“ပြောင်း”

မှုန်တေ့နှုတ်ခမ်းနဲ့တေ့လျက် သောက်လုဆဲဆဲ ကော်ဖီခွက်က တုန်ခါပြီး ကော်ဖီစက်တွေ ဖိတ်စင်သွားသည်။

“ဟာ .. ဟော့ကောင် ဖြည်းဖြည်းလုပ်ပါကွာ။ မင်းနမူး ခြင်ရိုက်တာက ပုံးကွဲတာကျနေတာပဲ .. ဒီမှာ ငါ့ကော်ဖီတွေ ဖိတ်ကုန် ပြီ”

အရုဏ်က မှုန်တေ့နားရွက်ကို လှမ်းဆွဲလိုက်ပြီး

“မှုန်တေ .. လာစမ်း ဒီပုံကို မင်းဘယ်မှာရိုက်လာတာလဲ”

“ဟော့ကောင် .. မင်းလက်ကို အရင်လွှတ်ဦး။ ဟိုဘက်ဝိုင်းက ကောင်မလေးတွေ ကြည့်နေတယ်”

အရုဏ်လက်လွှတ်လိုက်တော့မှ ပုံကိုကြည့်ပြီး

“ဒါ .. ချောင်းသာဘိချ်မှာ ရိုက်ခဲ့တာလေ”

“မင်းတို့ကို ငါပြောပြတဲ့ အိပ်မက်ထဲက ကျောက်တန်းလေးကွ”

“ဟာ .. မဖြစ်နိုင်တာကွာ။ မြန်မာပြည် ပင်လယ်ကမ်းရိုးတန်း





တစ်လျှောက် ဒီလိုကျောက်တန်းမျိုးတွေ အများကြီး မရှားစမ်းပါနဲ့။ အရုဏ်ရာ”

အရုဏ်က ပုံကိုသေသေချာချာကြည့်ပြီး

“ဟုတ်တယ်။ လုံးဝကိုဟုတ်တယ်။ ဒီနေရာလေးက မြေသွားပြီး ဒီနေရာလေးက လှလှားလို ကျောက်ထစ်တွေ၊ အလယ်မှာ လူတစ်ထိုင် လောက်ရှိတဲ့ ကျောက်ခုံ။ ဟိုဘက်က လှေတွေလို ကျောက်ဆစ်နဲ့ ဟုတ်တယ်။ ဒီနေရာမှ ဒီနေရာအစစ်”

မှုန်တေက အရုဏ်ကို လှမ်းကြည့်ပြီး ခေါင်းကိုတွင်တွင်ခါသည်။ ဒီကောင် အိပ်မက်ညတွေများပြီး ချောင်သွားပြီလားမသိ။ ဟုတ်ပါ သည်။ အိပ်မက်ဆိုသည် ဖမ်းဆုပ်၍ရနိုင်သော အရာမဟုတ်။ ဒြပ်ထု မရှိ၊ သိစိတ်၊ မသိစိတ်တို့၏ စေညွှန်ရာကို မြင်မက်ခြင်းသာ ဖြစ်၏။

သို့အတွက် အရုဏ်၏အိပ်မက်သည် သူတို့အတွက် အဆန်း တကြယ်မဟုတ်သော်လည်း အရုဏ်အတွက် အရေးပါသော အကြောင်းအရာဖြစ်နေခဲ့လေသည်။

ဂျာနယ်တွေ တစ်ခေတ်ဆန်းလာချိန်မှာ ဂျာနယ်ပေါင်းစုံ ပလူပျံ နေချိန်လား၊ ပဒူပျံနေချိန်လားမပြောတတ်။ ပလူပျံတာဖြစ်နိုင်သည်။ ဟောတစ်စောင်၊ ဟောတစ်စောင် တစ်စောင်ပြီးတစ်စောင် ရောင်လို့ မလွတ်။ နောက်တော့ ပလူတောင်ပံကျွတ်သလိုမျိုး တဖုတ်ဖုတ်နဲ့ ပြုတ်ကျ။ တင်ကျန်နေတဲ့ ဂျာနယ်တွေထဲမှာ အရုဏ်တို့ဂျာနယ်က



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ခုံများ၊ ကျွန်ုပ်များကျောက်ရုံး အပြင်အဆင်၊ အတွင်းစာသား အထား အသို၊ သတင်းဦး သတင်းထူး၊ နိုင်ငံစီးပွား၊ လူမှုရေး၊ ကျန်းမာရေး အားကစား၊ ဂီတနှင့် အနုပညာအစုံစုံကို ဘက်စုံထောင့်စုံအောင် မလစ်ဟင်းအောင် တင်ဆက်နိုင်တာမို့ ရေပန်းစားတဲ့ ဂျာနယ် တစ်စောင်ဖြစ်ခဲ့တာပေါ့။ အရုဏ်အလုပ်ပြီးချိန်မှာ မှုန်တေမရှိတော့၊ အိမ်ပြန်နှင့်ပြီ၊ မှုန်တေအလုပ်က အငြိမ်မဟုတ်။ မြို့တွင်း အောက်ဒိုး၊ နယ်အောက်ဒိုးထွက်ပြီး သတင်းဓါတ်ပုံတွေရိုက်ရသည်။ တိုက်မှာ အချိန်ပြည့်မရှိ။ အရုဏ် အိမ်ကိုပြန်ရောက်တော့ မှုန်တေနှင့် ထုံပေ အလုပ်ရှုပ်နေကြသည်။ အိမ်ထဲဝင်လာတာ သူတို့မသိ။ သူတို့ နောက်ကျောကို လက်နှစ်ဖက်နှင့်ထောက်လိုက်ပြီး

"တစ်ယောက်မှမလှုပ်နဲ့" သူတို့နှစ်ယောက်ငြိမ်သွားပြီး

"ငအရုဏ် .. အာရုံလာမစားနဲ့။ ဒီမှာအလုပ်ရှုပ်နေတာ" ခရီးဆောင်အိတ်ထဲကို အဝတ်အစားတွေ၊ ပစ္စည်းတွေထည့်ပြီး အလုပ် ရှုပ်နေကြသည်။

"အောင်မာ .. မင်းတို့နှစ်ယောက် ကျိုက်ထီးရိုးသွားမလို့ ကျိတ်တိုင်ပင်တာပေါ့ခွေးကောင်တွေ"

သွေးအေးတတ်တဲ့ထုံပေက

"ဟေ့ကောင် .. မင်းက ဂျာနယ်တိုက်ထဲမှာနေပြီး အန်းတိတ် မနေသာဖြစ်နေပြီ။ ငါတို့ အလေနဲ့သွားဟာမဟုတ်ဘူး"





"ငါက အန်းတိတ်မနေသာဆိုရင် မင်းက လေလွင့်မနေသာ။ ဟေ့ကောင် ထုံပေ၊ မင်းအကြောင်းမပါဘဲ ဘာကိစ္စလိုက်သွားမှာလဲ။ ဒီကောင် တစ်သက်လုံး အောက်ဒိုးသွားနေကျ အပျော်မလိုဘူးကွ"

"မင်း အောက်သွားပြီ။ ဒီခေတ်မှာ လူတိုင်းကျန်းမာဖို့ အပျော်ဆောင်တာဆိုတဲ့ ဆောင်ပုဒ်တောင်ရှိသေးတယ်" မှုန်တေက ထုံပေဘက်ကာ ဝင်ကာသည်။

"အကယ်ဒမီပေးပွဲရှိတယ်လေကွာ။ အဲဒီပွဲမှာ မင်းသမီးလေးတွေ အဆိုတော်တွေ၊ မော်ဒယ်မလေးတွေကို ငမ်းချင်လို့ ငါ့ရဲ့ဝေယျာဝစ္စတွေ ဆောင်ရွက်ပေးဖို့ ကပ္ပိယအဖြစ်နဲ့ လိုက်ပါရစေဆိုလို့ ခေါ်သွားရမှာ"

"သွားကြ .. သွားကြ တစ်ယောက်မှ ပြန်မလာလည်း ကောင်း တယ်"

အရုဏ်က ခပ်ဆတ်ဆတ်ပြောပြီး ထမင်းစားခန်းထဲ တန်းဝင် သွားသည်။

"မှုန်တေ့ လွဲပါစေ၊ ဖယ်ပါစေ"

ထုံပေနှင့် မှုန်တေပါ ထမင်းစားခန်းထဲ ဝင်သွားလိုက်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com





ကျောက်ဆောင် .. တကယ့်ကျောက်ဆောင်မဟုတ်။ အမေ ပေးတဲ့နာမည်။ ဘာကြောင့်များ ဒီနာမည်အမေပေးခဲ့တာလဲ။ ယောကျ်ားလေးတစ်ယောက်ဟာ လောကကြီးကို ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်နိုင်ဖို့ ကျောက်ဆောင်ကျောက်ခဲလို မာကျောရမယ်တဲ့။ ဒါ အမေ့ရဲ့ဒဿနပါ ဘဝဟာ ကြမ်းတမ်းခက်ထန်တဲ့ အလုပ်သင်ဆရာနဲ့ တူတယ်တဲ့။ သိပ်မှန်တဲ့စကား။ ကျောက်ဆောင် သိတတ်စအရွယ်မှာ အဖေမရှိ တော့။ အမေ့အပြောအရ အဖေ ပင်လယ်ကြမ်းပြင်မှာ အိပ်နေသည်တဲ့





ကလေးအဝတ်တွေနဲ့ အဖေနဲ့ အတူလိုက်ပြီးအိပ်ချင်နေတော့တာ။ အမေက သားအဖေလို လုံးဝမဖြစ်အောင် ရွာကျောင်းမှာ ပညာသင်ပေးတယ်။

အမေဟာ တကယ့်ယောကျ်ားပီသတယ်။ ရွာရှင်ပြုမှာ ရိုက်ထားတဲ့ အမေ့ပုံတစ်ခွန်းတစ်စမှာ ကြေးညှိရောင်အသား။ ရင်အုပ်ကားကားနဲ့ ဖလတောင့်တောင့်နဲ့။ အိမ်ဦးခန်း ထရံကြားက ဓါတ်ပုံထဲမှာ ကံကောင်းထောက်မစွာ မြင်တွေ့ခွင့်ရတယ်။

ကျောက်ဆောင်တို့သားအမိအတွက် အမေထားခဲ့တဲ့ ပိုင်ဆိုင်ခွင့် တွေက ဆယ်ဂဏန်းမျှသာရှိတဲ့ အုန်းခြံနဲ့ အောက်ဖက်မှာ ရေဝင်နေတဲ့ ချောင်းတစ်ချောင်း။ အိမ်ရှေ့အပေါ်အောက်မှာ အကြော်ခြင်း တွေနဲ့ ထွင်းလုံးလှေကြီးတစ်စင်း။ ဒီလှေကြီးရယ်၊ ပင်လယ်ပြင်ရယ်၊ အမေရယ်၊ မွေးကင်းစသားလေးရယ် အဖေ့ဘဝ၊ အဖေ့အသက်တဲ့။ ကျောက်ဆောင်သည်မျှသာ သိခွင့်ရှိသည်။ သည်ထက်တာမျှ ပိုမသိခဲ့။

နံနက် အရုဏ်ကြက်တွန်သည်နှင့် ဖေါ်အုန်းရင်အိပ်ရာထ၊ မျက်နှာသစ်ပြီး ဘုရားဝတ်ပြုသုံးဆယ့်တစ်ဘုံသားတွေကို မေတ္တာပို့ အမျှပေးဝေပြီး မီးဖိုချောင်ထဲဝင် မြေကရားအိုးကြီးထဲကို ရေထည့်ပြီး မီးမြှိုက်တော့တာပဲ။ ရေနွေးဆူတာနဲ့ ပင်လယ်ငါးခြောက်ပြားတစ်ပြား ကို မီးခဲရဲရဲမှာဖုတ်ပြီး ဆီစိမ်းလေးဆမ်းလိုက်ရင် သားအမိနှစ်ယောက် မနက်စာအတွက် အသင့်ဖြစ်ပြီ။ ကျောက်ဆောင်အိပ်ရာနိုးတော့

www.burmeseclassic.com



အိမ်ရှေ့အုန်းပင်ရိပ်မှာ အမေမနိုင့်တိုင်ပစ်နေသည်။

"အမေရေ .. သားနိုးပြီ"

"အေးအေး .. သားမျက်နှာသစ်ပြီးရင် ထမင်းကြမ်းနဲ့ ငါးခြောက်ဖုတ်ပန်းကန် ဒီကိုယူခဲ့ဟေ့ ကျောက်ခဲဆောင်"

ထမင်းကြမ်းနဲ့ ငါးခြောက်ဖုတ်ပန်းကန်ကိုယူလာပြီး အမေ့အနား မှာထိုင်သည်။ အမေ့ အနားမှာ ခနိုပျစ်တွေ အတော်များသည်။

"အမေကလည်း ခနိုသောတွေ သားဆင်းဆယ်ပေးမှာပေါ့။ အမေ ကိုယ်တိုင် မဆယ်ပါနဲ့လို့ ပြောနေတဲ့ဟာကို"

"သားအိပ်နေတာ မနှိုးချင်လို့ အမေကိုယ်တိုင် ဆယ်ခဲ့တာ ကဲ ကဲ ထမင်းစားရအောင်"

အမေက မြေပန်းကန်လုံးထဲကို ရေနွေးငှဲ့လိုက်ပြီး ကျောက်ခဲဆောင် ရှေ့ကို ချပေးသည်။

ခနိုပျစ်တွေဖြစ်လာဖို့ ကျောက်ခဲဆောင်နှင့်အမေတို့၏ လုပ်အား တစ်ဝက်စီပါသည်။ ကျောက်ခဲဆောင်က အရွက်ရင့်ရင့်ခနိုတွေကို ခုတ် သည်။ ခနိုရွက်တွေကို သပ်ချပြီး သူ့လက်တစ်ပွေ့လောက်ရလျှင် ကြိုးနဲ့စည်းပြီး ခနိုခင်းထဲမှာ ဆားငံရေစိမ်သည်။ ခနိုရွက်စိမ်းစိမ်း တွေ ဆားရည်ဝလျှင် နီလာသည်။ ခနိုသောတွေကို ကျောက်ခဲဆောင် ဆယ်လာပြီးလျှင် အမေက ခနိုပျစ်ပစ်သည်။ တကယ်တော့ သူတို့ မိတွယ်ရာ တံတိုင်းကြီးပြိုလဲခဲ့သော်လည်း သူတို့သားအမိနှစ်ယောက်၏





မေတ္တာသည်ပင် ခိုင်မာသောတံတိုင်းအဖြစ် တည်ရှိနေတော့သည်။

"အမေ .. သားကျောင်းသွားတော့မယ်"

"ဩော် .. အေးအေး .. လမ်းမှာလျှောက်ဆော့မနေနဲ့ဦး။ စာကို ရှုစိုက်ပြီးသင်နော် ကြားလား"

"ဟုတ်ကဲ့ဗျ"

လွယ်အိတ်စလွယ်သိုင်းပြီး အုန်းပင်တွေကြား ပြေးထွက်သွားသည့် ကျောက်ခဲဆောင်၏ကျောပြင်ကို အမေငေးကြည့်နေသည်။ သူ့မျက်စေ့ ထဲမှာ ပျောက်သွားတော့မှ အမေခနိုပျစ်ကို ငုံ့ထိုးနေသည်။

"ငါ့သား ကျောက်ခဲဆောင့်လေး ... ပညာတတ်ဖြစ်မှ ပညာ တတ်ရင် သူ့အဖေ ကိုညိုအေးလို"

အတွေးနဲ့အတူ အေါ်အုန်းရင်မျက်လုံးအစုံက မှုန်ဝါးလာသည်။ ကျောက်ခဲဆောင်လေးသုံးနှစ်သားအရွယ် အမေ အားမာန်အပြည့် ဖူးဖူး ဘာသာဝင်တွေပီပီ သားယောက်ျားလေးမွေးဖွားခြင်းသည် သာသနာ့ ဆောင်အတွက် ရှင်ဒကာ၊ ရှင်အမ ရဟန်းဒကာ၊ ရဟန်းအမဖြစ်ခွင့် ကို ရရှိခဲ့သည်။

"အုန်းရင်ရယ် .. ငါတို့သားလေးအရွယ်ရောက်ရင် ရှင်ပြု လျှကြီးလုပ်ဖို့ ငါပိုပြီးကြိုးစားရမယ်။ သားဦးလေးမွေးတော ငါတော့ သိပ်ဝမ်းသာတယ်"

"အို .. ကိုညိုအေးကလည်း မွေးတဲ့အမေက ပိုပြီးဝမ်းသာမှာပေါ့ ရှင်တော် .. သားမွေးတဲ့အမေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်ကိုမွေးပြီးနောက် သူတို့မိသားစု အဆင်ပြေခဲ့သည်။ ငွေကြေးစုဆောင်းမိပြီး သစ်သားအိမ်လေးပင် ဆောက်နိုင်ခဲ့သည်။ ကမ်းခြေတစ်လျှောက် အုန်းပင်တွေထဲမှာ ကိုယ့်ခြံနှင့်ကိုယ့်အိမ် ဆောက်လုပ်ထားသည့်မို့ တစ်အိမ်နှင့်တစ်အိမ် အလှမ်းကွာလှသည်။ သည့်လို အလှမ်းကွာပေမယ့် ငါးဖမ်းလိုက်သမားတွေရဲ့ ကြားမှာတော့ ကိုညိုအေးသတင်းကမွှေးသည်။

"ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးမှာ ညိုအေးရဲ့ဝီရိယကို ဘယ်သူမှ မမှီဘူး"

"ဟုတ်ပ .. ကံ၊ ဉာဏ်၊ ဝီရိယသုံးခုသာ ပေါင်းလိုက်ရင်တော့ တို့ကမ်းခြေမှာ ညိုအေးကို ဘယ်သူမှ မမှီဖို့ . . . ဇွဲ"

ကောင်းကင်က ညိုညစ်ညစ်၊ ပင်လယ်ပြင်ဆီ နိမ့်ဆင်းလာတဲ့ နေလုံးကို သူ့ရဲ့တိမ်မှိုးတွေနဲ့ ရစ်လိုက်ပစ်လိုက်၊ ဖုံးလိုက်အုပ်လိုက်နဲ့ ရန်စနေသလိုမျိုး သဘာဝက သူ့အလုပ်သူလုပ်၊ လူတွေကလည်း ကိုယ့်အလုပ်ကိုယ်လုပ်၊ ငါးဖမ်းလိုက်လှေတွေ ပင်လယ်ပြင်ဆီကို ဦးတည်နေကြပြီး နီးစပ်တဲ့လှေတွေက တစ်ယောက်နဲ့တစ်ယောက် သတိပေးကြနဲ့။ ပင်လယ်ပြင်ရဲ့အလုပ်ချိန်၊ တချို့လှေတွေက ကောင်းကင်အနေအထားကိုကြည့်ပြီး ကမ်းခြေနဲ့မနီးမဝေးမှာ ပိုက်ချကျန်ခဲ့တယ်။ တချို့က ကမ်းခြေမမြင်ရတဲ့နေရာတွေထိ သွားနေကြတယ်။ တာဝေး အပြေးသမားတွေလိုပေါ့။

"ဟေ့ .. ညိုအေး .. ဒီနေ့ ရာသီဥတုသိပ်မကောင်းဘူး





သိပ်အဝေးကြီးမသွားနဲ့ဇေ့"

"အေး .. အေး"

နှစ်ခွန်းသာပြန်ပြောပြီး ပင်လယ်ရေနက်ပိုင်းအထိ လှော်သွားပြီးမှ ပိုက်ချလေ့ရှိတယ်။ ပိုက်ချလို့မှမပြီးခင် မိုးတိမ်မည်းတွေက နေလုံးကြီးကို အနိုင်ယူလိုက်ပြီး နေမဝင်သေးခင်မှာပင် ပင်လယ်ပြင် တစ်ခုလုံး မှောင်ကျသွားတယ်။ ပင်လယ်ထဲက အော်ဟစ်ကျူးဝါးသံတွေနဲ့အတူ လှိုင်းလုံးတွေ မောက်ကြွလာတယ်။ ကောင်းကင်ထက်က မိုးသီးမိုး ပေါက်တွေကျလာပုံဟာ ရဟတ်ယာဉ်ပေါ်ကနေ စက်သေနတ်နဲ့ပစ်ချနေတာထက် ပိုဆိုးတယ်။ အခြေအနေဆိုးလာပြီမို့ ကိုညိုအေး လှေ ထဲမှာကျန်နေတဲ့ပိုက်ကို အထွေးလိုက်မပြီး ပစ်ချနေတုန်းမှာ သေဆင်နှာမောင်းလို လေကတော့ကြီးက လှေကိုဆွဲယူလွှင့်ပစ်လိုက်သလို အမြင့်ကြီးပါသွားပြီး မှောက်ချလိုက်တယ်။

လှေနံနှစ်ဘက်ကို ဆုပ်ကိုင်ချိန်မရခင်မှာပဲ လှေတခြား လူတခြား ဖြစ်ပြီး ပင်လယ်ထဲကို ပြုတ်ကျသွားတယ်။ ရေလှိုင်းပေါ်ပြုတ်ကျချိန်မှာ လှေကို အနီးအနားမှာ တွေ့မလားလို့ ကူးခတ်ရင်း ရေမလှိုင်းလုံး တစ်လုံးအောက်မှာ ကိုညိုအေးနစ်မြုပ်သွားသည်။ နောက်လှိုင်းတစ်လုံး ထိုးတင်လိုက်စဉ်မှာ ကိုညိုအေးဘုရားကို အာရုံပြုသည်။ ပြီးတော့မှ ချစ်ဆင် .. သား .. သားလေးရေ အော်သံများနှင့်အတူ ပင်လယ် လှိုင်းများအောက်ဆီသို့ တဖြည်းဖြည်းမြုပ်၍မြုပ်၍ သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သား ... သား ... သား

အဖေ ... အဖေ

အရှက်အိပ်ရာမှ လန့်နိုးလာသည်။ အိပ်ရာဘေးမှ ရေဘူးကို လှမ်းယူပြီး မော့ချလိုက်သည်။ တစ်ကိုယ်လုံးချွေးစေးတွေပျံလို့။ သူ့အိပ်ရာဘေး စာကြည့်စားပွဲပေါ်ကမီးကို ဖွင့်သည်။ လက်မနှစ်ဖက်နှင့် နားထင်ကြောတွေကို ဖိထားရသည်။ နှလုံးခုန်သံတွေကို နားထဲမှာ ကျယ်လောင်စွာ ကြားရသည်။

"အဖေ ... ငါ့အဖေ"

"မဟုတ်ဘူး .. မဟုတ်ဘူး အဖေက မန္တလေးမှာ"

"အဖေ ဘာဖြစ်လို့လဲ" ဟိုအသိစိတ်က သူ့နားထင်သွေးကြောများ ဖောင်းကြွလာသည်ထိ စိုးရိမ်စိတ်ကြီးမားလာသည်။

စာကြည့်စားပွဲပေါ်က ဟန်းဖုန်းကို အားအင်မရှိတဲ့လက်နဲ့ ဖြည်းဖြည်းချင်းလှမ်းယူလိုက်သည်။ ဖေဖေ့ဟန်းဖုန်းကို အရင်ခေါ်တယ်။ ခေါ်မရ။ ဖုန်းကပိတ်ထားသည်။ အိမ်ဖုန်းကို ဆက်တော့လည်းမရ။ အရှက်တော်တော် စိတ်ညစ်သွားသည်။

ဒီအိပ်မက်သည် အရင်ဆုံးမက်ခဲ့သောအိပ်မက်နှင့် ဆက်စပ်မှု ရှိနိုင်သည်။ တိုက်ဆိုင်မှုမဖြစ်နိုင်။ ဒီအကြောင်းအရာကို အရှက် စိတ်ဝင်စားလာသည်။ ဒီညအဖို့ သူ ပြန်အိပ်ရမည်မဟုတ်။ မှတ်မှတ်ရရ





ဖြစ်စေရန်အတွက် သူမက်ခဲ့သောအိပ်မက်အကြောင်းအရာများကို ဒိုင်ယာရီစာအုပ်တွင် ရေးမှတ်လိုက်ပြီး အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲချလိုက်သည်။ သိပ်မကြာလိုက်။ အရှက်တစ်ယောက် နှစ်နှစ် ခြိုက်ခြိုက် အိပ်မောကျသွားသည်။

"တူ .. တူ .. တူ ... ကလူ

တူ ... တူ .. တူ ... တူ"

တယ်လီဖုန်းလှူခေါ်သံသည် ငှက်ဆိုးထိုးသံလို အရှက်၏နားထဲသို့ ရှူးရှူးဝါးဝါးတိုးဝင်လာသည်။

"တောက်"

တောက်တစ်ချက်ခေါက်လိုက်ပြီး ဖုန်းရှိရာဧည့်ခန်းဆီ ပြေးထွက် လိုက်သည်။ ဖုန်းနားရောက်မှ ရင်ထဲကို အလုံးတစ်လုံးဝင်ဆောင့်သည်။ ဒီအချိန်ကြီးမှ အရေးတကြီး ဖေဖေ့ဆီက မန္တလေးဖုန်းများလား ရင်ထဲမှာ ပူလောင်သွားသည်။ ဖုန်းကို လေးလံစွာကောက်ကိုင်လိုက် သည်။

"ဟဲလို ... ဘယ်သူများပါလဲ"

တစ်ဘက်မှအသံသေးကြောင်ကြောင်တစ်ခု နားထောင်ခွက် သတ္တုပြားကို လာတိုးသည်။

"ဟော့ကောင် .. အရှက် ငါပါကွ။ ထုံပေပါ"

"ဗိုး .. ဘာဖြစ်လို့ အချိန်မတော်ကြီးဖုန်းဆက်တာလဲ။ မင်းအိပ် ဆဝပြောင်းသွားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .. ဒီနေ့ ငါတို့ကားနဲ့ ပြန်လာမှာ မင်းပါးစပ်က မဦးမချွတ်"

"အဲဒါမျိုး မိုးလင်းမှ ဆက်ရောပေါ့ကွာ"

"ဟော့ကောင် .. ငါ့ကို ဖုန်းခဏပေး"

ဒါ မှုန်တေရဲ့အသံ

"အေရှုံး မင်းဘာဖြစ်နေတာလဲ .. နေကောင်းရဲ့လား။ ငါတို့က မင်းကို သတိရနေတာ။ စောစောစီးစီး နှောင့်ယှက်သလို ဖြစ်သွားတာ ဆောရီးကွာ"

"အေးကွာ .. လူက နေကောင်းပါတယ်။ စိတ်မကောင်းတာ ငါအိပ်မက်ဆိုးတွေမက်တယ်"

"ဟေ .. အေးအေး .. ဒီနေ့ညနေ ငါတို့ရောက်မယ် ဒါပဲ"









"ကိုအရှုံး ... ကိုမိုးတင့်လွင်တို့ ဘယ်တော့ရောက်မှာလဲ"

မိုးတင့်လွင်ဆိုတာ မှုန်တေရဲ့အနွယ္ဈအမည်သညာ။ ဆဲမနာဆိုမနာ သူငယ်ချင်းတွေပေမယ့် အလုပ်ထဲမှာတော့ ဂုဏ်သိက္ခာအရ နာမည် ပြောင်ကို မခေါ်ပါ။ မခေါ်မိအောင် သတိထားနေရသည်။ ဒီမိုင်နာမလေး ချိုရည်က မှုန်တေ့ကိုမေးနေသည်။

"ဪ ... ကင်မရာမင်းလား ဒီနေ့ညနေ ပြန်ရောက်မယ်လေ။ ဒီနေ့တော့ တိုက်ကိုရောက်မှာမဟုတ်တော့ဘူး။ ဘာကိစ္စရှိလို့လဲ"

"မရှိပါဘူး။ အကာယ်ဒမီဓါတ်ပုံတွေ ကြည့်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန်ဆိုရင် ဓါတ်ပုံဆရာရော၊ ဓါတ်ပုံတွေရော ကြည့်ရမှာပါ"

"ရှင် ..."

အရှထ်မသိချင်ယောင်ဆောင်ပြီး စကားလမ်းကြောင်းပြောင်းသည်။

"မရှိုးရည် ... ဟို .. မျှော်စင်ကျွန်းလိုက်(ဗ်)ရှိုးသတင်းတွေ စီပြီးသွားပြီလား"

"ရှင် ... လိုက်(ဗ်)ရှိုးသတင်းလား။ စီပြီးသွားပြီ။ ကိုအရှထ်ရဲ့ ပုံတွေချိန်ပြီးရင်ရပြီ"

"ဒီဇိုင်နာကိုအရှထ် .. အယ်ဒီတာချုပ်က ခဏလာခဲ့ပါတဲ့"

"ဪ .. အေး အေး ခု လာခဲ့မယ်"

ဒီနေ့ဝင်လာတဲ့ သတင်းနဲ့ ဓါတ်ပုံအချို့ယူပြီး အယ်ဒီတာချုပ် ရုံးခန်းရှိရာ အပေါ်ထပ်သို့ တက်သွားသည်။

ပြီးခဲ့တဲ့အပတ်က ဂျာနယ်ဟောင်းတစ်စောင်ကို အယ်ဒီတာချုပ် စိတ်ဝင်စားကြည့်နေ၍ သူ့စားပွဲရှေ့မှာ ခေတ္တမျှရပ်နေစဥ်

"ထိုင် ... ထိုင်ပါ မောင်အရှထ်"

"ကျွန်တော့်ကိုခေါ်တယ်ဆိုလို့"

"ဟုတ်တယ် ... မောင်အရှထ် ဂျာနယ်အကြောင်းနဲ့ ပြောချင်လို့"

"ဗျာ... ဂျာနယ် ဘာဖြစ်လို့လဲ"





ဂျာနယ်တွေ အရောင်းကျနေချိန်မို့ အရှထ်စိတ်ပူသွားသည်။

"ဂျာနယ်တွေအရောင်းကျချိန်မှာ ဦးတို့ဂျာနယ်က စောင်ရေ တောင်ပိုတိုးလာတယ်"

အရှထ်မျက်နှာဝင်းခနဲဖြစ်သွားသည်။

"အဲဒါနဲ့ ကျွန်တော်က"

"အဲဒါ မောင်ရင်တို့အားလုံးရဲ့ကြိုးစားမှုပေါ့။ ပြီးခဲ့တဲ့အပတ်က ဂျာနယ်ရဲ့ကာဗာမှာ ဓါတ်ပုံဆရာရော၊ ဒီဇိုင်နာရော၊ ဆောင်းပါးတင်ပြ သားပုံရော အားလုံးကောင်းတယ်။ မောင်ရင်တို့ စိတ်ကူးစိတ်သန်းတွေ ဆန်းသစ်နေသမျှ ဆက်ပြီးအောင်မြင်မှုရနေမှာ။ ဂျာနယ်စောင်ရေ တိုးလာတာနဲ့ မောင်ရင်တို့ဝန်ထမ်းတွေလည်း ခံစားခွင့်ပိုတိုးလာမှာ နဲ့စပ်ရာဝန်ထမ်းတွေကိုလည်း ဦးရဲ့စကားကို တဆင့်ပြောပြလိုက်ပါ။ ကဲကဲ .. သွားနိုင်ပါပြီ"

ရုံးခန်းထဲက ပြန်ထွက်လာသော အရှထ်ခြေလှမ်းတွေ သွက်လက် နေပါနေသည်။

"မင်္ဂလာပါ"

အိမ်ထဲဝင်လိုက်သည်နှင့် ထုံပေနှင့်မှန်တောက ဆီး၍ပြောင်သည်။ အရှထ်က ထပ်ပြန်လောင်သည်။

"မင်္ဂလာပါတယည္ဆိုတို့"

"ကြွက်မသားတွေ ငါ့ကိုအိပ်ရေးပျက်အောင် အချိန်မတော်ကြီး လှုပ်ဆော်တယ်။ မင်းတို့ကိုဒဏ်ပေးရမယ်။ ကဲ .. ငါ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘာပါခဲ့လဲ''

''မင်္ဂလာရှိတဲ့ညနေခင်းမှာ မင်္ဂလာအစီအစဉ်နဲ့ မင်းကို ညွှန်ခံမှာပါ။ ဟဲဟဲ ... ထမင်းစားခန်းကိုကြွ''

ထိုပေက ''ရှလွှား''ကနဲ လျှာကိုသိမ်းလိုက်ပြီး လှမ်းပြောသည်။

''ငါ့ကို ရေချိုးဖို့အချိန်တော့ပေးကွာ''

''ကောင်းပြီ .. မင်းရေချိုးတုန်း အခမ်းအနားပြင်ဆင်လိုက်မယ်''

..........

ရေပန်းအောက်ဝင်လိုက်သည်နှင့် ကိုယ်ရောစိတ်ပါ လန်းဆန်းပြီး အားအင်တွေပြည့်လာသည်။ စိတ်က သီချင်းတစ်ပုဒ်ကို ဆိုညည်းရင်း အသံထွက်လာသည်။

''အိပ်မက်ချိန်ထဲမှာ တွေ့ပေမယ့် ... တမေ့နိုးတဲ့အခါ ကွယ်ပျောက်သွားမှာ တကယ်နှမြောမိတယ် ... သိလား''

ရေချိုးပြီး ထမင်းစားခန်းထဲရောက်တော့ ကိုယ်တော်ချောနှစ်ယောက်က အသင့်ဖြစ်နေပြီ။ စားပွဲပေါ်မှာ ထမင်းပန်းကန်တွေ အဆင်သင့်။

''ဟား ... မွှေးလှချည်လား ... အုန်းထမင်းနံ့ပဲ''

''ဟုတ်တယ်လေ အုန်းထမင်းနဲ့ကြက်သားချက်တာ အသင့်ပဲ ဆရာ''

ထိုပေက အစားအသောက်၊ အချက်အပြုတ်မှာ ဝါရင့် ...





မှန်တေက ရေခဲသေတ္တာကိုဖွင့်ပြီး ရှည်မျှောမျှောပုလင်းညိုညို သုံးလုံးထုတ်လာသည်။

''ဖောင်း ... ဖောင်း ... ဖောင်း''

ပုလင်းသုံးလုံးကို ဖောက်တံဖြင့်ဖောက်လိုက်စဉ် ထွက်လာသော အသံဖြစ်သည်။ အမြှုပ်တစီစီထွက်လာပြီး ပုလင်းလည်တိုင်မှ စီးကျလာသည်။

''တိုက်ဂါး ... ဘီယာ''

''ဟေ့ကောင် မှန်တေ .. အဲဒါ ဘာလုပ်တာလဲ''

''ဟ .. အေရုဏ် .. ဒါမေးစရာလား သောက်ဖို့ပေါ့ကွ။ ဘာလဲ မင်းမကြိုက်ဘူးလား''

''မဟုတ်ပါဘူး ... ဘာနဲ့မြည်းရမှာလဲလို့''

''မင်းရှေ့မှာ ချထားတာအမြည်းပန်းကန်ပေါ့။ ငါတို့ပါလာတဲ့ တပ်ကုန်းပဲမွကြော်တစ်စေ့လောက် ဝါးကြည့်လိုက်''

''ဟား ဝွတ်ရှယ် .. ဂုရုကွေးကြီးဘာသာစကားနဲ့ဆိုရင် ကောင်းလှောင့်တေး .. ကောင်းလှောင့်တေး .. မင်းဘီယာသာ အမြန်ငုံ့လိုက်''

''ဂလွတ် ... ဂလွတ် ... ဝွပ် .. ဂလု''

အရုဏ် ဘီယာခွက်ကို တစ်ခါထဲ မော့ချလိုက်သည်။ မှန်တေက အရုဏ်ကို ရှုံ့မဲ့မဲ့ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... မကြိုက်တတ်တဲ့ပုံနဲ့ နွားကြီးရေသောက်တာကျနေတာပဲ"

"လူမှုဆက်ဆံရေးညံ့တဲ့ကောင် .. မင်းအတွက် သတင်းကောင်းယူလာတာ ... မပြောတော့ဘူး"

"ဆရာရုဏ်ရယ် ... ပြောမှားဆိုမှားရှိရင် အမိုက်အမဲလေးနဲ့ ခွင့်လွှတ်ပြီး ပြောပြပါခင်ဗျာ"

"ဟို ... လေးအောက်ဒီဖိုင်နာမလေးချိုညည်ကိုသိတယ်မလား"

"သိတယ်လေ .. ဘာဖြစ်လို့လဲ"

"မင်းကိုမေးနေတယ်။ ကိုမိုးတောင့်လွင်ကြီး ပြန်မရောက်သေးဘူးလားတဲ့"

"ချိုညည် .. ချိုညည်က ငါ့ကိုမေးတယ် ... ဆက်ပြောလေကွာ"

"ဘာဖြစ်လို့လဲမေးတော့ ... သူပြန်လာရင် အကယ်ဒမီပုံတွေကြည့်ချင်လို့တဲ့။ အဲဒါ ငါက နက်ဖြန်ကျရင် အကယ်ဒမီပုံတွေရော ဓါတ်ပုံဆရာပါ ကြည့်ရမယ်လို့ ပြောလိုက်တယ်"

"မင်း .. မင်းကွာ ငါ့ကိုဒီအတိုင်းနေတာ မကြည့်ချင်ဘူးလား"

"ဟော့ကောင် ... မင်းက ပကျွနုပ်လို့လား"

"ကျွနုပ်ပါတယ် .. လူ့ဘဝမှာ ပျော်စရာလေးတွေနဲ့ဆို ကျွန်စရာကောင်းတာပေါ့"





"အေး .. မနက်ဖြန်ကျရင် ဓါတ်ပုံတွေနဲ့ ပဲမွှေကြော်တစ်ထုပ်လောက် လက်ဆောင်ပေးလိုက်ပေါ့"

"အေး ... ကောင်းကွယ်"

သူတို့နှစ်ယောက် စကားကောင်းနေတုံး .. ပဲမွှေကြော်ပန်းကန်တစ်ဝက်လောက် ထုံပေ့လက်ချက်နဲ့ကုန်ပြီ။

"ဟော့ကောင် ထုံပေ"

ထုံပေလန့်ပြီး ပန်းကန်ထဲကလက်ကိုရုတ်သည်။

"မင်းကလည်း စကားတွေပြောလိုက်တာ ဆူညံနေတာပဲ"

"အကယ်ဒမီပွဲတက်ခဲ့တဲ့ မင်းအတွေ့အကြုံရှင်းပါဦး"

သည်တော့မှ ထုံပေအသက်ဝင်လာပြီး

"ဟာ .. ဒီပွဲကတော့ လန်းတယ်ဟေ့ .. လာလိုက်တာ အလန်လေးတွေချည်းပဲ"

အရုဏ်က ဘီယာခွက်ကိုချလိုက်ပြီး

"ဘာတွေကလန်းတာလဲ .. ဘယ်နိုင်ငံကအလုံလေးတွေ လာလို့ သဲ"

"အရုဏ် .. အရုဏ် မင်းဘဝကို ကျာ[illegible]တိုက်ထဲမှာ မသေစေနဲ့၊ မင်းခေတ်ပေါ် လန်းငွေ့ချိုနဲ့ ဝေးသွားပြီ"

"ဟော့ကောင် .. သမားဂုဏ်လာမပြနဲ့။ ငါရူးချင်ယောင်ဆောင်နေတာ။ ပြောစရာရှိဆက်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"အေး .. ဟုတ်သား .. ဘယ်တောင်ရောက်သွားပြီလဲ"

မှုန်တေက ကြားဝင်၍ စကားဆက်သည်။

"အလန်းလေးတွေ လာတာကွာ"

"ဟုတ်တယ်ကွ .. အဲဒီမှာ ပန်းပေါင်းစုံပွင့်တဲ့ ဥယျာဉ်ကြီးထဲ ရောက်နေသလိုပဲ။ မော်ဒယ်တွေ၊ အဆိုတော်တွေ၊ ရုပ်ရှင်သရုပ်ဆောင်တွေအားလုံးကို ဒီမှာ တစ်ထိုင်တည်းအစုံတွေ့ရတာကွ"

စကားပြောနေရာက ရုတ်တရက်ထပြီး ထုံပေအပြင်ထွက်သွားသည်။ အတော်ကြာတော့ လက်ထဲမှာ စာအုပ်တစ်အုပ်ယူပြီး ပြန်ဝင်လာသည်။ စာအုပ်ကို အရုဏ်လက်ကိုလှမ်းပေးပြီး

"ဟောဒီမှာကြည့်"

အရုဏ်က စာရွက်တွေကို တစ်ရွက်ချင်းလှန်ကြည့်ပြီး မဲ့ကာရွဲ့ကာနှင့်

"စာအုပ်အသစ်ထဲမှာ ဘောပင်နဲ့ ပဲတီပင်တွေ လျှောက်ခြစ်ထားတာ ဘာလုပ်လာပြတာလဲ"

"အာရုံလာစားနေပြန်ပြီ။ အော်တိုစာအုပ်ထဲမှာ သရုပ်ဆောင်တွေ အဆိုတော်တွေက အမှတ်တရလက်မှတ်ထိုးပေးတာကွ"

"မှန်း .. ပြစမ်းပါဦး"

မှုန်တေပါထလာပြီး ခေါင်းသုံးလုံးဆိုင်ကြည့်သည်။

ပန်းချီဆရာ ဒီဇိုင်နာအရုဏ် ... င်မြင်ကျော်ကြားသူတို့ ထိုးမြဲလက်မှတ် အငိုက်အဆွဲတို့ကို သေချာစွာကြည့်သည်။





"ဒါက ဇာ့ဝဲလက်မှတ်"

"ဘာ .. ကလေးလေးက လက်မှတ်ထိုးတတ်နေပြီလား"

"ငါစိတ်တိုလာပြီ။ အိန္ဒြာကျော်ဇင်ကိုပြောတာ"

ထုံပေက စာရွက်ကိုတစ်ရွက်ချင်းလှန်ရင်း လက်မှတ်ပိုင်ရှင်အမည်ကို ရွတ်သည်။

"ဒါက မယ်လိုဒီ .. ဒါက နန်းဆု .. ဒါက သဇင်"

"ဒါက .... ဒါက .... ဒါက ..."

"ငါမောနေပြီ။ မင်းတို့ဖာသာမင်းတို့ ဆက်ကြည့်တော့ကွာ"

စာအုပ်တစ်အုပ်လုံး လက်မှတ်တွေအပြည့်။ လှုံ့လဥဿာဟကောင်းလိုက်သည့်အကောင်။ အလုပ်သာ ဒီလိုကြိုးစားရင် ဘီလျံနာဖြစ်မယ့်ကောင်။ အဲ .. ထူးခြားတာတစ်ခုက သူ့အော်တိုစာအုပ်တွင် အမျိုးသားသရုပ်ဆောင်နဲ့ အဆိုတော်လက်မှတ်တစ်ခုမှမပါ။

"ဟေ့ကောင် ... မစွတာဘွန်း ... မင်းအော်တိုထဲမှာ ယောကျ်ားလက်မှတ်တစ်ခုမှမပါတာ ဘာကြောင့်လဲ"

"ဒါကတော့ ဒီလိုရှိတယ်လေ။ ငါက မိန်းကလေးမဟုတ်လို့ပေါ့"

သည်တစ်ခါတော့ ကျွန်တော်သတိမပြုမိသော အမှန်တရားကို ထုံပေက တူးဖော်ပေးခဲ့သည်။

"အင်း .. သူပြောတာလဲ ဟုတ်ပေသားပဲ"

စကားပြတ်သွားတော့ ထုံပေက ရေခဲသေတ္တာကိုဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းသုံးလုံးထပ်ထုတ်ပြီး ဖောက်တာန်ဖြစ်ဖွင့်သည်။ ပြီးတော့ ဖန်ခွက်ထဲကို လိုက်ငှဲ့သည်။

"ဟော့ကောင်မှုန်တေ .. ပဲမွကြော် ထပ်ထည့်ဦးလေကွာ"

"ဒါနဲ့ဆိုနှစ်ထုပ်ရှိပြီ။ နောက်ထပ်မရတော့ဘူးနော်"

မှုန်တေက အထုပ်ကိုဖောက်ထည့်သည်။ အရက်နှင့် ထုံပေက ငါသိပါတယ် ဟူသောအကြည့်ဖြင့်ပြုံးသည်။

"အကယ်ဒမီဘယ်သူတွေရလဲ ဆက်ပြောလေကွာ"

"ဟုတ်သားပဲ .. နေဦး အမျိုးသားဇာတ်ဆောင်က ဟိုဦးရန်လေး"

"ကိုရန်လေးပါကွာ"

"အမျိုးသားဇာတ်ပို့ဆုကရော"

"ဆံပင်ခပ်ဖြောင့်ဖြောင့်နဲ့ ခပ်မိုက်မိုက်ကွာ"

"ခပ်မိုက်မိုက်ဆိုတာ သရုပ်ဆောင်အသစ်လား"

"မဟုတ်ဘူးကွ။ အကြော် .. အကြော် ... သူ့နာမည်က ဖိုးကျော်ကွ"

"ပြီးပြီလား .. ဒီဆုက နည်းလှချည်လား"

"ဟာ မင်းကကြားဖြတ်ဖြတ်ပြောနေတော့ ငါကမေ့နေရော။ အမျိုးသမီးဇာတ်ဆောင်ထဲက နန္ဒာလှိုင်ရယ်။ နောက်တစ်ယောက်က မေဇင်သာဦး"





"ဖြောင်း"

ထုံပေ့ဇက်ပိုးကို မှုန်တေက လှမ်းအုပ်လိုက်ပြီး

"ပေါက်ပေါက်ရှာရှာ မေသဇ္ဇာဦးပါကွာ"

"အေး .. အေး ဟုတ်တယ်။ ငါမေ့ခါတတ်လို့ပါကွာ"

"နန္ဒာလှိုင်က ဘယ်ကားမှာရတာလဲ"

"တောင်သမန်အင်းထဲမှာ"

"တောင်သမန်အင်းထဲမှာ လှေလှော်တာလား"

အရက်က ဝင်ဖောက်သည်။ ကြာရင် ဒီကောင် ပိုဆိုးလာမည်။

"မဟုတ်ဘူးကွ။ တောင်သမန်သစ္စာ"

"ဒါရိုက်တာဆုက ဘယ်သူရလဲ မှန်အောင်ပြော"

"အရက်ကလည်း အထင်စေမောလိုက်တာ။ အကယ်ဒမီဆုများရှင် ဒါရိုက်တာကြီးက ကြေငြာတာလေကွာ။ ရေတွင်းထဲကဖြစ်တဲ့ ဒါရိုက်တာမောင်မျိုးမင်း ရေတွင်းဖြစ်လို့ ကြေငြာသွားတယ်။ မျက်မှန်နဲ့ ခပ်ချောချောကွ"

"ကြားလိုက်ရင် တလွဲချည်းပဲ။ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ကွ မသေမချင်းမှတ်ထား"

"စက်မှုပိုင်းဆိုင်ရာ ဆုတွေကရော"

"မမှတ်မိဘူးကွ။ ဓါတ်ပုံဆုရတာ မှတ်မိတယ် .. ပန်းနောသန်းညွန့်ဆိုလား"

အရက် စိတ်ထဲမှာ ထိန်းမရအောင် ကလိကလိဖြစ်လာပြီး ထုံပေ



www.burmeseclassic.com

www.burmeseclassic.com



နားရွက်ကို လိမ်ဆွဲလိုက်သည်။

"ဒီလောက်တောင် လွဲရသလားအကောင်ရဲ့"

"ဟာ မလွဲဘူး .. ဒီနာမည်ကို အသေအချာပဲ မင်းနဲ့ပါ လောင်းမလား"

"လာ '.. လာချည်းသေး။ သူကတောင် စိန်ခေါ်နေသေးရဲ့။ တစ်သက်လုံးမှတ်ထား။ ပန်းသာသန်းညွန့်ဆိုတာ ရုပ်ရှင်လောကမှာ မသိတဲ့သူမရှိဘူး"

"အေးလေ .. ငါက ရုပ်ရှင်လောကကမှမဟုတ်တာ။ အနုပညာလောကအစုံမှာ အထူးပြုတဲ့နာမည်တွေရှိတယ်လေကွာ။ ဥပမာ အရိုးတို့၊ စတုန်းတို့၊ သုံးပေတို့"

"ဘယ်က သုံးပေလဲ... သုံးပေကတစ်ကိုက်။ ငါကြားဖူးတာတော့ သုံးပေါင်ပဲ ကြားဖူးတယ်"

မှန်တေက လက်ခေါက်ပြီး

"ခုချိန်ကစပြီး ထုံပေရဲ့ အလွဲဖျော်ဖြေမှုအပြီးမှာ ပျော်ပျော်ပါးပါးနဲ့ ညစာစားမှာဖြစ်ပါတယ်ခင်ဗျား"

သူတို့သုံးယောက် ဘီယာရှိန်ငွေ့ငွေ့လေးနှင့် အုန်းထမင်းနဲ့ ကြက်သားကို ခေါင်းမဖော်တမ်းအပြိုင်စားနေကြသည်။ အချို့သောနေရာများတွင် သွေးအေးအေးနှင့် အပြိုတမ်းလွဲချော်နေတတ်သော်လည်း အချက်အပြုတ်အစီအမံတွင် ထုံပေသည် သူတို့ဆရာဖြစ်လေသည်။







အရုဏ်တစ်ယောက် ဓါတ်ပုံများကို ကွန်ပျူတာဖြင့် ချုံ့လိုက်၊ ချဲ့လိုက်၊ မလိုသည့်နေရာများကို ဖြတ်တောက်ပြီး တစ်ဘက်က ဒီဇိုင်နာချိုရည်ထံ လှမ်းပေးသည်။

"ကိုအရုဏ် ဓါတ်ပုံဆရာမရောက်သေးဘူးလား"

"နေ့လည်လောက်ရောက်မယ်ထင်တယ်။ ဘာလဲ သတိရနေလို့လား"

"အင်း .. ဟာ .. ကိုအရုဏ်ကလည်း ဘာတွေပြောမှန်းလည်း



www.burmeseclassic.com

မသိဘူး။ မှားကုန်ပြီ"

"မချိုရည်"

ချိုရည်က ဘာလဲဟူသော စူးစမ်းကြည့်ဖြင့် လှမ်းကြည့်သည်။

"ဟိုနေ့က ဒီချုပ်ကြီး ကျွန်တော့်ကို ခေါ်တာလေ"

"ဪ.. ဟုတ်ပါရဲ့ အဲဒီကိစ္စ ချိုရည်လည်း သိချင်နေတာ"

"ဂျာနယ်တွေစောင်ရေတွေကျနေချိန်မှာ ကျွန်တော်တို့တိုက်က စောင်ရေတိုးလာတာ ဝန်ထမ်းအားလုံးရဲ့ ကြိုးပမ်းမှုကြောင့် အောင်မြင်နေတာတဲ့။ ဒီအောင်မြင်မှုကို ဆက်ထိန်းဖို့နဲ့ ဝန်ထမ်းတွေရဲ့ အကျိုးခံစားခွင့်ကိုလည်း ထိုက်ထိုက်တန်တန်ဖြစ်စေရမယ်တဲ့။ အဲဒါ နီးစပ်ရာ အချင်းချင်း စကားလက်ဆောင်ပါးလိုက်ဖို့ ခေါ်ပြောတာ"

"လကုန်ရင်တော့ လစာတိုးမလားမသိဘူး။ ပျော်စရာကြီး"

ဝန်ထမ်းအားလုံး၏ စိတ်ချမ်းသာပျော်ရွှင်မှုသည် ဂျာနယ်တိုက်၏ တိုးတက်မှု အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ပေသည်။

ဒီနေ့ လုပ်စရာတွေ နေ့လည်ပိုင်းလောက်တွင် ပြီးသွားပြီး ပျင်းပျင်းနှင့် ကွန်ပျူတာဂိမ်းကစားနေစဉ် ဖြန့်ချိရေးဆက်ရှင်က နယူးပြောင်ကိုဦးရောက်လာပြီး

"အရုဏ် မင်းအားနေလား"

"မအားဘူး။ ဒီမှာအလုပ်လုပ်နေတာ။ ဘာလဲ လက်ဖက်ရည် တိုက်မလို့လား"





"လက်ဖက်ရည်တင်မဟုတ်ဘူး။ မုန့်ပါကျွေးဦးမှာ"

"အကူအညီလိုနေပြီထင်တယ်"

"ဟုတ်တယ် .. ဂျာနယ်တွေလိုက်ပို့ရမှာမို့လို့ မင်းအားရင် လိုက်ခဲ့ကွာ"

"ကူညီပေးရမှာပေ့ါ"

အရုဏ်စက်ကိုပိတ်လိုက်ပြီး ဖြန့်ချိရေးအကူလိုက်သွားကြောင်း အနီးရှိချိုရည်ကို လှမ်းမှာသည်။ သူတို့ဂျာနယ်က နံ့တူဗိုး မြို့တွင်း အိမ်အရောက်ပို့ ဝန်ဆောင်မှုပေးသည်။ တစ်စောင်ချင်းစီ ပလပ်စတစ်ပါကင်ပိတ်ပြီး ဂျာနယ်မှာသောအိမ်များကို ပို့ရသည်။

"အရုဏ် မင်းဆိုင်ကယ်မောင်းကွာ။ ငါပြောတဲ့ နေရာတွေမောင်း။ ငါက ဂျာနယ်မှာတဲ့အိမ်တွေကို လိုက်ပို့မယ်။ ပြီးရင် မုန့်ပေါက်စီနဲ့ လက်ဖက်ရည်တိုက်မယ်"

"ကြေးစကားမပြောနဲ့။ ငါလည်း တိုက်ထဲမှာ အာရုံညောင်းနေလို့ ထွက်လိုက်လာတာ"

"အေးပါကွာ။ မပြောတော့ဘူး"

အရုဏ်ဆိုင်ကယ်ကိုနှိုးသည်။ စက်နှိုးသွားသည်နှင့်

"ဘယ်ကိုအရင်မောင်းရမှာလဲ"

"ကမ္ဘာအေးဘုရားလမ်း"

ကမ္ဘာအေးဘုရားလမ်းတစ်လျှောက် အိမ်နံပါတ်၊ အိမ်ရှင်အမည်နှင့် တိုက်ပြီးပို့ရသည်။ ရဲရဲကြောင်း အိမ်ရှင်လက်မှတ်ပါထိုးယူရသည်။

www.burmeseclassic.com



ဖြန့်ဝေပုံစနစ်ကျသည်။ ဒါကြောင့်လည်း ဂျာနယ်အောင်မြင်တာ ဖြစ်မည်။ ဆိုင်ကယ်က တဖြည်းဖြည်း ရွှေကုတိုင်ဘက်ရောက်လာသည်။ မီးပွိုင့်ရောက်တော့ ညာချိုးပြီးကွေ့သည်။

"အရင်ဆုံး ရှေ့နားမှာရပ်လိုက်၊ ဒီ ယူနေတာဝါပေါ် တက်ရဦးမယ်"

သူ့ဆိုင်ကယ်ဦးထုပ်ကိုချွတ်လိုက်တော့ နဖူးပြင်မှာ ချွေးတွေရွှဲလို့ နှာသီးဖျားချွန်ချွန်ထိပ်က ချွေးပေါက်ကလေးက တောက်ခနဲ ပြုတ်ကျလာသည်။ အင်္ဂလိပ်သမားတစ်ယောက်က အောက်ဒိုးသွားနေရတဲ့ ဝန်ထမ်းများ၏ ပင်ပန်းမှုကို ခုမှ ကိုယ်တိုင်မြင်တွေ့ခံစားလိုက်ရသည်။ မြေနီကုန်းရောက်တော့ ကိုဦးအသံပျော့ပျော့ထွက်လာသည်။

"အရင်ဆုံး မြေနီကုန်းပန်းခြံနားမှာ ခဏနားမယ်ကွာ။ ဗိုက်ဆာလာပြီ"

"ရှေ့နားက လက်ဖက်ရည်ဆိုင်ရှေ့မှာ ရပ်လိုက်မယ်"

"အေး .. အေး ရပ်လိုက်တော့"

ဆိုင်ထဲရောက်တော့အငမ်းမရ ...

"လက်ဖက်ရည်နှစ်လုံးနဲ့၊ ပေါက်စီနှစ်ခွက်"

"ဟာ ... များကုန်ပြီ ဟေ့ ချာတိတ် မန်းပေါက်စီနှစ်လုံးနဲ့ ကျဆိမ့်နှစ်ခွက်အမြန်ချကွာ" မှာထားသည်များရောက်မလာခင် ရေနွေးနှစ်ခွက်ငှဲ့လိုက်ပြီး ရေနွေးပူပူကိုတစ်ခွက်ပြီးတစ်ခွက် မော့ချနေသည်။

"ကိုဦး ... မင်းကြည့်ရတာတော်တော်ဗိုက်ဆာနေပုံပဲ"

"ဟုတ်တယ် အရင်ဆုံး ငါကဗိုက်ဆာလာရင်နေလို့မရဘူး တစ်နေ့





တစ်ထားမှ မစားရင်ဗိုက်အောင့်ရော၊ အစာအိမ်နဲ့ဟယ်လေ"

"ဟာ ... ငါ့မှာလည်းအစာအိမ်ရှိတာပဲ"

"အရင်ဆုံးမင်းကတော့ပြောလိုက်ရင်ဒီအတိုင်းချည်းပဲ အစာအိမ်ရောဂါကိုပြောတာကွ"

ဒီတော့မှ အရင်ဆုံးကရယ်ကျဲကျဲလုပ်ပြီး

"ငါသိပါတယ်ကွာ ... မင်းစိတ်ပြောင်းသွားအောင်လို့ ငါက နောက်တာပါ"

စားပွဲထိုးကောင်လေးပေါက်စီလာချသည်။

"ချာတိတ် ... ဒါ ဝက်လား ကြက်လား"

"နှစ်လုံးစလုံး ဝက်ချည်းပဲ"

ကိုဦး ပေါက်စီတစ်လုံးကောက်ယူပြီး စက္ကူဖတ်တောင်မခွာဘဲ ဒီအတိုင်းဝါးစားပစ်လိုက်သည်။

"တော်တော်ဆိုးတဲ့ကောင် ... မင်းဗိုက်က မာရသွန်ပဲ"

အရင်ဆုံးပေါက်စီစားဖို့စက္ကူဖတ်ခွာနေစဉ် ကိုဦးပေါက်စီ မရှိတော့။ အလုံးလိုက် မျိုချလိုက်သလားမသိ။

"အင်း ခုမှနေသာထိုင်သာရှိသွားတယ်"

ကိုဦးလက်ဖက်ရည်ကုန်သွားတော့မှ အရင်ဆုံးပေါက်စီ စားလို့ကုန်တယ်။ သူ့နောက်ကို အမှီလိုက်ရင်းလက်ဖက်ရည်ခွက်ကို တစ်ခါတည်းမော့ချလိုက်တာ အသက်ရှူလမ်းကြောင်းထဲ လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားပြီး လက်ဖက်ရည်တောင်သီးကုန်တယ်။

"ဖူး... ဖလူး ... အဟွတ်.. ဟွတ်"

ကိုဦးကရေနွေးကြမ်းခွက်ကို မော့ချလိုက်ပြီး

"ဖူး.. ခြေထောက်ကိုတောင့်သွားတာပဲ။ ဒီတစ်ခါ ငါ ဆိုင်ကယ် မောင်းမယ်။ အိမ်တွေကိုမင်းလိုက်ပေးကွာ"

"ကိုယ်တော့်အလိုတိုင်းပါ"

သူတို့ဆိုင်ကယ်လေးက မြေနီကုန်းမီးပွိုင့်အလွတ်တွင် မီးသတ်ပိုက်ကထွက်တဲ့ရေပန်းလို ဝေါကနဲပြေးထွက်သွားပြီး ရှမ်းလမ်းထိပ်တွင် အရှိန်လျှော့ပြီးညာဘက်သို့ချိုးကွေ့လိုက်သည်။ ရှမ်းလမ်းဈေးရှေ့နားတွင်ဆိုင်ကယ်ကိုရပ်ပြီး ကိုဦးက ဂျာနယ်ပို့ ရမည့်အိမ်နှင့်အမည် စာရင်းကိုအရဲ့လက်ကို အပ်လိုက်သည်။ ပို့ရမည့်စောင်ရေသိပ်မကျန်တော့။ ဆယ်စောင် လောက်သာကျန် တော့သည်။ ကွန်ဒိုတိုက်ခန်းများဖြစ်၍ လှေကားထစ်များစွာ အဆင်းအတက်လုပ်ရသည်။ ရှမ်းလမ်းပြီးတော့ သံတံတားလမ်း ဝင်သည်။ သုံးစောင်ပဲရှိတော့သည်။ သံလမ်းခုံးကျော်တံတားထိပ် သံတံတားလမ်းဆုံးသည်။ ကိုဦးကဆိုင်ကယ်ကိုရပ်လိုက်ပြီး

"ကဲ သုံးစောင်ပဲကျန်ပါတော့တယ်။ ဒါပြီးရင်ဂိမ်းသွားပြီ"

ကိုဦးကပို့ရမည့်ကွန်ဒိုတိုက်ခန်းကို ညွှန်ပြသည်။

"အမလေး ... အမြင့်ကြီး"





"ကဲပါ ကောင်လေးရာ ... ဒါလေး ... အောင်းထား လိုက်စမ်း မင်းပြန်ဆင်းလာရင် ဟောဒီဆိုင်ကလေးမှာ အအေး တိုက်မယ်"

ကိုဦးလိုသာ အပတ်စဉ်လိုက်ပို့နေရရင်အခက်၊ အခုတောင်ဒူးက သိပ်မနိုင်ချင်၊ ကိုဦးကအရပ်ရှည်သလောက် အရိုးသန်တာဖြစ်မည်။ ဒီကောင်ငယ်ငယ်က ကယ်လ်ဆီယမ်ကွေကာသောက်တာဖြစ်မည်။ စိတ်ထဲမှာ ကိုဦးငယ်ငယ်ကပုံကိုတောင် ပုံဖော်ကြည့်လိုက်သေးသည်။ တောတွေးတောင်တွေးတွေးရင်း အပေါ်ဆုံးထပ်ကိုရောက်လာသည်။

"ဟာ သေကွာ။ အခန်းတွေကျော်လာပြီ"

စိတ်ပျက်လက်ပျက်ဖြင့် လက်နှစ်ဖက်စုံချပြီးဆင်းလာသည်။ အခန်းတစ်ဆယ် ဘီ ဟုတ်ပြီ။ တံခါးဘောင်မှာ ကပ်ထားသည့် လူခေါ်ဘဲလ်ကိုနှိပ်လိုက်သည်။ တော်တော်ကြာမှ ကြာဆံထွေး ဆံပင်ဖြူဖွေးနေတဲ့ တရုတ်မကြီးထွက်လာပြီး

"ဘာကိစ္စ ဆိုလို့လဲ"

"ဂျာနယ်လာပို့တာပါ" "ဒီမှာလက်မှတ်ထိုးပေးပါ"

လက်မှတ်ထိုးရမည့်အကွက်ကို လက်ထောက်ပြီး ဘောပင်လှမ်း ပေးလိုက်သည်။ တရုတ်မကြီးက လက်မှတ်မထိုးသေး။ အရဲ့မျက်နှာ ကိုလှမ်းကြည့်ပြီး

"အီရင်ပိုလှဲ့လူလဲမဟုတ်ဘူး။ အီရပ်ရှည်ရှည်လဲ့ ကြိုးကြာကြီး ဘာနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဦးကို မေးနေခြင်းဖြစ်သည်။

"ပါကွယ်။ သူ အပေါ်မတက်နိုင်တော့လို့"

"ခြော်"

အမှောင်အောက်ကိုဆင်းလာသည်။ အခန်းခြောက် 'အေ' ပျော်ဘဲလ်ကို နှိပ်လိုက်သည်နှင့် ချောင်းကြည့်ပေါက် မှန်ဘီလူးမှ ကြည့်လာသည်။ ချက်ချင်းတံခါးဖွင့်မလာ... နောက်တစ်ချက် ဘဲလ်သံနှိပ်လိုက်မှ ကျွီခနဲအသံနှင့်အတူ တံခါးပွင့်လာသည်။ ပိုးပုဆိုးနှင့် အဒေါ်ကြီးဆံပင်အိုးကို မျက်မှန်တပ်ထားသလိုမျိုး...

"ဘာနည်းလာပို့တာလား.. ဘယ်ဂျာနယ်တိုက်ကလဲ" အဒေါ်ကြီး အသံအားမနည်းနေရပြန်သည်။

"မဟုတ်.. ဂျာနယ်က ခါတိုင်းပို့နေကျပါ"

"ခောမီးကွယ်.. ခါတိုင်းပို့နေကျ အရှည်ကြီးမဟုတ်တော့ မှားနေမှာစိုးလို့ မေးနေတာပါကွယ်"

ဘက်မှတ်ရေးဖို့ စာရွက်နဲ့ ဘောပင်အဒေါ်ကြီးကို ပေးလိုက်ပြီး စိတ်ကစချင်လာသည်နှင့်

"အရှည်ကြီးက နိုင်ငံခြားသွားပြီ အန်တီရဲ့။ အဲဒါကြောင့် ကျွန်တော် လာပို့တာ"

"ခြော်.. အေး.. အေး ကောင်းတယ်။ ကောင်းတယ် အန်တီ့သားနှစ်ယောက်လည်း နိုင်ငံခြားမှာ တစ်ယောက်က ဂျပန် တစ်ယောက်ကဂျပန်"





"ဟုတ်.. ကျွန်တော့်ကို ခွင့်ပြုပါဦး အန်တီ"

စကားဖြတ်ပြီး လှည့်အထွက်

"သားရေ.. ခဏ.. ခဏလေး"

"ဗျာ" သူပြန်လှည့်လာသည်နှင့်

"အားတော့နာတယ်။ အန်တီ့ကို တဆိတ်လောက်"

တံခါးပေါက်နားက ရေသန့်ဘူးကြီးကို လက်ညှိုးထိုးပြီး

"အဲဒါလေး တဆိတ်လောက် ဟိုစင်ပေါ်တင်ပေးပါကွယ်"

"ရပါတယ်အန်တီ"

ရေသန့်ဘူးကို မတင်ပေးလိုက်ပြီး "ကျေးဇူးနော်အန်တီ" ဟု ပြောဆက်ပြီးဆင်းလာသည်။ အဒေါ်ကြီးက "အေး.. အေး" ဟု ပြောပြီးမှ ငါပြောရမယ့်စကားကို သူကပြောသွားတယ်။ ပြီးမှ တံခါးပိတ်သည်။ အရှေ့က ဂျာနယ်ပို့ရင်း လူ့မှန်ထမ်းအလုပ်လည်း လုပ်ခဲ့ရသည်ဟု မှတ်သားရင်း အောက်ထပ်သို့ ဆင်းလာသည်။ နောက်ဆုံး တစ်ဆောင်က အခန်းတစ်.. အေ.. ကဲ မြန်မြန်ပြီးပါ တော့ သူလည်းပန်းလှပြီ။ လူခေါ်ဘဲလ်ကို နှိပ်သည်။ အကြာကြီး ကြာကြီးနှိပ် အထဲက လှုပ်ရှားသံ ဘာမှမကြားရ။ လူက စိတ်မရှည် တော့။ တံခါးရွက်ကို လက်နှင့် တဝုန်းဝုန်းထုသည်။

"ငါကွာ.. တောက်"

ခြေအစုံကိုရပ်ရင်း ဘာလုပ်ရမှန်းမသိ။ လက်သီးနဲ့တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ထပ်ထုမည်အပြု တံခါးလက်ကိုင်ဘုက ထောက်ခနဲမြည်ပြီး တံခါးပွင့်လာသည်နှင့်အတူ ရန်တွေ့သံက အရင်ထွက်လာသည်။

\ "သေမလို့ တံခါးကို ဒီလောက်ထုနေရသလား"

တံခါးဆပ်ဟာဟာပွင့်နေရာမှ အသံရှင်ကိုမြင်ရသည်။ တံခါးတစ်ချပ်ပွင့်သွားတော့ ကျွန်တော့်ရင်အစုံ တုန်ခါသွားပြီး သူ့ပသံကိုယ်လုံး တဆတ်ဆတ်တုန်လာသည်။ နက်မှောင်သွယ်ပျောင်းသော ဆံနွယ်ညှော့ရှည်ချထားသည့်မျက်နှာ နာတံပြောင့်ပြောင့် နှုတ်ခမ်းရဲ သူ ပါလျလည်တိုင်သည် ကျွန်တော့်မသိစိတ်အာရုံတွင် ယနေ့ထိ စွဲထင်နေတုန်းမှာပင် သူမနှင့် ဟိုက်တိုက်ဆိုင်ဆိုင် တွေ့နေရပြီ။

"သူ.. သူမ သူအစစ်.. အိပ်မက်ထဲက ကျွန်တော့်ချစ်သူ"

သူမကို ငေးအားသင့်စွာ ငေးမောမင်တက်မိနေစဉ်

"...ဘိုလဲရှင့်"

ကျွန်တော့်နှုတ်က ဘာမှပြန်မပြောမိ။ ညှို့မိနေသူတစ်ယောက်လို ပိတုန်းရောင်ဆံနွယ်တွေနဲ့ လိုက်ဖက်ညီစွာ ဆင်မြန်းထားသော ပန်းနုရောင်ဂါဝန်ရှည်ကြီးက သူမအလှအပကို ပိုပြီးပီပြင်စေတယ်။ ကျွန်တော့်နှုတ်ကစကားလုံးတွေ တုန်ခါပြီး ထွက်လာတယ်။

"ကျွန်... ဂျာနယ်ပို့တာပါ.. ဒီ.. ဒီနေရာလေးမှာ တဆိတ်လောက်လက်မှတ်ထိုးပေးပါ"

ကျွန်တော့်လက်ပေါ်...။ လက်မှတ်ထိုးဖို့





ဘောပင်လှမ်းယူပေးလိုက်စဉ် အားအင်ချိနဲ့နေသောလက်က ဘောပင် ပြုတ်ကျသွားသည်။

"ဆောရီး"

နှုတ်ကအသံထွက်နှင့်အတူ ဘောပင်ကို ကောက်လိုက်စဉ် သူမနှင့်ကျွန်တော့်လက်က ဘောပင်မှာလာဆုံပြီး ထိခတ်သွားသည်။ ကျွန်တော့်ရင်တွေ ပူနွေးသွားသည်။ ကျွန်တော့်မျက်လုံးအစုံက သူ့ခြေဖမိုးပေါ်က နီညိုရောင်အမှတ် အသားတစ်ခုကို မြင်လိုက်ရသည်။ ဘောပင်ကိုကောက်ယူပြီး သူမနှစ်လိုဖွယ်ပြုံးပြရင်း

"ဆောရီးနော်"

ကျွန်တော့်ခြေထောက်တွေ .. ကြာကြာရပ်နိုင်စွမ်းမရှိတော့ ညွတ်ကျလာသည်။ သူမ လက်မှတ်ထိုးပေးရင်း ပေးပို့သူ၏ လက်မှတ်နေရာကိုကြည့်သည်။ပြီးတော့ ဘောပင်နှင့်စာရွက်ကို ပြန်ပေးပြီး

"ရှင့်နာမည်"

"အရုဏ်ပါ"

ရပ်တန့်နိုင်စွမ်းမရှိသည့်အဆုံး ဂျာနယ်ကိုသူ့လက်ထဲ ထည့်ပြီး ပြေးထွက်သည့်ဆင်းနေစဉ် သူမအသံ တစ်စွန်းတစ်စနှင့်အတူ တံခါးပိတ်သံကိုကြားလိုက်ရသည်..

"နာမည်လေးကအဆန်းပဲ"

"ဝုန်း ..."



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်အခုံး ရောက်တော့ဟန်မဆောင်နိုင်၊ အရုပ်ကြီးပြတ် ထိုင်ချလိုက်ပြီးရင်ဘတ်ကိုဖိထားသည်။

"ဖူး"

သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်စဉ်ကိုဦးက ကျွန်တော့်ရှိရာကို စိုးရိမ်တကြီးမေးလာပြီး

"ဟော့ကောင်အရူးကော ဘာဖြစ်လို့လဲ.. မင်းကိုင်ါစော ... ကြာလှပြီ"

"ဘယ်လိုနေလို့လဲ ... "

"နှလုံးရောဂါ .. နှလုံးရောဂါပေါ့ကွာ"

ကိုဦးမျက်လုံးပြူးသွားပြီး ....

"ဒါဆိုရင် နီးရာဆေးခန်းဝင်ပြရအောင်"

ဒီတော့မှ ကျွန်တော်ကအားရပါးရရယ်ချလိုက်ပြီး...

"ဆေးခန်းပြလို့မရတဲ့ အချစ်ရောဂါ။ နှလုံးရောဂါကွ"

"သံတံတား သဘာဝကြီးရည်စစ်စစ်"တဲ့။

ပေါက်တီး ပေါက်ရှာ ဘယ်ဆိုင်မှာကြံရည်အတုရမလဲ။ ကြံရည်နှစ်ခွက်မှာပြီးချိန်အထိ နှလုံးခုန်သံကနားစည်ကို လာဆောင့်နေဆဲ။ ကိုဦးကကြံရည်ခွက်ထဲက ပလပ်စတစ်ပိုက်ကို လက်မနှင့်ပိတ်ကာဆွဲထုတ်လိုက်ပြီး လက်မကိုကြွလိုက်သည်။ ပိုက်ထဲက ကြံရည်စက်တွေကျလာသည်။ အရက် ... ကိုဦးလုပ်ရပ်ကိုကြည့်ပြီး

"အဲဒါ .. ဘာလုပ်တာလဲ"





ကိုဦးကသူ့ကိုစိတ်ပျက်ဟန်ဖြင့်..

"မင်းတော်တော်ထူတာ။ အတူကြီးပဲ။ အဲဒါပိုက်ငုံ သန့်တာလေကွာ"..

ပလပ်စတစ်ပိုက်ကိုခွက်ထဲပြန်ထည့်လိုက်ပြီး ကြံရည်ကိုစုပ်ယူလိုက်သည်။ပြီးတော့မှ

"တိုက်ပေါ်ကဆင်းလာပြီး .. မင်းဘာရောဂါထတာလဲ"

"အဲဒီတိုက်ပေါ်မှာအချစ်နဲ့ပြန်တွေ့တာမောင်ရင်ရေ့ မင်းလာခေါ်လို့သူနဲ့ပြန်တွေ့တာ ... ကျေးဇူးတင်လွန်းလို့ အအေးဖိုးရှင်းလိုက်မယ်"

"အခုမှသူနဲ့ပြန်တွေ့တာဆိုတော့ အရင်တည်းက ကြိုက်ခဲ့တာ ဟား"

ကိုဦးကစိတ်ဝင်တစားမေးလာသည်။ အရူးကလည်း တလေးတစားပြောပြချင်လာသည်။

"အရင်ကတည်းက သူနဲ့ငါဟာ ချစ်သူတွေဖြစ်ခဲ့ဖူးတယ်ကွ အဲအဖြစ်က ဒီလို ... "

အရူး၏ အဖြစ်ဆန်းနောက်သို့ကိုဦးတစ်ယောက် စီးဆင်းမျောပါသွားတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





မျက်မှန်တဝင် ခင်းနှင့် မှုန်တေတစ်ယောက် ဒီဖိုင်ခန်းထဲသို့ ဝင်လာသည်။ အရှုတ်စားပွဲရှေ့မှာရပ်ပြီး ,, အစာသုံက်တော့မည့် ကိုးတစ်ကောင်လို ဟိုကြည့်ဒီကြည့်လုပ်နေသည်။ မှုန်တေအခန်းထဲ ဝင်လာကတည်းက ချိုရည်လှမ်းမြင်သည်။ သူကမသိချင် ယောင်ဆောင်ပြီး ကွန်ပျူတာဆက်နှိပ်နေသည်။ မှုန်ဟာဆက်ရပ် နေရခက် ပြန်ထွက်ရခက်နေစဉ် ရုတ်တရက် ချိုရည်ကလှမ်းခေါ်သည်။

"ကိုမိုးတင့်လွင် ... ကိုအရှုတ်လာရှာတာလား"

ကျိုးကန်တောင်းမှောက်ဖြစ်နေရာက ကျိုးကန်းတစ်ကောင်လို





တွန့်ဆုတ်တွန့်ဆုတ်နှင့် ချိုရည့်စားပွဲနားကပ်သွား၏။

"ကိုအရှုတ်ဘယ်သွားလဲမချိုရည်"

"ကိုအရှုတ် ပြန့်ချိရေးက အရည်ကြီးနဲ့အောက်ဆိုးလိုက် သွားတယ်။ ဒီကိုပြန်လာမှာမဟုတ်ဘူးထင်တယ်။ မှာစရာရှိမှာခဲ့လေ ... "

မှုန်တေ နည်းနည်းသွက်လာသည်။

"ကိုအရှုတ်မရှိလည်း မချိုရည်နဲ့ပြီးပါတယ်"

"ရှင် ... ဘာပြီးတာလဲ ကိုမိုး"

မှုန်တေကသူ့စကားကိုဖြတ်ပြီး

"ကိုမိုးလို့ခေါ်လည်းရပါတယ်။ မချိုရည်ပင်ပန်းမှာစိုးလို့"

ချိုရည်မျက်မှန်နောက်ကမျက်လုံးအစိပ်ပြူးယ်ကို မှုန်တေ ကိုကြည့်သည်။

"ဩော်ဒီလိုပါ .. မချိုရည်ကိုမှာခဲ့ရင်လည်းပြီးပါတယ် လို့ပြော တာ .. ခုတစ်ပတ်ကာဇာတင်မယ့် အကယ်ဒမီခောတ်ပုံနှစ်ပုံပါတယ်။ တစ်ပုံကကျွန်တော်အတွက် .. တစ်ပုံကမချိုရည်အတွက်၊ ပြီးတော့ ဒါကမချိုရည်စားဖို့ပဲမုန့်ကြော်"

ချိုရည်မျက်နှာက သကြားလုံးစားရသော ကလေးတစ်ယောက် မျက်နှာလို ကျေနပ်နေသည်။မှုန်တေက သူ့မျက်မှန်ထူကို မော်ကြီး ဘဲဥပုံရှည်မျောမျောမှန်နှစ်ချပ်ကို ထပ်မံဖော်ကွင်း၍ ချိုရည် မျက်လုံးအစုံကိုစိုးကြည့်သည်။ ချိုရည်ကခါတ်ပုံများကို ထုတ်ကြည့်ခြင်း ကိုတော့ကိုမော့ကြည့်လိုက်စဉ် ဗိုအားအပြည့်နှင့် မှုန်တေမျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေကိုမြင်လိုက်ပြီး ရင်ထဲထိတ်သွားသည်။

"ကျေးဇူးပဲနော် .. ကိုမိုးတင့်လွင်"

"ရပါတယ် .. ကိုမိုးလို့ပဲခေါ်ပါဆို"

ပြောပြေးပြေးသွားသော မိုးတင့်လွင်၏နောက်ကျောပြင်ကိုအခန်းဝမှာ ရပ်ကာငေးမြင်လိုက်ရ၏။









ဤကမ္ဘာအချိန်ကာလသည် အစဉ်နုပျိုနေ၏။ သေဆုံးခြင်းမရှိ အချိန်ကာလ၏ ဆဲလ်များသည် အစဉ်နုပျိုသစ်လွင်နေ၏။ လူတို့၌သေဆုံးခြင်းရှိ၏။ ဘယ်တော့မှမပျောက်ပျက်နိုင်သော ကမ္ဘာကြီးပင်လျှင် အိုမင်းလာ၏။ မြောက်ဝင်ရိုးစွန်းမှရေခဲပြင်များ ပျော်ကျလာ၏။ မီးတောင်တို့ပေါက်ကွဲ၏။ ကမ္ဘာကြီး၏အပူကာအမြှေးလည်း အိုဇုန်းလွှာလည်းစုတ်ပြဲဖွာထွက်လာ၏။ သမုဒ္ဒရာကြမ်းပြင် ကျောက်မငြိမ်မှုကြောင့်ဆူနာမီရေလှိုင်းတို့ထကြွ၏။ ထိုပယောဂကြောင့် လည်း လူများစွာသေဆုံးကြ၏။ ကမ္ဘာမြေကြီးအရုပ်တို့ တိုင်းပြည်ကို



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး ပထဝီအနေအထားကို လက်ဆောင်ပေးထားသည့် ကာလယန္တရားက အချိန်မှန်လည်ပတ်နေသည်။ ရာသီလက်တံက ဆောင်းရာသီကိုညွှန်နေသည့် ဒီဇင်ဘာ ... သို့ဆောင်းလူမျိုးတို့က ဆို့ဒီဇင်ဘာတဲ့။ တော့(ပ်)ဂျာနယ်ဝန်ထမ်းအားလုံး ဒါဘာပွဲအပြီး တွင်(ခေတ်သုံး)လန်းနေကြသည်။ လုပ်ငန်းခွင်သို့ပျော်ရွှင်စွာ ပြန်ဝင်လာကြသည်။ ဘာကြောင့်များပါလိမ့် ... နှစ်တစ်နှစ်၏ နောက်ဆုံးနေ့ ဒီဇင်ဘာည ...

ဟိုဘက်နှစ်ကိုခုန်ကူးမယ့် နှစ်သစ်အခါ သမယတွင်၊ ဝန်ထမ်းအားလုံးစိတ်သစ်၊ လူသစ်ဖြင့် ပျော်ရွှင်စွာ ချောင်းသာ ကမ်းခြေတွင် နှစ်သစ်ကူးဖို့ ဂျာနယ်ပိုင်ရှင် သော့(စ်)က ခေါ်ယူတွေ့ဆုံ ခြင်းဖြစ်၏။

ဒီဇင်ဘာသုံးဆယ့်တစ်

အစီအစဉ်ကလှသည်။ တိုက်ရှေ့မှာ မီနီဘတ်(စ်)တစ်စီးက ကြွကြွရွရွ၊ ဘေးနံနှစ်ဘက်မှာ "တော့(ပ်)ဂျာနယ်၏ နှစ်သစ်ကူး ခရီးစဉ်" စာတန်းနှစ်ခု။

"အိုး ... ဒီဇင်ဘာ .. မင်းပြန်လာပါ ... အချစ်ရေ နှင်းတွေတဖွဲဖွဲကျ ... သိပ်သတိရ"

ဒီဇင်ဘာနှင့်လျော်ညီသော သီချင်းတစ်ပုဒ်ကားသံမှ အန်ထွက် လာသည်။ နှင်းပါးလျလျထဲမှာ ဝန်ထမ်းတွေတဖွဲဖွဲ ရောက်လာသည်။





ဟစ်ဟော့(ပ်)အဆိုတော်တွေ ကိုရီးယားမလေးတွေ။ ကားပေါ်တက်လာ သည်ဟုထင်ရသည်။ ဖြန့်ချိရေးအဖွဲ့က ချာတိတ်တွေက၊ ဂစ်တာတစ်လုံးနှင့်အဖွဲ့မှာ ကိုဦးကခေါင်းဆောင်။ ကားထွက်ဖို့ အချိန်နီးနေပြီ လူမစုံသေး။ နာမည်စာရင်းခေါ်သည်။

"မည်သူ" "ရှိ" "မည်ဝါ" "ရှိ"

"မောင်ဟိုဒင်း" "ရှိ" "မဟိုဒင်း" "ရှိ"

"ဒီဖိုင်နာ အရှုတ်" "......."

"ဓါတ်ပုံမိုးတင့်လွင်" "......."

အရှုတ်နှင့်မှုန်တေ နှစ်ယောက်လာလိုသည်။ နာမည်စာရင်းခေါ်ပြီး တာဝန်ခံအယ်ဒီတာက

"အချိန်စေ့ရင် .. ကားထွက်မယ်ဟေ့"

ချိုရည်လက်ကနာရီဒိုင်ခွက်ကို ကြည့်နေသည်။

ခြောက်နာရီငါးဆယ့်ခုနှစ် ... ငါးဆယ့်ရှစ် ....

ငါးဆယ့်ကိုး ... ခုနှစ် .. သုံ့ည .. သုံ့ည ကားစက်နိုးပြီ။

ချိုရည်စိတ်ထဲမှာဘာရယ်မသိ ဟာကနဲဖြစ်သွားသည်။

"အချိန်မှာတော့ သူတို့ရောက်လာမှာမဟုတ်တော့ပါဘူး"

"ကားထွက်တော့မယ်။ ကားပေါ်ကနေ အမှိုက်ပစ်တာ၊ ကွမ်းတံ ထွေးတာတွေ မလုပ်ကြပါနဲ့။ ခုချိန်ကစပြီး ပျော်ပျော်ရွှင်ရွှင် ...တွေပျော်ပျော်လပ်လပ်နေနိုင်ကြပါပြီ"

ဗျိုး"




www.burmeseclassic.com

www.burmeseclassic.com



ကိုဦးက သူ့လည်ပင်းက ဝီစီကိုမှုတ်လိုက်သည်။ ကားဘီးလိမ့်နေပြီ။




"ဟေ့လူ မြန်မြန်မောင်းပါဗျ။ ရှေ့နားဆိုရင်ရောက်ပြီ၊ မြန်မြန်လေးဗျာ"

သူကပြောလေ ကားဆရာက လီဗာကိုဖိနင်းလေ။

"ဗျိုး .. ဗျိုး"

ကားက အင်ဂျင်ကျနေသည့်ကား၊ လီဗာကိုနင်းလေ မီးခိုးတွေအူထွက်လာလေ။

"ရှေ့နားကျရင် ညာဘက်ချိုး"

သူရဲကောင်းဇာတ်ဝတ္ထုတို



"ဟာ .. ရပ် ရပ် ရှေ့မှာကားထွက်မနေပြီ"

ကားကိုယောင်ပြီးရပ်ခိုင်းသည်။ ကားဆရာက ဖက်စတော့အုပ်သည်။

"ကျွီ"

သူတို့သုံးယောက် ကားပေါ်မှ ခုန်ဆင်းလိုက်ပြီး ရှေ့ကကားနောက်ကို ဖရိုဖရဲနှင့် ခြေကုန်သုတ်၏။

"ဟိုး .. ဟိုး .. ရပ် .. ရပ်ပါဗျို့"

"ဟာ .. ဟေ့လူ အော်နေတာမကြားဘူးလား ရပ်"

လမ်းဘေးကလူတွေ သူတို့ပုံစံကိုကြည့်ပြီးရယ်ကြသည်။ ကားက သူတို့နှင့် အလှမ်းဝေးသွားသည်။ သူတို့ပြေးနေကြဆဲ၊ ကားနောက်ကြည့်မှန်ထဲမှာ လူသုံးယောက်ပြေးလိုက်နေသည်ကို ဒရိုင်ဘာက တွေ့သွားသည်။

"အယ်ဒီတာကြီး .. နောက်မှာလူသုံးယောက်ပြေးလိုက်နေတယ်၊ ဒီက လူတွေလားမသိဘူး"

အယ်ဒီတာနှင့်ကားပေါ်မှလူများ ကားနောက်သို့ လှည့်ကြည့်သည်။

ဟုတ်တယ်။ ဟုတ်တယ်။ ကျွန်တော်တို့လူတွေ ရပ်လိုက်ရအုံး"

သူရဲကောင်းဇာတ်ဝတ္ထုတို

www.burmeseclassic.com



ကားက အရှိန်လျော့သွားသည်။ နောက်ကလူတွေ ကားကို မှီလာသည်။ ကားနားရောက်ခါနီးမှ မှုန်တေတစ်ယောက် လမ်းဘေးကစားပိုင်းမှ လွင့်လာသော ကျောက်ခဲ့ကိုနင်းမိပြီး ချော်လဲသည်။

"သေပဟ"

သူ့မျက်မှန်ကျွတ်ကျသွားသည်။ လက်နှစ်ဖက်ဖြင့် ဘယ်ညာလိုက်စမ်းသည်။

"ဟော" သူ့လက်က စမ်းမိသွားသည်၊ အေးစက်စက်နှင့် မျက်နှာနားကပ်ကြည့်တော့ ဖရဲခွံကြီး။

"ဟော့ကောင်တွေ ခဏနေဦး .. ငါ့မျက်မှန်ရှာပေးပါဦးဟ"

အရဏ်နှင့်ထုံပေကိုလှမ်း၍ စစ်ကူတောင်းလိုက်သည်။

"ဟာကွာ .. မှုန်တေ ဘာဖြစ်ပြန်ပြီလဲ"

"မျက်မှန် .. မျက်မှန်ရှာမတွေ့လို့ လုပ်ပါဦး"

ထုံပေက ဒီတစ်ခါတော့ လျှင်သည်။

"မှုန်တေ .. မင်းမျက်မှန်က လည်ပင်းမှာ ကြိုးတန်းလန်းနဲ့ ဒီတော့မှ ကြိုးတန်းလန်းနဲ့ မျက်မှန်ကို ကောက်တပ်လိုက်ပြီ။

"ကျေးဇူးပဲ ထုံပေရေ .. ငါမေ့သွားလို့"

"အေး .. မင်းကို နောက်တစ်ဘွဲ့ထပ်ပေးရမယ်။ မှုန်တေဝေလို့"

သူတို့ကားပေါ် အမြန်ပြေးတက်သည်။ ပြီးတော့ တံခါးပိတ်လိုက်





ပြီး မောင်းထွက်သွားသည်။

"ဘယ်လိုဖြစ်တာလဲ ဒီဇိုင်နာ .. ထွက်မယ့်အချိန် အတိအကျပြောထားလျက်နဲ့ မောင်ရင်တို့ ဝီရိယနည်းတာပဲ"

တာဝန်ခံအယ်ဒီတာက ရေနွေးအိုးတစ်လုံးလိုဆူဖို့ အစပျိုးလိုက်သည်။ ကားဒရိုင်ဘာက အယ်ဒီတာ့ထံသို့ ကွမ်းယာတစ်ယာလှမ်းပေးလိုက်သည်နှင့် အယ်ဒီတာကြီး ပါးစပ်ပိတ်သွားသည်။

အရဏ်နှင့်မှုန်တေတို့ ထုံပေကို ဝိုင်းထုကြသည်။

"အဲဒါ မင်းကြောင့်"

"ဟုတ်တယ် ... မင်းအသုံးမကျလို့"

ဘယ့်နှယ်ဗျာ။ သူများတွေ သွားတော့မယ်လုပ်မှ သူလည်းလိုက်ပါရစေ၊ ခဏစောင့်ဆိုလို့ နောက်ကျကုန်တာ။ အဲဒီလို သွေးအေးထုံထိုင်းလွန်းလို့ ထုံပေလို့ ကျွန်တော်တို့ခေါ်တာ မလွန်ပါဘူးနော် ကွီယသထုံပေ။

ကားခေါင်းခန်းမှ ရေသန့်ဘူးသုံးဘူး လှမ်းပေးသည်။ သူတို့တစ်ယောက်တစ်ဘူးစီယူလိုက်ပြီး အရုဏ်နှင့်ထုံပေက အငမ်းမရ မော့သောက်နေသည်။ မှုန်တေ ထိုင်စရာနေရာရှာသည်။ ဟောတွေ့ပြီ။ "ခွိပါးတား" ချိုရည်ရဲ့ဘေးကနေရာလွတ်မှာ ဝင်ထိုင်သည်။

"ကို ... မိုး .. တင့်"

"ဗျစ်"

ချိုရည်စကားမှ မဆုံးခင် ဝမ်းသာအားရ ထိုင်ချလိုက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မွန်တော့တင်ပါးမှာ အေးခနဲဖြစ်သွားသည်။

"ဟိုက် .. သွားပြီ .. ဘာတွေလဲဟ"

"ပျား ... ပျားလိမ္မော်တွေ"

မိုးတင့်လွင်၏ အလောတကြီးနိုင်မှုကြောင့် သူမစကားမဆုံးခင်မှာ ပင် ပျားလိမ္မော်များ ပြားကပ်သွားပြီး အရည်ထွက်လာခြင်းပင် ဖြစ်သည်။ တစ်ဘက်ခုံတန်းတွင် နေရာရသွားသော အရာရှိက ထုံး ကို လက်ကုတ်လိုက်ပြီး လှမ်းပြောသည်။

"မချိုရည်ရေ .. အဲဒီပျားလိမ္မော်တွေ မိုးတင့်လွင်ကို ကန်တော့ ကျွေးလိုက်ပါဗျို့"

ကားလေးက ဘုရင့်နောင်တံတားကို ကျော်လွန်လာပြီ လှိုင်သာယာကိုဖြတ်သည်။ တိုးဂိတ်အလွန်တွင် FMI စီးတီးကို မြ ရသည်။ ရက်ပါအုပ်စုထဲမှ တစ်ယောက်က "အဲဒီမှာ ထွန်းထွ နေတာကွ"

"နွှီးပြန်ပြီ။ မင်းဘော်ဒါက တာမွေမှာနေတာ ငါသိပါတယ်"

"ဟာ .. အဲဒီထွန်းထွန်းမဟုတ်ဘူး။ အိတ်ဖန်ဘာယ်ထွန်းထွ ကို ပြောနေတာကွ"

"အစတည်းက ရှင်းအောင်မပြောဘဲနဲ့"

ကားလေးက တဖြည်းဖြည်းနဲ့ ဆူညံသက်ဝင်လာသည်။ တူ တူရာအုပ်စုဖွဲ့ကြသည်။ နောက်ဖက်က ရက်ပါအုပ်စု ကစ်တာ တစ်လုံး အော်ဟစ်ပေါက်ကွဲနေသည်။ ကား၏အလယ်လောက်မှာက ဆိတ်





ပါးစပ်ကိုအနားမပေးဘဲ နေကြာစေ့ကိုက်လိုက်၊ စနက်ထုပ်ဝါးလိုက် နှင့် ကောင်မလေးနှစ်ယောက် သူတို့ရှေ့က ဘာကျွာမှတ်သံကြောင့် မျက်လုံးပြူးသွားကြသည်။ လား .. လား အင်တာဗျူးအဖွဲ့က ချာတိတ်နှစ်ယောက်။ တစ်ယောက်က ဂျေမောင်မောင်ရဲ့ "အချစ်ရေ" သီချင်းကို အကျအနဆိုနေသည်။

ကားက ထန်းတပင်တာခုံကို ကျော်လာသည်။ တဖြည်းဖြည်းနှင့် စပါးခင်းတွေ မြင်လာရသည်။ လယ်ကွင်းတွေထဲမှာ ခြေတံရှည်ဗျိုင်း တွေ အစာရှာနေကြသည်။ ကားပေါ်က ဗျိုင်းကြီးကိုဦးတစ်ယောက် ဘာတွေအလုပ်ရှုပ်မှန်းမသိ။ စာရွက်လိပ်ကလေးနှင့် ဦးထုပ်ထဲထည့် ပြီး ရှေ့ပိုင်းကလူတွေကို နှိုက်ခိုင်းသည်။

နောက်ဆုံးကျန်တဲ့ စာရွက်လိပ်ကို သူယူသည်။ ကံစမ်းမဲနှိုက် ခိုင်းတာ ဖြစ်မည်။ ကံစမ်းမဲ ဟုတ်တော့ဟုတ်သည်။ ဒါပေမယ့် ပါဆယ်ဂိမ်းသာဖြစ်သည်။

"ကဲ .. အားလုံးနားထောင်ပါ။ ကိုယ်ရထားတဲ့ မဲလိပ်ထဲက အတိုင်း အလှည့်ကျလုပ်ပြရမှာပါ။ အားလုံးပျော်ရွှင်အောင် မရှက် ကြောက်ဘဲနဲ့ သရုပ်ဆောင်လွှင်ပြင်လို သဘောထားပါ။ အခု နောက်ဆုံးကနေစပြီး သရုပ်ဆောင်ပါမယ်။

ကိုဦးက သူ့ရုပ်အင်္ကျီကို ချွတ်လိုက်သည်။ စွပ်ကျယ်ချိုင်းပြတ် နှင့် နံရိုးအပြိုင်းသား ထွက်လာသည်။ စွပ်ကျယ်ထဲသို့ လျှာထိုးဦးထုပ်



www.burmeseclassic.com

နှစ်လုံး ထည့်သည်။ ပြီးတော့ ပုဆိုးကို ထမိလိုပြင်ဝတ်လိုက်ပြီး

"ခုချိန်ကစပြီး ငွေငန်းမောင်သီချင်းနဲ့ ဖျော်ဖြေပါမယ်ရှင်"

ကိုဦးသီချင်းဆိုသည်နှင့် အားလုံးလက်ခုပ်ဗိုင်းတီးပေးကြသည်။

"နိုပြုံးရွှင်သော နှမပျိုရယ် . . တစ်ကိုယ်လုံးယဉ်မဆုံး အလှပို . . ."

ကိုဦးက သီချင်းနှင့်အတူ ကွေးနေအောင်ကသည်။ အရေးထဲ တင်တွေ ရင်တွေ လှုပ်ပြလိုက်သေး၊ နှုတ်ခမ်းပြောင်သလောက် တော်တော် ပြောင်နိုင်သည့် ကိုဦးပင်။

"တစ်ကိုယ်လုံးယဉ်မဆုံးလို့ ယိမ်းယိုင်ရွယ်ရွယ်နဲ့ သားစိတ် မယားစိတ်ပါကုန်ပြီဗျို့"

နောက်ကရပ်ပါအဖွဲ့က ၎င်းသီချင်းကို ဂစ်တာတီးပေးရင်း လှမ်း၍ သြဘာပေးကြသည်။

ပျောင်တုန်း ဗိုလ်မြတ်ထွန်းတံတားကြီးပေါ်ဖြတ်မောင်းသွားစဉ် ပွဲပြီးသွား၏။ ရန်ကုန်သားတွေက ရေဝတီမြစ်နှင့် သောင်ပြင်ကျယ် ကြီးကို အမြင်ဆန်းနေသည်။ မိုင်ချီရှည်လျားသော တံတားကြီးကို သဘောကျနေကြသည်။ မြစ်ရေပြင်ကို ဖြတ်သန်းလာသော လေအေး လေးက ကားထဲသို့ဝင်လာပြီး သူတို့ကိုပွေ့ဖက်သည်။ မြစ်ထဲမှာတော့ ငါးဖမ်းလှေကလေးတွေ ရွေ့လျားနေကြသည်။ တံတားဆင်းပြီး လမ်းခွဲ မှာ လမ်းညွှန်ဆိုင်းဘုတ်ချွန်တွေက ဂေါက်ချောင်းတွေလို သွားလိုရာ





အရပ်ကို ညွှန်ပြနေသည်။ ညာဘက်တွင် စကြော၊ နေပြည်၊ ဟင်္သာတ၊ ပုသိမ်ကိုသွားဖို့ကားက ဘယ်ဘက်ကို ချိုးကွေ့သွားသည်။ ရေဝတီ တိုင်းဒေသမြင်ကွင်းတွေက သူတို့အဖို့ ဆန်းသစ်နေသလို စိတ်တွေပါ လန်းဆန်းလာသည်။ ကားစွန်ဒိုင်အောက်ဆိုဒ်ကင်းသော လေသန့်ကို ဝလင်လင်ရှူရှိုက်ရသည်။ ကားက ပန်းတနော်မြို့လေးကို ဖြတ်သည်။ ပန်းတနော်၊ ဗိုလ်မြတ်ထွန်းနှင့် နယ်ချဲ့တိုက်ပွဲသည် မြန်မာ့လွတ်လပ် ရေးအတွက် သမိုင်းဝင်ပန်းချီကားတစ်ချပ်ပင်ဖြစ်သည်။

ပန်းတနော်ကားလမ်းဘေးက ဆိုင်တန်းကြီးမှာ သင်ဖျာမျိုးစုံ ခင်းကျင်းထားသည်။ အရောင်နှင့်အဆင်လေးတွေက လှမှလှ

ပန်းတနော်သည် သင်ဖျာနှင့် ထင်ရှားသောမြို့ဖြစ်၏။

ကားလေးက တရိပ်ရိပ်ပြေးနေသည်။

"ကဲ . . အလှည့်ကျ မန့်ကြနဲ့နော် . . ခုအလှည့်ကျတာက အရုဏ်"

ကိုဦးက အရုဏ်လက်ထဲက တာချက်လိပ်ကိုယူ၍ ဖွင့်ကြည့်သည်။

"ဆိုင်ကယ်စီးပြပါတဲ့" အရုဏ်ကို ခုံတန်းအလယ်သို့ ကိုဦး ခေါ်လာသည်။

အရုဏ်ကလည်း တည်လျှင် သီလဝ၊ ပြောင်ပြီဆိုလျှင်လည်း ဆီမသုတ်ရဘဲ ပြောင်တတ်သူ။ ရုပ်ကတည်တည်ကြီးနှင့် ခြေထောက် နှစ်ဖက်ကို ကားလိုက်သည်။ အကျီုလက်ကိုမတင်ပြီး လက်ကိုင်နှစ်ဖက် ကိုင်ဟန်နှင့် လီဗာတွေဘာတွေ ဆွဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝရုန်း .. ဝရုန်း လာပြီ လာပြီ ... ဟာလီလာပြီ .. ဘေးကို ဘေးကို .. တီ တီ .. ဝရုန်း .. ဝေါ .. ဘုတ် .. ဘုတ် .. ဘုတ် ဖွတ် ... ဖွတ် .. ဖွတ် ဟာ .. ဆီကုန်သွားပြီ တာ့တာ"

အရုဏ်က နေရာတွင်ပြန်ထိုင်သည်။ ထုံပေကာ ကျာနယ်ကို မျက်နှာမှာအုပ်ပြီး စည်းချက်ကျကျဟောက်နေသေး။

"ဟော့ကောင် ထုံပေ .. ထုံပေ"

လှုပ်နှိုးတာတောင်မဖြူ။ သူ့မျက်နှာပေါ်က ကျာနယ်ကိုဖယ်လိုက်ပြီး မှင်စိုဘောပင်ဖြင့် မျက်နှာကိုထိုးသည်။ မျက်နှာအရေပြားတွန့်သွားသည်။ နှုတ်ခမ်းပေါ်မှာ နှုတ်ခမ်းမွေးဆွဲပေးလိုက်သည်။ ဒီကောင်က နည်းနည်းမှမလှုပ်။ တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျထွက်ပြီး သရုပ်ဆောင်ကြသည်။

ချိုရည်အလှည့်ရောက်လာသည်။ ကိုဦးက စက္ကူလိပ်ကို ဖွင့်ဖတ်သည်။

"ဖြူဖြူကျော်သိန်းသီချင်းတစ်ပုဒ် ဆိုပြပါတဲ့"

ရမ်ပါအဖွဲ့က ဂစ်တာတီးပေးသည်။ ကော်နီနှင့်ဆိုခဲ့သော အတွင်းကြေသီချင်းကို မှ(ဒ်)အပြည့်နှင့် ဆိုနေပုံမှာ မာန်အပြည့် အားလုံး ငြိမ်သက်သွားကြပြီး

"ရင်မှာခံစား .. သူမမြင်နိုင်ပေ .. ဒီဒဏ်ရာများ လူတွေမသိနိုင်ပေ။ ငါ့ရဲ့သည်းထဲက အတ္ထု ဦး ... အတွင်းကြေ"

ထိုနေရာအရောက်တွင် အားလုံးသံပြိုင်လိုက်ဆိုပြီး တစ်ကားလုံး



လက်ခုပ်သံများ ဆူညံသွားတော့သည်။

"မိုးတစ်လှည့်လှိုင်အလှည့်" အရုဏ်က မှန်တွေကိုကြည့်ပြီး ရယ်ချင်နေသည်။

"ရည်းစားစကားပြောပြပါတဲ့"

"လူပျိုကြီး ... မရှိတဲ့ချစ်သူကို ရည်းစားစကားပြောပြပါဦး" အရုဏ်က လက်ခုပ်တီးပြီး လှမ်းအော်သည်။

မှန်တေထလာပြီး ဘယ်ကစပြောရမှန်းမသိ။ ယောင်နနလုပ်နေတုန်း အရုဏ်က ချိုရည့်ဘက်ကို မျက်စပစ်ပြသည်။ ဒီတော့မှ မင်းသားကြီးကောလိပ်ဂျင်နေဝင်းအသံနှင့်

"ဒီမှာ ဆို့ ... မင်းကို ကိုယ်စကားတစ်ခွန်းတော့ ပြောပါရစေ။ တို့ မင်းကိုချစ်တယ်လို့ ပြောချင်ပါတယ်။ ဒီတော့ကာ တို့အချစ်ကို မင်းလက်ခံပါ။ ဒါပေမယ့် ဒီလိုရှိပါတယ်၊ မင်းလက်မခံဘူးဆိုရင်တော့ သောက်ရေသန့်ဘူးထဲက ရေတွေ တို့အကုန်သောက်လိုက်မယ်၊ ကိစ္စမရှိဘူး။ ရပါဒယ်။ တို့ဘဝနဲ့တို့ ရှိပါစေတော့"

အသံတုနှင့်ပြောနေသော သူ့စကားအဆုံး၌ ချိုရည်အပါအဝင် တစ်ကားလုံး အူတက်မတတ်ရယ်နေကြသည်။ ကားခေါင်းခန်းမှ ဒရိုင်ဘာ နှင့် တာဝန်ခံအယ်ဒီတာကြီးလည်း မနေနိုင်။ ပြုံးလိုက်ရင်းက

"ကိုဦးက ဒီလိုပဲဘူး ကြိုးကောင်ကြီးမားနဲ့ ပေါက်တီးပေါက်ရှာ သိပ်နိုင်တဲ့ကောင်"

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"အပန်းဖြေခရီးထွက်လာတာ ခုလိုမျိုးခနမှလည်း ပျော်စရာကောင်းတာကိုးဗျ"

ကားက ဥတ္တိုတ်တားကို ဖြတ်နေပြီ။ မကြာခင် ချောင်းသာကမ်းခြေသို့ ရောက်တော့မည်။ အားလုံး ပျော်ရွှင်နေကြသည်။

"ရန်ကုန်က ရက်ပါတွေကလည်း ဟစ်ဟော့လောကအတွက်"

"မန္တလေးက ရက်ပါတွေကလည်း ဟစ်ဟော့လောကအတွက်"

"ကျောက်မြောင်းကရက်ပါတွေကလည်း ဟစ်ဟော့လောကအတွက်"

သူတို့က အရှိန်မသတ်နိုင်သေး။ ပင်လယ်ပြင်ဖက်ဆီ မျက်နှာမူထားသော ဘန်ဂလိုတွေရှေ့မှာ ကားစက်သတ်လိုက်သည်နှင့် ကားပေါ်က အားလုံးဆင်းကြသည်။ ထုံပေက အိပ်ကောင်းတုန်း။ မှန်တေနှင့် အရှုဏ်က သူ့ကိုလှုပ်နှိုးသည်။

"ဟေ့ကောင် .. ထ ထ ရောက်နေပြီ"

"အေးဆေးပါ .. ငါမထသေးဘူး။ မင်းတို့စားနှင့်ကြ"

သူတို့အမြင်ကပ်ကပ်နှင့် ထုံပေကို ကားပေါ်တွင် တံခါးပိတ်ထားခဲ့သည်။

အယ်ဒီတာနှင့် ဟိုတယ်ဝန်ထမ်းများ ရောက်လာကြပြီး သူတို့အုပ်စုကို လှူခဲ့ပြီး ဘန်ဂလိုတစ်လုံးစီ နေရာချပေးသည်။

"ကိုဦးရေ .. မင်းအဖွဲ့ခေါ်ခဲ့ကွာ။ တို့လူတွေ သာရောပေါ့။





ဒန်ပေါက်ဘူးပေ့ လိုက်ဝေရအောင်"

ကိုဦးနှင့်အဖွဲ့ အယ်ဒီတာနှင့်လိုက်သွားကြသည်။ အရှုဏ်နှင့်မှန်တေ သူတို့ပစ္စည်းတွေကို အိပ်ခန်းထဲမှာ နေရာချပြီး ဘန်ဂလိုရှေ့ ဝရန်တာတွင် ထိုင်ကြသည်။

အရှုဏ်က ဘန်ဂလိုနံရံကို ကျောမှီ၍ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ပင်လယ်ပြင်ဆီ မှန်ရှိသောအကြည့်ဖြင့် ငေးကြည့်ရင်း သက်ပြင်းရှည်တစ်ခု မှုတ်ထုတ်လိုက်သည်။

ဇာတိမြေကို ကာလများစွာခွဲခွာခဲ့ပြီး လွမ်းဆွတ်သတိရလိုက်တဲ့အချိန်မှာ ဇာတိမြေဟာ ဗလာနတ္ထိ ဟင်းလင်းပြင်ဖြစ်နေတဲ့ ခံစားရမှုမျိုးနဲ့ ရင်ထဲမှာ လေးလံတင်းကျပ်နေတယ်။ ဒီနေရာတွေကို အကျွမ်းတဝင်ရှိသလို ခံစားနေရပြီး သူ့ကိုယ်သူ ဘာဖြစ်နေမှန်းမသိတော့။

ကိုဦးတို့ ဒန်ပေါက်ဘူးတွေ လိုက်ဝေမှ "ထုံပေ" ကျန်နေခဲ့မှန်း သတိရသည်။ မှန်တေက ထုံပေကုတ်ပိုးကိုဆွဲ၍ ခေါ်လာသည်။ ထုံပေတစ်ကောင် မှဆိုးစွန်တောင်ဆွဲ၍ ယက်ကန်ယက်ကန်ပါလာသည်။

"အရှုဏ်ရေ .. ငါတို့တော့ ဒီကောင့်ကိုခေါ်လာရတာ နွားကျောင်းနေရသလိုပဲ။ ချောင်းသာလာပြီး ကားပေါ်အိပ်နေတယ်။ တကယ့်ကိုခံစားချက်မဲ့တဲ့ကောင်"

"ကဲ .. လာ .. ဆရာထုံ မင်းကိုစောင့်နေရတာနဲ့ ဗိုက်ဆာလှပြီ။ ဟိုမှာ သူများတွေ စားပြီးလို့ သဲပြင်ပေါ်ရောက်နေပြီ"

သူတို့ ထမင်းစားပြီးသည်နှင့် အဝတ်အစားလဲလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေဆီ ဆင်းလာကြသည်။

အားလုံးပျော်ရွှင်နေကြသည်။ ချိုချည်နှင့် မိန်းကလေးတစ်သိုက်မှာ ဘောကွင်းစွပ်ပြီး လှိုင်းစီးနေကြသည်။ မှန်တေက ဘာစိတ်ကူးပေါက်သွားသည်မသိ။ လက်နှစ်ဖက်ကိုမြှောက်ပြီး အော်ဟစ်ကာ ရေထဲသို့ပြေးဆင်းသွားသည်။

''ဝေး .. တို့လာပြီဟေ့''

ထုံပေကပါ သူ့နောက်က ပြေးလိုက်သွားသည်။ မြို့ပြရဲ့ မွန်းကျပ်မှုတွေကြားက ရုန်းထွက်လာပြီး အတားအဆီးမဲ့ မိုးကုတ်စက်ဝိုင်းနှင့် ပင်လယ်ပြင်ကြီးက ဘယ်လောက်လွတ်လပ်ပြီး ဘယ်လောက်ပျော်စရာကောင်းလိုက်ပါသလဲ။ အားလုံးပျော်နေကြသည်။ အရုဏ်က ပင်လယ်ရေလှိုင်းကိုကြည့်ပြီး ကြောက်ရွံ့နေသည်။ သူအများလိုပဲ ပျော်ချင်သည်။ ရင်ထဲမခံနိုင်သည့်အဆုံး သဲပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်ပြီး အသံကုန်အော်ဟစ်ပစ်လိုက်သည်။

မှန်တေနှင့်ထုံပေ ရေကူးနေရာက ကမ်းပေါ်ပြန်တက်လာပြီး အရုဏ်ကို အတင်းဆွဲလာသည်။

''လာကွာ .. တို့သူငယ်ချင်းတွေ အတူတူလှိုင်းစီးရအောင်''

သူငြင်းဆန်မည်ပြုပြီးမှ အားလုံးပျော်ရွှင်နေချိန်မှာ သူ့ကြောင့်သူတို့ရဲ့အပျော်စိတ်တွေ စွန်းထင်းမသွားစေချင်။ သူ့စိတ်ကတော့ ဒီပင်လယ်ကြီးထဲကို လုံးဝဆင်းချင်စိတ်မရှိ။ သူ လေးလံသောစိတ်တွေကို မေ့ပျောက်နိုင်စေရန် သူတို့သုံးယောက် ရေကူးပြိုင်ကြမည်။





အနိုင်ရသူကို ရှုံးတဲ့သူနှစ်ယောက်က တစ်ကိုယ်လုံးနှိပ်ပေးရမည်။

''ကြိုက်သွားပြီ .. ဒီညတော့ အကြောလျှော့ရဦးမှာပဲ''

ထုံပေက လက်မထောင်ပြသည်။

ပန်းဝင်ရမည့်နေရာ သတ်မှတ်လိုက်ပြီး သူတို့သုံးယောက် အပြိုင်ကူးကြသည်။ ရေလှိုင်းတွေကို ကန့်လန့်ဖြတ်ကူးရမည်မို့ ခရီးသိပ်မရောက်။ အရုဏ်က သူတို့ကိုကျော်တက်သွားသည်။ ထုံပေက ရေလှိုင်းတက်လာလိုက်၊ လိမ့်ပါသွားလိုက်၊ မှန်တေက ကျောင်းရေကူးအသင်းမှာ ချန်ပီယံ၊ ပင်လယ်ထဲမှာတော့ သူမဟာန်ဖြစ်သွားသည်။

ချိုချည်တို့ လှိုင်းစီးရာနှင့် မလှမ်းမကမ်းတွင် အရုဏ်ရပ်လိုက်ပြီး သောင်ပြင်ပေါ်တက်သွားသည်။ ပြီးတော့ သဲပြင်ပေါ် လှဲချလိုက်သည်။ တော်တော်ကြီးကြာမှ မှန်တေနှင့်ထုံပေ ရောက်လာသည်။

''အရုဏ် မင်း ဘယ်လိုကူးတာလဲ ရေထဲမှာပြေးသွားနေသလိုပဲ မင်းကိုတော့ဆလံပဲ ဒိုးဆလံ၊ ဒေးဆလံ''

''ဘာမှမပြောနဲ့။ မင်းတို့ကတိအတိုင်း ငါ့ကိုလာနှိပ်ကြ''

သူတို့နှစ်ယောက် အရုဏ်ဘေးနှစ်ဖက်မှာထိုင်ပြီး နှိပ်ပေးကြသည်။ ရပ်ပါအုပ်စုက ချာတိတ်အချို့ပြေးလာပြီး

''ဘာဖြစ်လို့လဲ ကြွက်တက်နေလို့လား''

ဒီတော့မှ အရုဏ်မျက်စေ့နှစ်လုံးကို ဖွင့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ တပည့်တွေကို နှိပ်နိုင်းတာ"

"အဟား .. ဒီလူကြီးကတော့ လန်းတယ်ဟေ့"

ယောကျ်ားလေးတွေ လူတိုင်းလိုပင် အကျီချွတ်၍ ရေကူးကြသည်။ မိန်းကလေးတွေသာ ရေကူးဝတ်စုံနှင့် ကူးကြသည်။ ကိုဦး တစ်ယောက် ဘာစိတ်ကူးပေါက်သည်မသိ။ ရွက်လှေနှင့် အနီးပင်ပုံပါသည့် စပန့်အကျီပွပွကြီးကိုဝတ်ပြီး လက်ပိုက်ကာ ရေထဲဆင်းသွားသည်။ သူ့ခေါင်းပေါ်ရုံလေးနှိုတော့မှ ရေငုပ်လိုက်၊ ခေါင်းဖော်လိုက် လုပ်နေသည်။

နေလုံးက တဖြည်းဖြည်း ပင်လယ်ရေပြင်ပေါ် မေးတင်နေပြီ။ နေ၏အလင်းရောင်က ဖျော့ဖျော့နွေးနွေးသာရှိတော့သည်။

"အရှုတ်တော်တော့ကွာ။ မင်းဟာသိ‌ပြီး ဘာရေးလွှန်နေပြီ။ ငါတို့ လက်တွေ ညောင်းလာပြီကွ"

အရုတ်က မျက်စေ့မှိတ်ထားပြီး

"ငါက တော်ဆိုမှ မင်းတို့ရပ်ရမှာလေ။ ဆက်နှိပ် .. ဆက်နှိပ်"

မလှမ်းမကမ်းရှိ မိန်းကလေးအုပ်စုက နေလုံးကြီးဝင်နေပုံကို ကြည့်ပြီး အံ့သြနေကြသည်။

"လှလိုက်တာဟယ်။ ဒီလိုအရောင်မျိုးလေးသာ ဖက်ရှင်ချုပ်ဝတ်လို့ရရင် သိပ်ကောင်းမှာ"

"နေလုံးကြီးက ပင်လယ်ထဲကိုမြုပ် .. မြုပ်"





တစ်ယောက်က စကားပင်မဆုံးလိုက်။ သူတို့ရှိရာဘက်သို့ ဦးတည်လာသော မဲမဲသဏ္ဍာန်တစ်ခု။ တဖြည်းဖြည်းနှင့် ရေပေါ်ကို တက်လာသော ဆူးတောင်တစ်ခု၊ သူတို့အားလုံး အထိတ်တလန့် အော်ဟစ်ပြီး ကမ်းပေါ်ပြေးတက်ကြသည်။

"အမလေး လုပ်ကြပါဦး ငမန်း .. ငမန်းကြီး"

ရေထဲမှလူအားလုံး ဝရုန်းသုန်းကားဖြင့် ကမ်းပေါ်သို့ ပြေးတက်ကြသည်။ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။ သည်တော့မှ အရုတ်တို့ သုံးယောက်သား အသံလာရာကို ပြေးကြည့်ကြသည်။ ဆူးတောင်က ငါးမန်းဆူးတောင် လူးလွန့်၍ ကမ်းနားထိ ကူးလာသည်။ ငါးမန်းက ရေစပ်နားမှာ ဘွားကနဲပေါ်လာသည်။ "အမလေး လုပ်ကြပါဦး"


ချိုရည်က နီးရာကို လှမ်းဖက်လိုက်သည်။ ထိုသူကလည်း သူ့ကို ပြန်ဖက်သည်။ နှစ်ယောက်စလုံး ကြောက်ကြောက်နှင့် မျက်လုံးမှိတ်ထားကြသည်။

"ဘယ်မှာလဲငါးမန်း ... ဘာဖြစ်ကြတာလဲ"

ကိုဦးအသံကြားတော့ သူတို့ကြောက်စိတ်တွေ ပြေသွားကြသည်။ အသံလာရာကို ကြည့်လိုက်တော့ လား .. လွား အရပ်က ကလန် ကလားနှင့် စပန့်အကျီဝတ်ထားသေးသည်။ ငါးမန်းဆူးတောင်ပုံလှီးထားတဲ့ ပီပီဘုတ် (လှိုင်းတွန့်ပလပ်စတစ်) အနက်ပြားကို ကြိုးနှစ်ချောင်းနဲ့ သူ့နောက်ကျောမှာ ကပ်ချည်ထားပြီး ရေထဲကတက်လာခြင်း ဖြစ်သည်။

www.burmeseclassic.com






ကောင်မလေးတွေက ချည်ထားတဲ့ငါးမန်းဆူးတောင်ကြီးကို ဆွဲဖြုတ်ပြီး ကိုဦးကိုဝိုင်းချုပ်ပြီး ခိုင်းနှင့်ခါးကို ဝိုင်းပြီးကလိထိုးကြသည်။ ကိုဦးတစ်ယောက် ကောင်မလေးတွေရဲ့ ပညာပေးခြင်းကို အလူးအလဲခံနေရသည်။

"ဟီး .. ဟီး ... ဟီး ... ခစ် ... ခစ် ... ခစ်"

ရယ်ရလွန်းသဖြင့် မိုက်ကရုပ်ရုပ်လာပြီး ဆောင်းဘီကိုအမြန်ဆွဲတင်လိုက်ပြီး





"ဟ .. မ ... လေး ဆောင်း ... ဆောင်းဘီကြယ်မပေရှိ့ပဲ။ နို့မဟုတ်ရင် ငါတော့ အူတက်ပြီး-သေမှာပဲ"

"ဦးကိုဦးကြီးက ကြံကြံဖန်ဖန်နောက်တာကို။ မီးတို့နှလုံးရောဂါ တောင်ဖြစ်ဦးမယ်"

ကိုဦးက ပေန့်အကျီအရှည်ကြီးနှင့် ဆောင်းဘီကို ရှုည်လိုက်ပြီး သူ့လည်ပင်းက ခရာကိုမှုတ်လိုက်သည်။

"ရှီ ... ရှီး"

"အားလုံးသွားကြမယ်ဟေ့ ... ဟိုးမှာ ဘိုးတော်လှမ်းခေါ်နေပြီ"

အားလုံး ဘန်ဂလိုရှိရာသို့ ဦးတည်လိုက်ကြသည်။ နေလုံးကြီးက နေကိုနှုတ်ဆက်၍ ပင်လယ်ပြင်အောက်သို့ ငုပ်ဆင်းသွားသည်။

ညစာစားပြီးချိန်တွင် ဟိုတယ်ညေ့ခန်းမ၌ သူတို့အားလုံးကို အယ်ဒီတာကြီးက အမှာစကားပြောသည်။

"တို့ဂျာနယ်မိသားစုတွေ လုပ်ငန်းခွင်မှာ တစ်နှစ်တာ ပင်ပန်းခဲ့သမျှကို အပန်းလည်းပြေအောင်၊ နှစ်သစ်မှာ လူသစ်စိတ်သစ်၊ အင်အားသစ်တွေနဲ့ အလုပ်ကြိုးစားလုပ်နိုင်ဖို့အောင် နှစ်သစ်ကူး၊ အပန်းဖြေခရီးကို လူကြီးတွေက စီစဉ်ပေးလိုက်တာကို အပျော်မလွန်ကြပါနဲ့။ အားလုံး ပျော်ပျော်ပါးပါးနဲ့ နှစ်သစ်ကူးကြပါ။ ဒီညအတွက်



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်ကို ကိုဦးနှင့်အဖွဲ့က စီစဉ်ပေးပါလိမ့်မယ်''

အယ်ဒီတာကြီးစကားအဆုံးတွင် အားလုံးလက်ခုပ်တီးကြသည်။ ဘန်ကလိုတွေရဲ့ အလယ်ဗဟိုကွက်လပ်မှာ ထင်းမီးဖိုကြသည်။ နံ့တာရှည်ကြီးပေါ်မှာ ဘီယာ၊ အချိုရည်နှင့် တံမြို့ထိုးပြီးသား ပင်လယ်ငါးငါး များကို တင်ထားသည်။ အစီအစဉ်စသည်နှင့် ငါးများကို ကိုယ်တိုင် ယူပြီး ကင်ကြသည်။ ငါးကင်နံ့က မွှေးပျံ့လာသည်။ ငါးကင်တွေ ကြွပ်ရွလာတော့ ငါးကင်ဝါးလိုက်၊ ဘီယာမြို့လိုက်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

ဂစ်တာတစ်လက်၊ ဘာဂျာတစ်ခုနှင့် ကာနီထမ်းပေးသွားတော့ သီဆိုကြသည်။ မိန်းကလေးထဲက ဘီယာမသောက်သူက အချိုရည် သောက်ကြသည်။ အယ်ဒီတာ၊ ဒရိုင်ဘာကြီးနှင့် ဟိုတယ်မန်နေဂျာ တို့က ဘီယာသောက်ပြီး ငါးကင်စားကြသည်။ ပင်လယ်ဘက်က လေတိုးသံ၊ ရေလှိုင်းသံတွေ၊ ကမ်းပါးရိုက်သံတွေက နိမ့်လိုက်၊ မြင့်လိုက် တိုးလိုက်၊ ကျယ်လိုက်နှင့် ညဖော်သဘာဝ သြခက်စတာတီးဝိုင်းကြီး တူနေတော့သည်။

တရှိုးရှိုးလေတိုးသံနှင့် လှိုင်းပုတ်သံတဝုန်းဝုန်းကြားက မှန်မိတဲ့ အသံတစ်ခုကို အရုဏ်နားထဲမှာ မသဲမကွဲကြားနေရသည်ထင်၏ ဟော အသံက နီးလာလိုက်၊ ဝေးသွားလိုက် အရုဏ်ခေါင်းထဲ





ရိုဝေလာသည်။ ငါးကင်တမဲ့ကိုကိုက်ပြီး ဘီယာတစ်ကျိုက် မော့ချလိုက် သည်။

ဟော .. ဟော နည်းနည်းကြားနေရသည်။ မိန်းကလေးအသံ တစ်ခု အရုဏ်မျက်လုံးကို စုံမှိတ်ပြီး ငုတ်တုတ်ထိုင်ချလိုက်သည်။

"ဟော့ .. ငါတို့ဒီဝိုင်းမှာ မူးနေပြီထင်တယ်" ကိုဦးရဲ့အသံနှင့်အတူ မှန်တေက ''ဒီကောင်အနေအထား သိပ်မှုမမှန်ဘူးကွ။ ဒီရောက်မှ ပုံစံတစ်မျိုးဖြစ်နေတယ်''

သူတို့ပြောချင်ရာ ပြောကြပါစေ။ ဖြစ်နိုင်လျှင် လူတွေနှင့် ဝေးဝေး နေချင်သည်။ အရုဏ်စိတ်ထဲမှာ သူ့ကိုခေါ်နေသယောင် ထင်နေသည်။ သူ့အသိစိတ်အာရုံကို စုစည်း၍ နားစွင့်ကြည့်သည်။ ကိုယ့်နားကိုယ် မယုံနိုင်လောက်အောင် ဖြစ်ရသည်။ ဟော .. ခေါ်နေပြီ။

"ကျောက်ဆောင်ရေ"

အသံကပြတ်သွားပြန်သည်။ လှိုင်းမကောင်းသောမှန်းတစ်လုံးကို နားထောင်ရသလိုမျိုး အသံကိုမှန်းဆနေရသည်။

"ပြန်လာပါတော့"

တမ်းတမ်းတတခေါ်နေသံတစ်ခု၊ ဝမ်းနည်းအားငယ်သံ၊ ငိုရှိုက်သံ တို့ ရောယှက်နေသည်။

"ငါ့ဆီကိုပြန်လာခဲ့ပါ။"

အရုဏ်ရင်ထဲမှာ နာကျင်လာသည်၊ စုံမှိတ်ထားသည်။ မျက်လုံး ထောင့်မှ မျက်ရည်ပွင့်လေး ကြွေကျသွားသည်။ ခန္ဓာကိုယ်တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ချွေးရေပြက်လိုလည်နေသည်။ မျက်လုံးကို အားယူဖွင့်ကြည့်သည်။ မရ
တစ်ကိုယ်လုံးရှိ သွေးလည်ပတ်မှုများ ပုံမှန်ထက် အဆများစွာ မြန်ဆန်
နေသည်။ နားထဲမှာ နားကျင်လွှေးမြေ့မြယ်ခေါ်သံတွေက ပွက်ပွက်ထ
အောင် ဆူညံလာသည်။ ခန္ဓာကိုယ်က ချာချာလည်နေပြီ။ အသံတွေက
နားနှင့်မဆန့်အောင် ဆူညံလာသည်။ ရပ်တည်၍မရသည့်အဆုံး၌
လက်ထဲကဖန်ခွက်လွတ်ကျပြီး လှုကာထိုင်နေရာမှ အရုပ်ကြိုးပြတ်ခွေလဲ
ကျသွားလေသည်။

"လုပ်ကြပါဦးဟာ .. ဒီကိုင်နာ မူးလဲသွားပြီ"









"မိုက် .. မိုး .. သရိုး .. တူး ... ဝမ်း ... ဖိုးနိုး"
"ဟက်ပီးနယူးရီးယား"
"အား" "ဖုန်း"

ကျယ်လောင်သော အသံတွေက နောက်ဘက်တောအုပ်ဆီ
သို့အောက် ပြန့်ထွက်သွားသည်။

အရက် ရှုတ်တရက်လန့်ပြီး ခုတင်ပေါ်က လိမ့်ကျခြင်းဖြစ်သည်။
သစောကမှ မြေပြင်ပေါ်မှာ ခု ဘယ့်နှယ်ကုတင်ပေါ်ရောက်နေပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်။ သူ အိပ်ခန်းထဲက ထွက်လာပြီး ဝရန်တာကနေ လှေခါးအတိုင်း မဆင်းဘဲ ခုန်ချလိုက်သည်။ ပြီးတော့ ပါးစပ်ကို လက်ဝါးနှစ်ဖက်ကာ လိုက်ပြီး

"ဖိုက် .. ဖိုး .. သရီး ... ဖိုး .. ဖိုက် .. စီးရှိုး ... စီးရှိုး .. စီးရှိုး"

"ဟက်ပီး နယူးရီးယား .. မင်္ဂလာပါ နှစ်သစ်မိတ်ဆွေကြီး ခင်ဗျား"

အသံလာရာသို့ အားလုံးဝိုင်းကြည့်ကြသည်။ ကိုဦးက ဆာဟာရ ၄ က်ကုလားအုပ်ခြေလှမ်းမျိုးနဲ့ ပြေးလာပြီး အရှေ့ကို ခွဲခေါ်လာသည်။

"ဆရာ အရှေ့ .. နောအရှေ့ မြန်မြန်ကြပါ။ မင်္ဂလာရှိတဲ့ နှစ်သစ်ကို အလဟဿမဖြစ်ရအောင်လို့ ပျော်ပျော်ပါးပါးကာလိုက်ရအောင်"

အသံသေတ္တာတွေထဲက ဒီဂျေတီးလုံးသံများက သူတို့အားလုံးကို မြူးမြူးကြွကြွနှင့်ကစေသည်။ အားလုံးမှ တကယ့်အားလုံး အယ်ဒီတာကြီးပါ လှုငယ်များနှင့် ရောနှောကခုန်နေသည်။

အယ်ဒီတာကြီးမောသွားပြီ။ မဟာန်နိုင်တော့။ အိပ်တန်းဝင်ရန် ဘန်ဂလိုကိုပြန်သည်။

လူငယ်များက ဒီညကိုဖြတ်[illegible]ဆိုသည်။ သူတို့အားလုံး





ကျန်ခဲ့သောနှစ်ဟောင်းသည် မည်သည့်ဖက်ရှင်၊ မည်သည့်တေးသွားဖြင့် ကျန်ခဲ့သည်မသိ။ ထို့အတူ နှစ်သစ်သည် မည်သည့်ဝတ်စုံ၊ မည်သည့်သံစဉ်ဖြင့် ရောက်လာသည်ကို မသိနိုင်၊ မမြင်နိုင်ပါဘဲ အမှောင်ထုကို စောင့်ကြည့်ပြီး ပျော်ရွှင်ကြသည်။ သေဆုံးကြသည်။ ငိုကြွေးကြသည်။ ကမ္ဘာပေါ်ကလူတွေ ဆွေမျိုးသားချင်းများ သေလျှင် ငိုကြွေးကြသည်။ သို့သော် နှစ်တစ်နှစ် သေဆုံးတိုင်း တကမ္ဘာလုံးက ဝိုင်းဝန်းပျော်ရွှင်ကြသည်။ အမှန်တော့ ဆုံးရှုံးမှုတစ်ရပ်အနေဖြင့် ဝမ်းနည်းစရာမဟုတ်ပါဘူး။

တဖြည်းဖြည်းနှင့် မဟူရာရောင်တွေ ပျော်ကျလာသည်။ ပုစွန်ဆီရောင်၊ ငါးကြင်းဆီရောင်တွေပေါ်လာပြီ။ သိမ်သိမ်သည်းသည်း လေထုထဲသို့ အရှေ့ဘက် အုန်းမောင်းသံက ဖောက်ထွက်လာသည်။ ကမ္ဘာဦး နာရီသံတွေ ဟိုနားဒီနားက ပေါ်ထွက်လာသည်။ အလန်းမြည်ခါနီးမှ အချိန်ယူရသေးသည်။ တောင်ပံနှစ်ဖက်ကို တဖြန်းဖြန်းရိုက်လိုက်ပြီးမှ

"အောက် .. အီ ... အီ ... အွတ်"

သံတို၊ သံရှည်၊ သံပြတ်၊ သံကပ်မျိုးစုံဖြင့်တွန်သည်။ အရှေ့ တံထဲ ဒီခေတ်ရက်ပါတွေ အပြိုင်အဆိုင် အော်နေကြတာကို တွေးမိသည်။

"ရက်ပါချင်း ရန်တွေမဖြစ်ပါနဲ့"

ရက်ပါချင်းသာမက လူသားအချင်းချင်း ရန်မဖြစ်လျှင် ကမ္ဘာကြီးသည် အမြဲရောင်ဝတ်စုံနှင့် လှနေမည်သာဖြစ်သည်။



www.burmeseclassic.com



ဇန်နဝါရီလ (၁) ရက်

အယ်ဒီတာကြီးနှင့်ကိုဦးတို့ လူစုနေသည်။ အားလုံးစုံသည်နှင့်

"သဲဖြူကျွန်းကို လိုက်မယ့်လူတွေ ဒီဘက်ကိုလာပါ"

"မလိုက်ချင်တဲ့လူက ချောင်းသာနဲ့ကမ်းခြေကို လျှောက်လည်လို့ရတယ်"

ချောင်းသာကမ်းခြေမှ လှမ်းကြည့်လျှင် ရေးရေးမှုန်မှုန်သာမြင်ရသည့် ပင်လယ်ထဲက ကျွန်းကလေး၊ ကိုဦးနှင့် မိန်းကလေးများက





လိုက်မည့်အဖွဲ့၊ မှန်တောက ချောင်းသာနှင့်သဲဖြူကျွန်း ကို ရောက်ဖူးသည်။ အရှုထားနှင့်ထုံပေယာ ခုမှရောက်ဖူးခြင်းဖြစ်သည်။ အရှုထားက ချောင်းသာကမ်းခြေကို လျှောက်ကြည့်မည်။ မှန်တောက ရောက်ပြီးသား ထုံပေက ရေမကူးတတ်။ ဆင်၊ မျောက်၊ ခါ သုံးဦးနှင့်အတူ ရပ်ပါ အချို့သာ ကျန်ခဲ့သည်။

စက်လှေက တဖုန်းဖုန်းမြည်ပြီး ကမ်းကခွာနေသည်။

"ဟော့ ပြောင်ကြီး .. သဲဖြူကျွန်းရောက်ရင် ဂွမ်းမထိုးနဲ့။ ဟိုဟာ ကျိုးတတ်တယ်နော် .. ခါး .. ခါး"

မှန်တောက ကိုဦးကို လှမ်းနောက်နေပြီး ချိုရည်ကိုပါ တာ့တာ လုပ်နေသည်။

"တွေ့လား ထုံပေ ... ငါ့ရဲ့ချစ်သူလေး ပြုံးပြနေတာ။ မင်းတို့ နှစ်ယောက်လုံး ငှက်ပျောတုံး ... ဟင်"

မှန်တော နောက်လှည့်ကြည့်တော့ သူတို့တစ်ယောက်မှမရှိတော့။ ခပ်လှမ်းလှမ်းရောက်လို့နေပြီ။ ချောင်းသာကမ်းခြေသည် သဘာဝ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိ။ သန့်ရှင်းပြီး ကမ်းခြေပြေပြစ်သည်။ ကျောက်ပုထိုးစေတီသည် နှစ်ပေါင်းများစွာကတည်းရှိခဲ့သော ချောင်းသာ ၏ အမှတ်အသားအဖြစ် ထင်ထင်ရှားရှားရှိနေသည်။

အရှုထားနှင့်ထုံပေက မှန်တော့ကို ရပ်စောင့်နေကြသည်။

"ချောင်းသာရွာထဲ သွားကြမယ်"

www.burmeseclassic.com



မှုန်တော့စကားကို အရူထက်ကာကန့်ကွက်သည်။

"ရွာထဲမသွားဘူး။ ကမ်းခြေလျှောက်ကြည့်မယ်"

အရူးတို့စကားကို ထုံပေက ထပ်မံကန့်ကွက်သည်။

"မင်းကမ်းခြေက ရေတွေပဲမြင်ရမှာ ... ရွာထဲဝင်မှ မြာလေး

နွံမှာပေါ့ကွာ"

အရူထက ထုံပေ့နှာခေါင်းပွကို လက်နဲ့ညှစ်လိုက်ပြီး

"နာပွ .. ရာက ... ကာမ .. လာယာ ... ချောင်းသာရွာသူ

တွေ ဝေးဝေးသာရှောင်"

'ကဲ .. မိုးသူတော်ဦးမင်းနဲ့ လူဦးမင်းရေ ငါတော့သွားပြီ။ လိုက်ချင်

တဲ့လူလိုက်ခဲ့ပေတော့"

ထုံပေက မှုန်တော့နောက်သို့ လိုက်သည်။ နည်းနည်းလှမ်းသွားမှ

သတိရပြီး အရူးကိုလှမ်းအော်သည်။

"ဟေ့ရေ ဒီ မှုန်တော ... မင်းရိုက်ထားတဲ့ ကျောက်တန်းနေရာ

ငါ့ကိုလိုက်ပြမယ်ဆို"

"မလိုက်နိုင်တော့ဘူးဟေ့။ အဲဒီကမ်းခြေအတိုင်း မြောက်ဘက်ကို

လျှောက်သွား။ ကျောက်မောင်နှမနားကျရင် တွေ့လိမ့်မယ်"

နှစ်ယောက်သား ပြောပြီး ပြေးသွားသည်။

"မိုးသက်လေနှင်" သီချင်းသံဝါဝါသည် ရွာဖက်ဆီမှ ဆွတ်ပျံ့

လွင့်မျောစွာ လွင့်ပါလာသည်။ အရူထိစိတ်ထဲမှာ ဘယ်သူ့ကို တမ်းတ





နေမှန်းမသိ။ ဆွေးဆွေးကြီးဖြစ်နေသည်။ လူကသာ ၁ရွေ့ရွေ့သွား

နေသည်။ အသိစိတ်က သူ့ကိုယ်မှာမရှိ။ ဟိုဝေးဝေးမှာ မတ်မတ်ရှိ

နေသော ကျောက်ဆောင်ကို လှမ်းမြင်ရသည်။ မှုန်တောပြောတဲ့

ကျောက်မောင်နှမဖြစ်မည်။

တဖြည်းဖြည်းနီးလာသည်နှင့် သူတွေ့လိုသော ကျောက်တန်းကို

ပင်လယ်ရေစပ်မှာ လှမ်းမြင်နေရပြီ။ လူပျိုမဒန်းလေး ရှည်းစားနဲ့

တွေ့ခါနီး ရင်ခုန်သလို တလှပ်လှပ်နဲ့ ရင်တွေကခုန်၊ ဒူးတွေကတုန်၊

ကျောက်တန်းပေါ် ခြေလှမ်းချစဉ်မှာ စိတ်ကပျော်ရွှင်လာသည်။

ဒီနေရာမှာ သူနဲ့တွေ့ခဲ့တာ။ သူ မျက်စေ့ကိုမှိတ်လိုက်ပြီး လက်နှစ်ဖက်

ကို ဆန့်တန်းလိုက်သည်။ ဒီအချိန်မှာ သူ့လက်ကို ဆုပ်ကိုင်သူသည်

သူ့ချစ်သူဖြစ်ရမည်ဟု နုတ်ခမ်းဖူးဖူးလေးနဲ့ မိဖူးရယ်၊ နုင်သာ

အိပ်မက်ထဲကလို ရောက်လာရင် ငါ့လောက်ပျော်တာ ဒီကမ္ဘာမှာမရှိ။

အေးစက်စက်လက်တစ်စုံက သူ့လက်ချောင်းများကို ဆုပ်ကိုင်

လိုက်သည်။

"မိဖူး .. မိဖူးရယ်"

"အစ်ကို .. အစ်ကို ... သတိရပြီလား"

သူ့လက်ချောင်းများကို လှုပ်ခါပြီးခေါ်နေသည်မှာ မိဖူးမဟုတ်။

ယောက်ျားလေးတစ်ယောက်အသံ။ အဟုတ် .. သူ့မျက်လုံးဖွင့်ကြည့်

တော့ အသားညိုညို ဆံပင်လိုင်းတွန့်နဲ့ ကောင်လေး

"ကျုပ် .. လေ့ပေါ်က လှမ်းမြင်နေရတာ ကြာပြီဗျ။ တောင့်



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးရပ်နေတော့ မတ်တပ်ကြီးမေ့နေသလားလို့"

"မဟုတ်ပါဘူး .. ရေကသိုင်းရှနေတာ"

"ခင်ဗျားက သိုင်းဆရာလား"

"မဟုတ်ပါဘူး .. ဒီဖိုင်နှာပါ"

"ဗျာ ... ဘာနှာ"

ကောင်လေးက နားလည်ဟန်မတူ

"ပန်းချီဆရာလို့ပြောတာ"

"သြော်"

အရုဏ်က ခပ်လှမ်းလှမ်းသောင်ပြင်ပေါ် မေးတင်နေသော လှေကို ကြည့်ပြီး

"ညီလေးလှေလား။ အဲဒါ ဘာလုပ်နေတာလဲ"

လှေနားက ကောင်လေးတစ်ယောက်ကို မြင်၍မေးလိုက်ခြင်း ဖြစ်သည်။

"ငါးဖမ်းပြီးပြန်လာတာလေ။ ပိုက်ထဲကငါးတွေဖြုတ်နေတာ"

အရုဏ်စိတ်ဝင်စားသွားပြီး

"လာ .. ညီလေး ... သွားကြည့်ရအောင်"

လှေက သစ်လုံးကိုထွင်းထားသော ထွင်းလုံးလှေဖြစ်သည်။ လှေထိပ်မှာ ရွက်တပ်ထားသည်။ လှေဝမ်းထဲမှာတော့ ပိုက်တွေကြီး ဒိုက်ထဲက ငါးတွေ သူတို့ဖြုတ်ပြီး တောင်းထဲကို ထည့်သည်။ ငါးတွေက ပုံစံမျိုးစုံ၊ အရောင်မျိုးစုံပါသည်။ ဂဏန်းတွေက ရွှမ်း ရွှမ်းနဲ့ လှုပ်ရှား





နေသည်။ ပါးနှစ်ဘက်မှာကား လေဝင်ပေါက်လို ရှည်မျောမျော ပါးဟပ်ပေါက်သုံးပေါက်ပါသည့် နီညိုရောင်ငါးတစ်ကောင်ပါလာသည်။ နာချွန်ချွန်အောက်မှာ ဂငယ်ပုံသဏ္ဌာန်ပါးစပ်ရှိသည်။ သွားတွေက ကြွက်တောင်တဲ့ညှပ်လို ချွန်မြနေသည်။

"အဲဒါ .. ငမန်းအဘိုးကြီးမဟုတ်လား"

ကောင်လေးနှစ်ယောက်က အံ့ဩဟန်ဖြင့် ပြိုင်တူမော့ကြည့် သည်။ ကျွန်တော်ကိုယ်တိုင်ပင် လွှတ်ခနဲပြောလိုက်ပြီးမှ အံ့ဩနေ မိသည်။

"ဟုတ်တယ်ဗျ .. ဒါနဲ့ ခင်ဗျားက ဒီကမ်းခြေကတော့ မဟုတ် ပါဘူးနော်"

"မဟုတ်ပါဘူး။ အစ်ကိုက ရန်ကုန်ကလာတာ"

"ရန်ကုန်ကလူဆို .. ဒီငမန်းမျိုး ဘယ်လိုလုပ်သိမလဲ"

"ဟုတ်တယ် .. အစ်ကိုလည်း ရုပ်မြင်ပုံပြီး ပါးစပ်က လွှတ်ခနဲ ထွက်သွားတာ"

"ဒါနဲ့ မင်းတို့နှစ်ယောက်က ညီအစ်ကိုထင်တယ်"

"ဟုတ်တယ်ဗျ .. ကျုပ်က အုန်းလှ၊ သူက အုန်းမြ"

"အစ်ကို့နာမည်က အရုဏ်လို့ခေါ်တယ်"

"အရုဏ်ဆိုတာ အရုဏ်ဦးကိုပြောတာနော်"

အုန်းလှက နာမည်ကို အဓိပ္ပာယ်ဖွင့်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာမှန်တယ်"

"နာမည်လေးလှတယ်ဗျာ။ ကျုပ်တို့နာမည်တွေကျတော့ အုန်းတောထဲကကိုမထွက်ဘူး။ အုန်းလှတဲ့၊ အုန်းမြတဲ့ ဟားဟား"

ဗိုက်ထဲကငါးတွေကုန်တော့ တစ်ယောက်က ငါးတောင်းကိုထမ်း။ တစ်ယောက်က ဗိုက်ဖုံကို ပခုံးပေါ်တင်လိုက်ပြီး

"အစ်ကို .. ကျုပ်တို့အိမ်လိုက်လည်ပါလားဗျူ။ ဟို အုန်းခြံထဲက အိမ်လေးပဲ"

နုတ်ဆိတ်နေလျက်သား ခြေလှမ်းတွေက သူတို့နောက်သို့ အလိုလို လိုက်ပါသွားသည်။

"အစ်မရေ ... ဒီမှာဧည့်သည်ပါလာတယ်ဗျ"

"အေး .. လာ လာ သူငယ်"

တကာယ့်အရောင်အဆင်းကင်းသည့် အဖြူထည်အပြုံးနှင့် လောကွတ်ပြုသည်။

"အိမ်မရော"

"နင်တို့အဖေ ခေါင်းရင်းဘက်မှာ ဓနိရွက်တွေ သပ်နေတယ်"

"ဘယ်သူတုန်းဟ"

"အုန်းလှတို့ပြန်လာကြတာ။ ဧည့်သည်ပါ ပါလာတယ်"

"ဟေ .. ဘယ်ကဧည့်သည်တုန်း။ မင်းတို့လှေနဲ့ ပါလာတာလား"





"မဟုတ်ဘူး .. အဖရေ .. ကျုပ်တို့လှေဆိုက်မှ အချစ်မျှော်ကျောက်တန်းမှာတွေ့ခဲ့လို့ အိမ်လည်ခေါ်ခဲ့တာဗျ"

အရှုထ့်အတွေးထဲ လက်ခုနဲ့ဖြစ်သွားသည်။

"အချစ်မျှော်ကျောက်တန်းလို့ ဘာဖြစ်လို့ခေါ်တာလဲဟင်"

"ကိုထွန်းလှရေ .. သူငယ်ကို အိမ်ပေါ်ခေါ်ပါတော်။ အုန်းလှရေ ဧည့်သည်ကို အုန်းမှုန့်လက်ဆောင်းလုပ်ပြီး တိုက်လိုက်ဦး"

"လာ .. သူငယ် အိမ်ပေါ်တက်။ ဒီအကြောင်းတွေ ပြောရရင်တော့ အချိန်ယူပြီး ပြောရမှာ။ သူငယ်အချိန်ရပါ့မလား"

"သူငယ်က ဘယ်ကလာတာလဲ"

ဟုတ်ပါရဲ့။ မေ့နေလိုက်တာ။ ကျွန်တော် ဘယ်သူ၊ ဘယ်ကလဲဆိုတာ ပြောသင့်တာပေါ့။

"ကျွန်တော် ရန်ကုန်ကပါ။ ချောင်းသာကို အပန်းဖြေ လေ့လာရေးခရီးထွက်ခဲ့တာပါ"

"ဒါနဲ့ သူငယ့်နာမည်က"

"ကျွန်တော့်နာမည် အရှုထ်ပါ"

"ဘယ်လို အာပုံ .. ဟုတ်လား"

"မဟုတ်ဘူးအဖရေ .. အရှုထ် .. အရှုထ်"

"အစ်ကို .. အုန်းမှုန့်လက်ဆောင်းလေးကို သောက်ဦး"

အုန်းလှ တည်ခင်းသော အုန်းမှုန့်လက်ဆောင်းကိုသောက်ရင်း

"ခုနက အချစ်မျှော်ကျောက်တန်းအကြောင်း ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းလူ ဆေးတံကို ဒန်မီးခြစ်နှင့် မီးညှိလိုက်သည်။ ဆေးတံကို ပါးစောင်နှစ်ဖက်ခွက်ဝင်သွားအောင် ဖွာယူလိုက်ပြီး မီးခိုးငွေ့များကို မှုတ်ထုတ် လိုက်သည်။

"အင်း ... ပြောရရင်တော့ ကျောက်ဆောင်ဆိုတဲ့ ကောင်လေးနဲ့ ဖူးပြည့်စုံဆိုတဲ့ ကောင်မလေးက စရမှာပေါ့"

ဆေးတံမီးခိုးများက မှုန်ဝါးပျံ့လွင့်သွားသည်။









မိုးသက်လေပြင်းတွေကြားမှာ ဒေါ်အုန်းရင် ငူငူကြီးရပ်နေသည်။ အပြင်မှာ အရိုးတုန်အောင် ချမ်းနေပေမယ့် ဒေါ်အုန်းရင်ရဲ့ ရင်ထဲမှာ ပူလောင်သည်က ရဲမီးတမျှ

"အုန်းရင် ... နင့်စိတ်ကိုလျှော့ထား။ ညီအေးအတွက်ကတော့ ကံပဲ။ ဘုရားမှာ ဆုတောင်းမထွာပိုပြီး နင်လုပ်နိုင်တဲ့အလုပ်ကိုလုပ်။ လာ .. လာ အအေးမိပြီး နင်ဖျားမှ နင့်သားလေးပါ ဒုက္ခရောက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သည့်တော့မှ ဒေါ်အုန်းရင် သူ့သားလေးကို သတိရလာသည်။

"သားလေးရေ .. မင်းအဖေတော့ ပြန်မလာနိုင်တော့ဘူး ထင်ပါရဲ့ .. ဟီး .. ဟီး"

ဒီနေ့ ရာသီဥတုသာယာနေပါရဲ့ ငြိမ်သက်နေတဲ့ ပင်လယ်ပြင်ကြီးဟာ မော်ဒန်ပန်းချီကားတစ်ချပ်ပမာ အရောင်အသွေးစုံကို စုတ်ချက်ကြမ်းကြမ်းတွေနဲ့ ရောမွှေထားသည်။ အအေးရောင်ကပါ လေဟာနယ် မှုန်မှုန်ဝေးဝေးမှာ အရောင်နွေးကာ ရောထွေးလာပြီး အပူရောင်မျိုးစုံလာသည်။ အပူရောင်တွေ လွှန်လွှန်ကဲကဲ ဖိစီးနေသော ပန်းချီကားနှင့်။ ရင်တွင်းအပူမီးဖိစီးနေသော ပန်းချီကားနှင့်။ ရင်တွင်းအပူ မီးဖိစီးနေသော မိန်းမတစ်ယောက်။ မျှော်လင့်ချက်တစ်ခုက ကမ်းခြေဆီသို့ ရေလှိုင်းနှင့်အတူ တရွေ့ရွေ့မျောပါလာသည်။ လှိုင်းဦးခိုက်ရာ ကမ်းခြေအဆုံးမှာ လှေတစင်းမှောက်လျက် လာတင်နေသည်။ သူ့သခင်သည် ပင်လယ်ပြင်နှင့် စီးချင်းထိုးရင်း ပင်လယ်ကြမ်းပြင်၌ ကျဆုံးခဲ့ပြီဖြစ်ကြောင်းနှင့် သူ့သခင်အတွက် သူ့ရင်ဟက်တဲ့ကွဲခဲ့ရ ကြောင်းကိုလာပြီး သက်သေပြနေသယောင်

ထိုနေ့မှစပြီး ဒေါ်အုန်းရင်သည် သားတစ်ယောက်အတွက် သူ့ရဲကောင်းမုဆိုးမတစ်ဦး ဖြစ်ခဲ့လေသည်။ ကျောက်ဆောင် လေးတန်နှစ်မှာ သူ့ကိုအမြင်ကပ်သော သူနှင့်စပေ့ွသည်။ ကျောင်းတက်ခေါင်းလောင်းသံကို ဝေးဝေးမှကြားသည်။ ကျောက်ဆောင်လုံချည်ကို တိုတို





ပြင်ဝတ်ပြီး လွယ်အိတ်ကိုစလွယ်သိုင်းကာ ကျောင်းသို့ နှုန်းပြေးတော့သည်။

စာသင်ခန်းဝသို့ ပြေးအဝင် 'အုန်း' ကနဲမြည်သံနှင့်အတူ ကောင်မလေး ဖင်ထိုင်လျက်လဲကျသွားသည်။ ကျောက်ဆောင် ရုံဘတ်ထဲအောင့်သွားပေမယ့် ကောင်မလေးကို အရင်ပြေးထူသည်။ မထင်မှတ်တဲ့ သူ့လက်က ကျောက်ဆောင်မျက်နှာကို လှမ်းရိုက်လိုက်သည်။ နောက်တစ်လှမ်းဆုတ်လိုက်တာတောင် ကျောက်ဆောင်လည်ပင်းတစ်ချက် ပုသွားသည်။ သူ၏နှုန်းညံ့စိတ်တွေ ကျောက်ခဲလို ခဲကျလာသည်။

"တောက်"

ကောင်မလေးမျက်လုံးဝိုင်းဝိုင်းမှာ ဒေါသငွေ့တွေ လျှံနေသည်။ ကျောက်ဆောင်ကို စူးစူးရဲရဲကြည့်လိုက်ပြီး

"ငါ့ကိုဝင်တိုက်လို့ နင့်ကိုရိုက်တာ ကျေသွားပြီ။ မှတ်ထား"

ဘယ်သူက တိုင်လိုက်သည်မသိ။ အခန်းထဲသို့ ဆရာမရောက်လာပြီး

"ရန်ဖြစ်တဲ့နှစ်ယောက် ထစမ်း"

သူတို့နှစ်ယောက်စလုံး လက်ပိုက်ပြီးထရပ်သည်။ ကျောက်ဆောင်ကိုမြင်တော့ ဆရာမပါးစပ်ပိုင်းသွားပြီး

"ကျောက်ဆောင် .. နင်တစ်ခါမှ ရန်မဖြစ်ဘူးပဲနဲ့ ခုဘယ်လိုဖြစ်တာလဲ ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဖြစ်ထားမဟုတ်ဘူးဆရာမ။ ကျောင်းနောက်ကျလို့ တာသင်ခန်းထဲပြေးဝင်တုန်း သူနဲ့အပေါက်ဝမှာ ဝင်တိုက်မိတာ ဆရာမ"

"ကဲ ဖူးပြည့်စုံ .. ဆက်ပြော"

"သူဝင်တိုက်လို့ သမီးချော်လဲတာ။ မကျေနပ်လို့ သမီးသူ့ကို လှမ်းရိုက်တာ"

"နှစ်ယောက်စလုံးမှာ အပြစ်ရှိလား" "ရှိပါတယ်ဆရာမ"

"နှစ်ယောက်စလုံး အဲဒီအတိုင်းရပ်နေ။ ငါထိုင်ဆိုမှ ထိုင်ရမယ်"

"ကဲ .. စာသင်မယ်။ စာအုပ်ထုတ်ကြ"

သူငယ်တန်းကာစ ယနေ့အချိန်ထိ ကျောင်းမှာ ရကျောက်ဆောင် နာမည် အစွန်းအထင်းမရှိ။ ဒီနေ့မှ ရေတိသီးနဲ့ပေါင်ပြီး အဆောင် ခံရတာ။ ဖူးပြည့်စုံတဲ့။ နာမည်ကလည်း တင်စီးလိုက်တာ။

ကျောက်ဆောင်ကတွေးရင်း သူ့ဘက်လှည့်ကြည့်သည်။ ကောင်မလေးက သူ့ကို ဘယ်အချိန်ကကြည့်နေသည်မသိ။ မျက်လုံး ချင်းဆုံတော့ မျက်စောင်းထိုးပြီး ချာခနဲပြန်လှည့်သွားသည်။

"ဟွန်း ... ဘယ်လိုကောင်လဲမသိဘူး။ နာမည်က ကျောက်ဆောင်တဲ့။ လူကလည်း ကြမ်းလိုက်တာ"

"ဖူးပြည့်စုံ ... ဆရာမ နပြောနေတာ ဘာအကြောင်းလဲ ပြောစမ်း"

ကောင်မလေးအငိုက်မိသွားပြီ။

"သမီး မကြားလိုက်ဘူးဆရာမ"





"ကျောင်းဆောင်ပြောစမ်း"

"ခေါင်းယောင်ဆောင်သောကျီးပါ ဆရာမ"

"မင်းထိုင်"

"ဖူးပြည့်စုံ .. ထိုင်ထလုပ်"

ကောင်မလေး မျက်နှာရှုံ့သွားပြီး ထိုင်ထလုပ်သည်။ တော်တော် ကြီးကြာမှ

"ရပြီ .. ရပြီ .. ထိုင်တော့"

"မင်းတို့နှစ်ယောက်စလုံးကော ကျောင်းသားအားလုံးလည်း တ်ထား။ နောက်ကို ရန်ဖြစ်ရန် ဒီကြက်ဥကြိမ်နဲ့ အရိုက်ခံရမယ် ကြားလား"

ကျောင်းဆင်းခေါင်းလောင်းသံမြည်လာသည်။ လယ်ကန်သင်းကို းလိုက်စဥ် စီးထွက်လာသောရေလုံးလို ဝေါခနဲအသံနှင့်အတူ ကျောင်းသားများ ကျောင်းပေါက်ဝမှ ခုန်ပေါက်ပြေးထွက်လာ ကြသည်။ သင်ခန်းရှေ့က မိန်းကလေးတွေ ရှေ့ကပြေးနှင့်သည်။ တစ်ချို့ ယောကျ်ားလေးတွေက မိန်းကလေးနှင့်အပြိုင်ပြေးသည်။ ကျောက် ဆောင်အတွေးက တစ်မျိုး။ အိမ်က ဘယ်မှ ထွက်မပြေးဘူး။ လူကသာ ပြေးနေတာ။ အေးအေးဆေးဆေးပြန်လဲ အိမ်ကရှိနေမှာပဲ။ ကျောင်းမမှီလို့ ပြေးရတာမျိုးကို ကျောက်ဆောင် သဘောကျသည်။

ရှေ့နားက လူတွေ ဘာလို့အံ့နေတာပါလိမ့်။ ကျောက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



အမှားရောက်သွားတော့

"ဘာဖြစ်တာလဲ"

"ကောင်မလေးတစ်ယောက်ကို ဆွဲထုရနေကြသည်။

"အား .. ကျွတ် .. ကျွတ်"

"ဟင် ဖူးပြည့်စုံ"

မနက်ကမှ သူ့ကို စာသင်ခန်းထဲမှာ အမှတ်တရ ဒဏ်ရာပေး သူ၊ ကျောက်ဆောင်အကြည့်က သူရဲ့စကတ်အောက်နားဆီသို့ လှမ်းမြင်သည်။ ဒူးခေါင်းမှာ သွေးတွေ စီးကျလာသည်။ ကျောက်ဆောင် ကုန်းပေါ်ရွက်တွေခူးလာပြီး ဒူးခေါင်းပေါ်အရည်ညှစ်ချပေးသည်။

"အား .. စပ်တယ်။ စပ်တယ်"

ဖူးပြည့်စုံအော်နေရင်း မျက်ရည်ကျလာသည်။

"ခဏနေရင် ပျောက်သွားမှာပါ"

"မျှို"

ကျောက်ဆောင်က အနားကွဲနေတဲ့ သူ့ပုဆိုးကို ပတ်ပတ်လည် ဆုတ်ဖြဲလိုက်ပြီး ဖူးပြည့်စုံရဲ့ ဒူးပေါ်က ဒဏ်ရာကို ကုန်းပေါ်ရွက် အုံပြီး ပုဆိုးစုတ်နှင့် စည်းနှောင်ပေးသည်။ ပြီးတော့ သူတို့ကို ထား ပြီး သူ့အိမ်ရှိရာ အုန်းခြံဘက်ဆီ တရွေ့ရွေ့ပြန်ခဲ့သည်။ ဖူးပြည့်စုံ နာကျင်လွန်းလို့လား။ ဝမ်းနည်းသွားတာလား ဝေခွဲမရ။ ပါးနှစ်ဘက် မျက်ရည်တွေ လိမ့်ကျလာသည် [illegible] တွေ နောက်ကမှိုလာသည်





ဖူးပြည့်စုံခြေထောက်က ပတ်တီးကိုမြင်ပြီး ဆရာမကမေးသည်။ သေားက ကောင်မလေးတွေက ချော်လဲနေတုန်း ကျောက်ဆောင်ရောက်လာပြီး သူ့ပုဆိုးနှင့်ပတ်တီး စည်းပေးသွားတာ ပြောပြကြသည်။

နာမည်ကြမ်း .. ဘဝကြမ်းပေမယ့် စိတ်နှလုံးနူးညံ့ထက်မြက်သော သူ့တပည့်အတွက် ဆရာမပီတိဖြစ်မိသည်။

"အဲဒါကြောင့် ညည်းတို့ကို မပြေးဖို့ အမြဲပြောနေရတာ"

"ဖူးပြည့်စုံကျောက်ဆောင်နဲ့ ရန်ဖြစ်ဦးမှာလား"

"သမီး နောင်ကို ရန်မဖြစ်တော့ဘူး ဆရာမ"

"အေးအေး .. ပြည်းပြည်းသွားကြ"

ကျောက်ဆောင်တို့အိမ်က အုန်းတစ်ပင်ချိုင်မှာ။ ချောင်းသာ မြောက်ဖက် ခရီးအတော်လှမ်းသည်။ ကျောက်ဆောင် ပုခုံးထက်က လွယ်အိတ်စလွယ်ကိုဖြုတ်ပြီး လွယ်အိတ်ကို အိမ်ရှေ့ကပြင်မှာ ပစ်ချသည်။

"အမေရေ ... သားဗိုက်ဆာတယ်"

အမေသည် အိမ်ရှေ့မြေကွက်လပ်မှာ အုန်းသားခြောက် (အုန်းသီးအသားခြောက်) တွေကို အိတ်တစ်လုံးထဲထည့်နေသည်။

"အေး .. စားဖို့ဝေ ... အမေလည်း ဆာပြီ။ သားအပြန်ကို စောင့်နေတာ"

ကျောက်ဆောင် အုန်းသားခြောက်အိတ်တွေကို အိမ်ရှေ့အပေါ် အောက်သို့ ဆွဲယူလိုက်သည်။ အမေက အုန်းသားခြောက်တွေစုရင်း



www.burmeseclassic.com

www.burmeseclassic.com



အနားစုတ်ဖွာပြီး ဒူးဆစ်အထိ တိုတက်နေသော ကျောက်ဆောင်၏ ပုဆိုးကို သတိထားမိသည်။

"ဟဲ့သား .. နင့်ပုဆိုးက ဘယ်လိုဖြစ်လာတာလဲ"

"သားအတန်းထဲက သူငယ်ချင်းတစ်ယောက်ချော်လဲလို့ ပုဆိုးဖြဲပြီး ပတ်တီးစည်းပေးခဲ့တာ"

ကျောက်ဆောင်တို့က လုပ်ချလိုက်ပြန်ပြီ။ အမေက သူ့သားအကြောင်းကို အပြစ်မမြင်ပါ။ အနံ့သားခြောက်တွေကုန်သွားတော့ သူတို့သားအဝီ ထမင်းစားကြသည်။

"ဟဲ့သား ... နင့်လည်ပင်းက အစင်းရာက ဘာဖြစ်တာလဲ"

"အိမ်သာသွင်းရင်း ဝါးလုံးစွန်းနဲ့ ခြစ်မိတာပါဗျာ"

အမေ့ကို အမှန်အတိုင်းမပြောလို့၍ လက်ာချောအောင် ပြောလိုက်ရသည်။

ကျောက်ဆောင်တို့ အတန်းပိုင်ဆရာမသည် ချောင်းသာက မဟုတ်။ ပုသိမ်မှလာရသူဖြစ်သည်။ အရင်ကဆို ချောင်းသာရောက်ဖို့ "ချောင်းသာတောလား" ခေါ်ဖွဲ့လို့ရသည်။ ပုသိမ်တက်ကြီးရှေ့မှ ကမ္ဘာ့စစ်ကြောင်းချက်ဗလက်၊ သစ်သားအိမ်ရှည်ကြီးနှင့် ဝါးယားချောင်း ဂိတ်ဆုံးစီးရသည်။ ဝါးယားချောင်းမှ ဝေန်မြစ်ကို ဖြတ်ကူး။ နောက် မောင်သိဝချောင်းကို လှေနှင့်တစ်တန်ကူးပြီးမှ ရှောပြာရွာအထိ ရောက်သည့် ချက်ဗလက်ကားကို စီး[illegible] ရှောပြာရွာမှတဆင့် ဥတိုချောင်းကို ဖြတ်ရသေးသည်။ ချောပြာ ဥတိုချောင်းရဲ့ ဟိုဘက်





တောင်ကြောတွေနဲ့ ပင်လယ်ပြင်ကြီးရဲ့ကြားမှာရှိတဲ့ မြပြန့်လွင့်ပြင်ဟာ "အမြှုရောင်ချောင်းသာရွာ" မေတ္တာတရားရေး႘န်းတဲ့ ဝါသနာကြောင့်သာ ဒီရွာနှင့် ဒီဆရာမ ရေစက်လာဆုံကြခြင်းဖြစ်သည်။

"မင်္ဂလာပါဆရာမ"

"အားလုံး မင်္ဂလာပါကွယ်"

"မင်းတို့အားလုံး မနေ့က သင်လိုက်တဲ့ မြန်မာစာကို ပြိုင်တူဆိုကြ။ အားလုံး မတ်တပ်ရပ်ပြီးဆိုမယ်"

သူတို့အားလုံး လက်ပိုက်၍ မတ်တပ်ရပ်သည်။

"ရှိုတစ်လျှောက် ... မြိုးမောက်ပါတဲ့ လယ်ယာ အချက်ချွန်း၊ ကန်စွန်း ပုစွန်စာနှင့် လှန်တရာ ကညွှဲပေါ်တယ်။ တောဖြစ်လို့ထူ"

မှန့်စားကျောင်းဆင်းသည်နှင့် ကစားကွင်းထဲမှာ ကျောင်းသားတွေ ပြန့်ကျဲသွားသည်။ ထမင်းချိုင့်ပါလာသည့် ကျောင်းသားအချို့သာ အတန်းထဲမှာ ကျန်ခဲ့သည်။ လက်စလက်နရှိသော ကျောက်ဆောင်ကို ဆရာမက ကာဝန်ပေးထားခဲ့သည်။

ပြက္ခဒိန်စာရွက်နောက်မှာ ဘောပင်တစ်ချောင်းဖြင့် အသင်းလေးသင်းရှိ နာမည်စာရင်းကို ကူးရေးနေသည်။ အနားမှာ အရိပ်တစ်ခု ကျလာသည်။

"အဝါအသင်းမှာ ကျော်ထူး၊ မော်ကြီး၊ တက်ကျော်၊ သံနိုင်၊ မိန်းကလေးတွေက ခင်မာကြည်၊ ခင်ခင်ရီ၊ ဖူးပြည့်စုံ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ မော့ကြည့်တော့ အနားမှာ ရပ်နေသူက ဖူးပြည့်စုံ

"နင် ဝါကိုခေါ်လိုက်တာလား"

"ဟော့အော .. ဒီမှာ အသင်းနာမည်စာရင်းတွေ ဆရာမကူနိုင်ထားလို့"

ဖူးပြည့်စုံဒူးဆစ်မှာ ပတ်တီးဖြူဖြူကိုမြင်သည်။

"နင့်အနာ ဘယ်လိုနေသေးလဲ"

"အနာကကျက်လုပြီ။ ဒူးက နည်းနည်းနာနေတုန်း"

ကျောက်ဆောင်က ခေါင်းငုံ့ပြီး နာမည်စာရင်းကို ဆက်ရေးသည်။

"အပြာသင်း"

"ကျောက်ဆောင်"

ဖူးပြည့်စုံ ကျောက်ဆောင်ရှေ့ ခုံတန်းမှာ မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။

"မနေ့က .. မနက်ပိုင်းက နင်နဲ့ရန်ဖြစ်တယ်။ ညနေ ကျောင်းအဆင်းမှာ ငါချော်လဲတော့ နင်လာပြီး ကူညီတယ်။ မနက်က ငါလွန်တာ နင်စိတ်မဆိုးဘူးလား"

"ဆိုးတာပေါ့။ ငါအသားလွတ်အရိုက်ခံရတာ"

ဖူးပြည့်စုံမျက်နှာ ကွက်ခနဲပျက်သည်။ ကျောက်ဆောင် သူ့မျက်နှာကို ကြည့်လိုက်ပြီး





"ဆရာမပြောတဲ့အချိန်ထဲက ငါစိတ်ဆိုးပြေ သွားပြီ။ ငါသာစိတ်ဆိုးနေရင် ညနေက နင့်ကို လှည့်တောင်ကြည့် မှာမဟုတ်ဘူး"

ဖူးပြည့်စုံ ပါးချိုင့်လေးခွက်အောင် ပြုံးလိုက်ပြီး လက်ညှိုးနှင့်လက်မလယ်ထိထားသောလက်ကွင်းကို ကျောက်ဆောင်ရှေ့သို့ ထိုးပေးသည်။ ကျောက်ဆောင်က ဖူးပြည့်စုံလက်ကို သူ့လက်နှင့် ဖိညှစ်လိုက်သည်။

"ဒါတွေ .. ဆက်ကူးလိုက်ဦးမယ်"

"ခဏနေဦး .. နင့်ဖို့ငါယူလာတာ။ ဒီမုန့်စားပြီးမှ ဆက်ကူး"

စက္ကူဘူးလေးတစ်ဘူး ကျောက်ဆောင်ရှေ့မှာ ထားခဲ့ပြီး အခန်းပြင်သို့ ပြေးထွက်သွားသည်။ ကျောက်ဆောင် သူ့ရှေ့က စက္ကူဘူးကို ဖွင့်ကြည့်သည်။ မုန့်ကို လက်နှင့်တို့ကြည့်သည်။ မုန့်ထဲကို လက်က အိခနဲ ဝင်သွားသည်။ မုန့်ကို နမ်းကြည့်ပြီး အဖုံးကို ပြန်ပိတ်လိုက်သည်။

ဖူးပြည့်စုံ စာသင်ခန်းနောက်က ချောင်းကြည့်နေသည်။ ကျောက်ဆောင်နာမည်စာရင်းကို ပြီးအောင်ဆက်ကူးသည်။ ဖူးပြည့်စုံ စာသင်ခန်းထဲဝင်ဖို့ ခြေလှမ်းပြင်ပြီးမှ စိတ်က ချီတုံချတုံဖြစ်နေသည်။ နာမည်စာရင်း ကူးပြီးသည်နှင့် ဘောပင်အဖုံးကိုပိတ်သည်။ မုန့်ဘူးအဖုံးကိုဖွင့်သည်။ မုန့်တုံးကိုယူပြီး ပါးစပ်ထဲကို အကုန်ထိုးသွင်းလိုက်သည်။ ကျောက်ဆောင် မေးကတာည်းက ဒီလိုမုန့်မျိုး ခုမှစားဖူးတော့။ အရသာရှိလိုက်ပုံက ခွေမျိုးတောင်မေ့မတတ်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်မှုန့် ကောက်ညှင်းမုန့်နဲ့ ကြီးပြင်းခဲ့တဲ့ ကျောက်ဆောင်အဖို့ ဂျုံနှင့်လုပ်သော ကိတ်မုန့်အရသာက ချိုအီနူးညံ့လှသည်။ ကျောက်ဆောင်ရေအိုးစင်က သောက်ရေတစ်ခွက်ခပ်ပြီး သောက်နေစဉ် ဖူးပြည့်စုံ ကျောင်းရှေ့ကစားကွင်းထဲ ရောက်နေလေပြီ။ ကျောက်ဆောင်မျက်နှာသစ်နေတုန်း အမေက အဆာပြေစားဖို့ အသင့်ဖြစ်နေပြီ။

"သားရေ .. ချောင်းသာကို အုန်းသီးခြောက်သွားပို့ရမယ်။ ဈေးချိန်မှီလေးရောက်အောင် မြန်မြန်လုပ်ဟေ့"

ခါတိုင်းဆိုချောင်းသာကို ဈေးဝယ်ဖို့ အမေသွားသည်။ ဒီနေ့ ကျောင်းပိတ်သည်မို့ အုန်းသီးခြောက်တွေ လေနဲ့ပို့ရမည်။ ကျောက်ဆောင်က အမေ့အတွက် ကူဖော်လောင်ဖက်။ ချောင်းသာရောက်တော့ အမေက အုန်းသီးခြောက်အိတ်ကို နှစ်လုံးဆောင့်ပြီး ချက်သည်။ ကျွန်တော့်အိတ်ပိုင်းနှစ်ပိုင်းကို ထမ်းပိုးဖြင့်လျှိုပြီး ကျောက်ဆောင်ကထမ်းသည်။ သူတို့သားအမိ ချောင်းသာရွာလည်က ကုန်စုံဆိုင်ကြီးသို့ သွားနေကြသည်။ ဆိုင်ရှေ့ရောက်တော့ ကျောက်ဆောင် ပခုံးတွေကျိန်းနေပြီ။ အထုပ်နှစ်ထုပ်ကို ပစ်ချသည်။ အမေ့ခေါင်းပေါ်က အထုပ်တွေကို ချပေးပြီး ပုဆိုးစနှင့် နဖူးကချွေးကိုသုတ်သည်။ ကျောက်ဆောင်တို့အုန်းခြံတွေက ဒီဆိုင်မှာ ဈေးလာဝယ်ကြရသည်။ တကယ်လည်း ကုန်ပစ္စည်းတွေက အမျိုးအမည်စုံလှသည်။ ကျောက်ဆောင်ဆိုင်ထဲက ပစ္စည်းတွေကို လိုက်ငေးသည်။ ကောက်ညှင်း





ထုပ်ကြီးစည်းထားသလို အရစ်အရစ်နှင့် မိန်းမဝဝကြီး ဆိုင်ထဲက ထွက်လာသည်။ ခဲပြာအပြာကြီးက သူ့ဂုတ်ပိုးမှာ တွဲလောင်းခိုနေသည်။ အသံပြာရှုပ်ရှုပ်ဖြင့် အမေ့ကိုလှမ်းမေးသည်။

"ဒေါ်အုန်းရင် အုန်းသီးခြောက်ရောင်းဖို့လား"

"ဟုတ်တယ် မတင်မေရေ .. လိုတာလေးတွေလည်းဝယ်ရင်း"

အမေကုန်ချိန်နေတုန်း ကျောက်ဆောင် ဆိုင်အပြင်ဘက် လမ်းနားရပ်ပြီး ငေးနေသည်။ ငါးခြောက်တောင်းနှင့်လူတွေ ကုန်စုံဆိုင်ထဲ ဝင်လာကြသည်။ ကျောက်ဆောင် အမေ့ကို လှမ်းကြည့်သည်။ အမေက ဈေးဝယ်နေတုန်း အပေါ်ထပ်ပြူတင်းပေါက်နားမှာ လူရိပ်တစ်ခု လှမ်းမြင်သည်။

"ဟိတ် .. ဖူးပြည့်စုံ"

ကျောက်ဆောင် မကြားတကြားလှမ်းခေါ်သည်။ ဖူးပြည့်စုံ ခေါ်သံကြားရာ လှမ်းအကြည့် ကျောက်ဆောင်က ခေါင်းကိုငုံ့လိုက်သည်။ ခမောက်ဆောင်းထားသည်မို့ ဖူးပြည့်စုံက ဘယ်သူမှန်းမသိ။ ကျောက်ဆောင်က သူ့ကို မော့မကြည့်တဲ့ ဆိုင်ထဲပြန်ဝင်သည်။ မိန်းမဝဝကြီးရဲ့ ခေါ်သံကို ကြားရသည်။

"သမီးရေ .. မိဖူး .. အောက်ကို ဆင်းခဲ့အုန်းဟေ့ .. ဒီမှာလူကျနေလို့"

"လာပြီ .. လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



မှုးပြည့်စုံအော်ပြီး လှေခါးမှဆင်းလာသည်။ ပြီးတော့ ဆိုင်ထဲက လူတွေကို လိုက်ကြည့်သည်။ သူ့နာမည်ခေါ်တဲ့လူကို ရှာနေဟန်တူ သည်။ ကျောက်ဆောင်က တံခါးအကွယ်တွင်ရပ်ပြီး သူ့ကိုချောင်း ကြည့်နေသည်။

ဒေါ်သံကြားလိုက်ပြီး လူရှာမတွေ့။ မှုးပြည့်စုံဆိုင်အပြင် ထွက် လာသည်။ တွေ့ပြီ။ တံခါးအကွယ်တွင်ရပ်နေသော ကောင်လေး တစ်ယောက်။ ခမောက်ကို မကြည့်လိုက်သည်။ ကျောက်ဆောင် သွားတွေပေါ်အောင် ရယ်သည်။

“အေဟီး ... မိဖူး”

“ဒေါ်သံကြားလို့ ငါလိုက်ရှာနေတာ။ လက်စသတ်တော့ နင်ကို နင်ကလည်း နောက်တတ်သားပဲ”

“သားရေ .. ဒီမှာ ပစ္စည်းတွေ လာယူဦးဟေ့”

ဒေါ်အုန်းရှင် လှမ်းခေါ်သည်။

“အဲဒါ နင့်အမေလား”

“ဟုတ်တယ်”

“ဪ .. ဒီဒေါ်ကြီးက တို့ဆိုင်မှာ ဈေးလာဝယ်နေကျဟဲ့ ခုမှ နင့်အမေမှန်းသိတယ်။ နင်တို့ မပြန်နဲ့ဦးနော်”

“ဘာကျွေးမလို့လဲ”

“သမီးရေ ... မိဖူး ဒီကိုလာဈေးကူရောင်းပေးဦး”





မှုးပြည့်စုံ ကျောက်ဆောင်ကို ဆိုင်ထဲရောက်အောင် ဆွဲခေါ် [illegible]လာသည်။

“ဒီမှာ ခဏထိုင်နော်။ ငါဈေးရောင်းပြီးရင် နင့်ကို မုန့်ကျွေးမလို့”

ဒေါ်အုန်းရှင် သူတို့အနားရောက်လာသည်။

“သားရဲ့သူငယ်ချင်းလား”

“ဟုတ်တယ်ဗျ”

ဒေါ်တင်မေက ငါးခြောက်လာရောင်းတဲ့လူတွေကို ငွေရှင်းပေးနေ သည်။ မှုးပြည့်စုံက ဈေးကူရောင်းသည်။ ဒေါ်အုန်းရှင် အထုပ်အပိုး တွေပြင်ပြီး ကျောက်ဆောင်ကို လှမ်းခေါ်သည်။

“သားရေ .. သွားကြမယ်ဟေ့”

ကျောက်ဆောင် ခမောက်ကိုဆောင်းပြီး နေရာမှထသည်။

“ကျောက်ဆောင် ခဏနေဦး။ ဒေါ်ကြီးမပြန်ပါနဲ့။ ခဏလောက် နေပါဦး”

မှုးပြည့်စုံ ပြာပြာသလဲ လှမ်းပြောသည်။ ဒေါ်တင်မေက သမီးကို လှမ်းကြည့်ပြီး

“မိဖူး .. ဘာဖြစ်လို့လဲ”

မှုးပြည့်စုံ သူ့အမေနားကပ်သွားပြီး ဘာတွေပြောလိုက်သည်မသိ။ ကျောက်ဆောင်တို့အနားရောက်လာပြီး

“ဩ ... ဒေါ်အုန်းရှင်သားလား။ မိဖူးချော်လဲတုန်းက သူ့မှဆိုး ကိုပြီး ပတ်တီးစည်းပေးလိုက်တာ။ သူ့နာမည်က ... ”



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ဆောင်ပါ"

"အေး .. ဟုတ်ပြီ။ ဟုတ်ပြီ။ မိမှုလေ ဖိုကြီးချက်မနဲ့ ပြန်လာပြီး သမီးနဲ့ ရန်ဖြစ်တဲ့ကောင်လေးက သူ့ပုဆိုးကိုဖြီပြီး ပတ်တီးစည်းပေးလိုက်တာဆိုပြီး တရှုံ့ရှုံ့ငိုနေတာ"

ကျောက်ဆောင်က မော့ကြည့်သည်။ အမေက ပြုံးစေ့စေ့ ကျောက်ဆောင်လည်တိုင်ကို လှမ်းကြည့်သည်။ ကျောက်ဆောင်မျက်နှာက စပ်ဖြီဖြီနှင့်။ မလုံမလဲဖြစ်နေသည်။

သူတို့ပြန်ခါနီးတွင် စက္ကူထုပ်ရှည်မျောမျောတစ်ခုကို အမေ့လက်ထဲ ဒေါ်တင်မေလှမ်းပေးသည်။ အမေကခေါင်းခါပြီး ပြန်ပေးသည်။ မနေ ဒေါ်တင်မေက အမေ့အိတ်ကိုဖြေပြီးအတင်းထည့်ပေးသည်။ သတင်းစာစက္ကူနှင့် ထုပ်ထားသောပုဆိုးတစ်ထည်။

"ကျောက်ဆောင် ... ရော့"

"ဘာတွေလဲ"

"ဟိုနေ့က .. နင့်ကိုကျွေးတဲ့မုန့်လေ"

ကျောက်ဆောင်လှမ်းယူသည်။ ပြုံးပြည့်ဝံမျက်နှာပေါ်က အပျော်တွေ ပျောက်မသွားစေချင်ပါ။ မမြင်နိုင်သောသမုဒယကြိုးတွေ သူတို့ ရစ်နှောင်လာသည်။ ဟိုးဝေးဝေးအုန်းပင်တန်းတွေကြားမှာ ကျောက်ဆောင်တို့ ပျောက်ကွယ်သွားသည်။









"ကိုထွန်းလှ ထမင်းစားဖို့ဝေ့။ ထမင်းမေ့ ဟင်းမေ့ ဖြစ်နေလိုက်ကြတာ"

သူတို့အားလုံး အတိတ်မှာ နစ်မျောနေရာမှ နိုးထလာကြသည်။ အုန်းမြ အမေနှင့်ထမင်းပွဲပြင်နေသည်။ အုန်းလှတစ်ယောက် ပျောက်နေရာမှ မြေအိုးတစ်လုံးနှင့်ပြန်လာသည်။

"အဖနှင့်အစ်မတို့ စားနှင့်ကြ။ ကျုပ်တို့နောက်မှစားမို့၊ ဒီမှာညည်းသည်ကို နေ့ရည်နဲ့ညည့်ခံမလို့ အုန်းမြရေ။ ဖန်ခွက်တွေနဲ့ ငါးခြောက်ပန်းကန် ဒီကိုယူခဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



အုန်းခြံအလယ်ကွင် ဖျာတစ်ချပ်ခင်းပြီး ခေါ်ရည်အိုးကို ဝိုင်းထိုင်ကြသည်။ ကမ်းနားဖူးကိုကျော်ပြီး ပင်လယ်ကြီးကိုလှမ်းမြင်ရသည်။ ပင်လယ်လေကရှိန်းရှိန်းမြမြ။ အရှုတ်စိတ်ထဲတွင် ကျောက်ဆောင်သည် သူ့ကိုယ်တိုင်ဖြစ်နေသလို ထင်လာသည်။ အချိန်ကမ်းပါးတွေက တဝုန်းဝုန်းပြိုကျနေဆဲ။

သခါရတာရား၏ ရုပ်သိမ်းမှုနောက်သို့ ဒေါ်အုန်းရင်လိုက်ပါသွားခဲ့သည်။ ကျောက်ဆောင်ကို ကာရံထားသည့် မေတ္တာတံတိုင်းတို့ ပြိုလဲခဲ့ပြီ။ မြေမချမီ အမေ့ရုပ်ကြွင်းကိုကျောက်ဆောင် ဦးချကန်တော့သည်။ ကျောက်ဆောင် ရင်ထဲမှသုံးနှုံးခြင်း၊ ဝမ်းနည်းခြင်း၊ ချော်ရည်တွေက မျက်ရည်ပူအဖြစ် စီးဆင်းလာသည်။ ရင်မှအသံများလည်းချောင်းဝတွင် တစ်ဆို့ဆို့အနေသည်။ အမေကောင်းရာ ရောက်ပို့ ရင်ထဲကဆုတောင်းမိသည်။ သောကာ၏လောင်မြိုက်ခြင်းကြောင့် တစ်ကိုယ်လုံးပင်ပန်းနွမ်းနွယ်နေပြီ။ ကရုဏာလက်တစ်စုံက သူ့ပန်းကိုဆုပ်ကိုင်လာသည်။

“လာ … သား … သွားကြရအောင်”

“လာပါ။ ကျောက်ဆောင်ရယ် သွားကြစို့”

ဆရာမနှင့်ဖူးပြည့်စုံ သူ့ကိုတွဲခေါ်လာသည်။ အမေသည် သူ့ကိုလောကထဲမှာထားရစ်ခဲ့သလို သူလည်းအမေ့ကို မြေကြီးထဲမှာ ထားခဲ့ရသည်။ ကျောက်ဆောင်အိမ်မှာရွာလူကြီး၊ အိမ်နီးချင်းများနှင့်





ဆရာမတို့ ကျောက်ဆောင်၏ ပညာရေးနှင့်စား... ...ရေးအတွက် တိုင်ပင်နေကြသည်။ ဖူးပြည့်စုံကဆ... ...သားမှာထိုင်ပြီး ကျောက်ဆောင်ကို ကရုဏာသက်နေသည်။ ကျောက်ဆောင်က ခေါင်းငုံ့ပြီး လူကြီးများနှင့်ဆရာမစကားကို နားထောင်နေသည်။

“ကျွန်မက ကျောက်ဆောင်ရဲ့ပညာရေးအတွက် နှစ်ကုန်တဲ့အထိလိုအပ်တာ တာဝန်ယူပါ့မယ်။ ကျွန်မတပည့်ကို အလယ်တန်းအဆင့်ပညာရေးကို တစ်ပိုင်းတစ်စ မဖြစ်စေချင်ဘူးလေ”

ဆရာမ၏စေတနာ၊ မေတ္တာအဟုန်သည် ကျောက်ဆောင်၏ ပိတိမျက်ရည်ကို ကြွေကျစေ၏။

“ဘာလို့မျက်ရည်ကျနေတာလဲ … နှင်ကျောင်းဆက်တက် ရမှာ ဝမ်းမသာဘူးလား”

မိဖူးက ကျောက်ဆောင်နားကိုကပ်ပြီး တိုးတိုးစကားဆိုသည်။ ကျောက်ဆောင်မျက်ရည်ကြားကပြုံးလိုက်ပြီး…

“ဝမ်းသာလွန်းလို့ မျက်ရည်ကျတာပေါ့ မိဖူးရယ်”

ဘကြီးကြွက်နီက ရွာလူကြီးနှင့်တိုင်ပင်နေသည်။

“ဆရာမဘက်က ဒီကလေးကိုတာဝန်ယူသလို ကျွန်တော်တို့ကလည်း သူ့ရဲ့စားရေးနေရေးအတွက်ကို ဝိုင်းဝန်းတာဝန်ယူပါ့မယ်”

ရွာလူကြီးဦးဖိုးပိန်စကားဆုံးသည်နှင့် ဆရာမက

“ကဲ ကျောက်ဆောင် အခုကြားတဲ့အတိုင်း မင်းရဲ့စားရေးနေရေးအတွက် ရွာလူကြီးတွေကတာဝန်ယူမယ် မင်းရဲ့ပညာရေး



www.burmeseclassic.com

www.burmeseclassic.com



အတွက်ဆရာမဟာဝန်၊ ပညာထူးချွန်ဖို့ကမင်းတာဝန်ပဲ။ ဘာမှ အားမငယ်နဲ့ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ပါဆရာမ ကျွန်တော်ကြိုးစားပါ့မယ်"

အားလုံးကိုနှုတ်ဆက်ပြီး ဆရာမနှင့် ကျောက်ဆောင်အတန်းမှ သူငယ်ချင်းများပြန်ကြတော့မည်။

"ကျောက်ဆောင် ... ဆရာမတို့ပြန်တော့မယ်။ နက်ဖြန် ကျောင်းတက်နော်"

ကျောက်ဆောင် လက်အစုံကိုရင်ဘတ်နှင့်ထိကပ် အရှိအသေ ပြုလိုက်ပြီး

"ဟုတ်ကဲ့ပါဆရာမ"

ဖူးပြည့်စုံ ကျောက်ဆောင်လက်နှစ်ဖက်ကို သူ့လက်နှင့်ဆုပ်ကိုင် လိုက်ပြီး

"တို့ပြန်တော့မယ်။ နက်ဖြန်ဆက်ဆက်ကျောင်းတက်နော်"

ကျောက်ဆောင်ကိုလူမမယ်အရွယ်မှာ အဖေစွန့်ခွာသည်။ ပင်လယ်ကြမ်းပြင်မှာအိပ်နေသည်တဲ့။ ကလေးပီပီအဖေ့ကို အိပ်ချင်ခဲ့သည်။ ယခုလူငယ်ဘဝမှာ အမေကစွန့်ခွာပြန်သည်။ ခုတော့အမေ့လိုမအိပ်ချင်တော့ပြီ။ ကျောက်ဆောင်ရှစ်တန်းနှစ်မှာ ဘဝစာမျက်နှာသစ်စခဲ့သည်။ ကျောင်းပိတ်ရက်တွေမှာ ဘကြီးကြွက်နီ အုန်းခြံက အုန်းသီးတွေခူးရသည်။

"ကျောက်ဆောင်ရေ ... ထမင်းစားဖို့ဝေ့ ဆင်းခဲ့တော့"





"ဘကြီးကြွက်နီ ဒီတစ်ခိုင်ပဲကျန်တော့ ပြီးအောင်ခူးလိုက်မယ်၊ ခဏ ... ခဏ"

"အေး ... အေး"

ဘကြီးကြွက်နီအိမ်ကိုရှုပြီးသည်နှင့် ကျောက်ဆောင်သူ့အုန်းပင်က အသီးတွေခူးရပြန်သည်။ အုန်းသီးတွေခွဲပြီးအုန်းဆံကို အခြောက်လှမ်းသည်။ အလုပ်နှင့်လက်ပြတ်သည်မရှိ။ ကျန်သည့်အချိန်မှာ ကျောင်းစာကျက်ရသည်။

ဘဝကြမ်းကြမ်းနှင့် ကျောက်ဆောင်၊ ပညာရေးမှာလည်း ထူးချွန်သည်။ ဖူးပြည့်စုံက စိတ်ထက်သည်။ ဒါပေမယ့် ပညာရေးမှာ ကျောက်ဆောင်ကိုမမှီ။ သူအားနည်းသည့် အင်္ဂလိပ်နှင့်သင်္ချာကို ကျောက်ဆောင်က နားလည်အောင်ရှင်းပြသည်။ ဖူးပြည့်စုံက မုန့်စားဆင်းချိန်တိုင်း ကျောက်ဆောင်အတွက်မုန့်ယူလာသည်။ ကျောက်ဆောင်က ဖူးပြည့်စုံကျေးတိုင်းမစား။ အမြဲလိုလို ငြင်းဆန်ခဲ့သည်။

တစ်နေ့ ကျောက်ဆောင်အနားမှာ ဖူးပြည့်စုံလာထိုင်သည်။ လက်နှစ်ဖက်နောက်ပစ်ပြီး ဖွက်ယူလာသောမုန့်ဘူးကို ကျောက်ဆောင် ရှေ့မှာချသည်။ အဖုံးဖွင့်သည်။ အထဲမှာလေးထောင့်ညီ စတုရန်း ကိတ်မုန့်နှစ်တုံး မုန့်တစ်တုံးကိုယူပြီး ကျောက်ဆောင်ကို လှမ်းပေးသည်။ ကျောက်ဆောင်က လှမ်းမယူ။ ဖူးပြည့်စုံက အံ့ဩနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါမစားချင်ဘူး မိဖူး"

"နင်ဘာဖြစ်နေတာလဲ။ နေမကောင်း[illegible]ဘူးလား"

"ဘာမှမဖြစ်ပါဘူး။ နင်ကျွေးတာကိုအမြဲတမ်းစားပြီး ငါကဘာမှ မကျွေးနိုင်ဘူး။ ပြီးတော့ အောင်ကိုဆိုတဲ့ကောင် ငါ့ကိုကပ်မြှောင် ကပ်မြှောင်နဲ့အမြဲတမ်းစတယ်"

"ဒီကောင်များ ဂရုစိုက်စရာလား ရောစား"

ကျောက်ဆောင်ကလက်ကာရင်း

"ငါ ... မစား"

သူ့စကားမဆုံးသေး။ ခုံပေါ်ကမုန့်ဘူးပြတင်းကိုကျော်ပြီး လွင့်ထွက်သွားသည်။ မှုံးပြည့်စုံ သူ့စေတနာတွေစွန်းပေခဲ့ပြီး ကျောက်ဆောင်ဘေးကထလိုက်ပြီး။

"ကျောက်ဆောင် နင်ငါ့ခင်မင်မှုကို ခုချိန်ထိနားမလည်သေး ဘူးလား။ နောက်ကို ဒီလိုမျိုးနေမယ်ဆိုရင် ငါ့ကို လုံးဝမခေါ်နဲ့ ဒါပဲ"

မှုံးပြည့်စုံ အခန်းအပြင်ထွက်သွားသည်။ သူ့ကိုလှည့်မကြည့်တော့ ကျောက်ဆောင်ရင်ထဲမှာ လှိုက်လှိုက်လာသည်။ မျက်လုံးအိမ်မှာ မျက်ရည်ကြည်များဖြင့် မှုန်ဝါးနေသည်။ သူ့အပေါ်ဒီလိုနွေးထွေး မှုပေးနိုင်တာ မှုံးပြည့်စုံသာရှိသည်။ အကယ်၍ မှုံးပြည့်စုံသာ မရှိခဲ့လျှင် သူ့ဘဝသည် ...

"မိဖူးရယ် ... ဥပေက္ခာ[illegible] ငါ့ကိုမနှိပ်စက်ပါနဲ့"





ကျောက်ဆောင် စာရေးခုံပေါ်မျက်နှာအပ်လိုက်ပြီး ပါးစပ်ကတိုးတိုးလေး ညည်းညူနေသည်။

စုန်းပြူးအောင်ကို ပြတင်းပေါက်နားမှာ ကျောက်ဆောင်နှင့် မှုံးပြည့်စုံ စကားပြောနေတာကို ချောင်းနားထောင်နေသည်။ သူ့ခြေထောက်ပေါ် စက္ကူဘူးတစ်ဘူး ပြုတ်ကျလာသည်။

"ဟဲ့ပလုတ်တုတ်"

သူလုတ်တုတ်ဆိုင်ချလိုက်သည်နှင့် သူ့မျက်နှာမှာ ပျော့စိစိအရာတွေ လာကပ်သည်။ သူ့မျက်နှာကိုလက်နှင့်သပ်လိုက်ပြီး

"ဟင် .. ကိတ်မုန့်တွေ"

သူလက်ဝါးကို လျှာနှင့်လျက်သည်။

"ကောင်းလိုက်တာ ဒီလိုမုန့်မျိုးကပုသိမ်သွားမှ စားရတာ။ စားရကြီးတော့ အောင်ကို့ထိပ်ပျားစွဲတာပဲ"

စက္ကူဘူးထဲကမုန့်ကိုယူစားပြီးအောင်ကို ဆုတောင်းသည်။

"[illegible]တမ်း ဒီလိုမျိုး စိတ်ဆိုးပါစေ"

အခန်းထဲမှာ မှုံးပြည့်စုံကို တွေ့နေရပေမယ့် ကျောက်ဆောင်စိတ် က စာထဲမှာမရှိ။ မနေ့က ပုံရိပ်တွေသာ မြင်ယောင်နေသည်။

"နောက်ကို ဒီလိုမျိုးနေမယ်ဆိုရင် ငါ့ကိုလုံးဝမခေါ်နဲ့။ ငါ့ကို လုံးဝမခေါ်နဲ့။ ငါ့ကိုလုံးဝ မခေါ်နဲ့။ ဒါပဲ"

"ဘယ် .. ဘယ်လို ... ဘယ်ကိုရယ်နက် .. လည်ပင်းအထိ ခေါင်းကိုနှက်လို့ ရှားမီးခဲတွင် ရဲရဲယက်ကင်။ အကျွန်ုပ်မမြင်စုံပါဘိတကား။



www.burmeseclassic.com

www.burmeseclassic.com



ရွှေချိုးဖိုရယ်လေ။ မယုံလင်သား''

ကချာနောက်ခုံးပိုင်းရောက်မှ သတိဝင်လာပြီး ကျောက်ဆောင် လိုက်ဆိုသည်။

မုန့်စားကျောင်းဆင်းသည်နှင့် ဖူးပြည့်စုံအတန်းအပြင်သို့ ထွက် သွားသည်။ စုန်းပြူးအောင်ကို တစ်နေရာမှ သူတို့အရိပ်အခြေကို စောင့်ကြည့်နေသည်။

ကျောက်ဆောင်ရင်ထဲမှာ ဟာနေသည်။ မိုက်သောခြင်းမှုမဟုတ် တစ်ခုခုလစ်ဟာနေတာဖြစ်မည်။ သူ အတန်းထဲက ထွက်ပြီး ဟိုဟိုဒီဒီ လိုက်ကြည့်နေသည်။ ဖူးပြည့်စုံကို လိုက်ရှာနေခြင်းဖြစ်မည်။ အောင်ကို ကျောင်းထောင့်မှာ ကွယ်ရပ်နေသည်။ ကျောက်ဆောင်ကို အောင်ကိုက ချောင်းနေပြီး ကျောက်ဆောင်က ဖူးပြည့်စုံကို လိုက်ရှာနေသည်။ သူတို့နှစ်ယောက်ကို ဖူးပြည့်စုံ ကစားကွင်းထောင့်မှ လှမ်းကြည့်ပြီး ရယ်ချင်နေသည်။

ကျောက်ဆောင် ဝရံတာမှာ မေးထောက်ပြီး ထိုင်နေသည်။ ဖူး ပြည့်စုံကစားကွင်းထဲက ထွက်လာသည်။ ကျောက်ဆောင် လှုပ်လှုပ် ရှားရှားဖြစ်နေသည်။ အောင်ကိုစိတ်ထဲမှာတော့

''ဟေး .. မုန့်စားရတော့မယ်ဟေ့ .. မုန့်စားရတော့မယ်''

ဖူးပြည့်စုံ မျက်နှာတည်တည်ကြီးနှင့် ကျောက်ဆောင်နားက ဖြတ် လျှောက်သည်။ ကျောက်ဆောင် ကက်ကရက်ကြီး ထရပ်လိုက်စဉ် ဖူးပြည့်စုံလန့်ပြီး နောက်ဆုတ်သည်။ ကျောက်ဆောင်ရယ်ကျဲကျဲလုပ်ပြီး





သူ့လက်ညှိုးနှင့် လက်ခလယ်ကို ထိကွေးကာ ဖူး[illegible]စုံရှေ့မှာရပ် သည်။ ဖူးပြည့်စုံက နှစ်လိုဖွယ်ပြုံးပြီး ကျောက်ဆောင် ပက်ကို ညှစ် သည်။ သူတို့နှစ်ဦး အတန်းထဲမှာ ဘီစကစ်မုန့်ထုပ်ကို မြိန်ရေယှက်ရေ စားနေကြသည်။ အခန်းထောင့်မှ ချောင်းနေသော စုန်းပြူး အောင်ကို တစ်ယောက် ဆုတောင်းမပြည့်ခဲ့ပါ။

''ဟိုက် .. သွားပါပြီ''

ထိုနေ့မှစ၍ ဖူးပြည့်စုံနှင့် ပတ်သက်ပြီး ကျောက်ဆောင် ဘယ်တော့မှ မငြင်းဝံ့တော့ပါ။ အကြောင်းမှု ... ။

ရှစ်တန်းအောင်စာရင်းထွက်သောနေ့

စည်ကားအပ်သောနေရာ၌ စည်ကားနေခြင်းဖြစ်သည်။ ရှုံးသူတွေ လက်မှိုင်ချပြီး အောင်သူတွေက ပျော်ကြပါကြ။ အော်ကြဟစ်ကြ။ အားလုံးထဲမှာ အပျော်ဆုံးက။

''မိဖူး နင်အောင်တယ်''

''ကျောက်ဆောင် ငါတို့နှစ်ယောက်စလုံး အောင်တယ်ဟေ့။ ပျော်လိုက်တာ''

ထိုနေ့က ပျော်ရွှင်ခြင်းသည် သူတို့နှစ်ဦး ဝေးကွာခြင်း၏အစဟု သိခဲ့လျှင် သူတို့ပျော်နိုင်မည်မဟုတ်။

ဘကြီးကြွက်နီနှင့် ကျောက်ဆောင်တို့ အုန်းသားခြောက်တွေဝင် ပြီး ချောင်းသာသို့ထွက်ခဲ့သည်။ ကျောက်ဆောင်သည် အမေနှင့်



www.burmeseclassic.com

www.burmeseclassic.com



လာစဉ်ကလို သေးညှက်ညှက်ကောင်လေးမဟုတ်တော့။ ယွားယွား ကျိုင်းကျိုင်းနှင့် ကိုယ့်ခြေထောက်ပေါ် ရပ်တည်နိုင်ဖို့ အရှိန်ယူနေသည့် အပျိုသင်စ ငှက်တစ်ကောင်ပမာ ဖြစ်လာသည်။

ချောင်းသာရောက်တော့ အုန်းသားအိတ်တွေ ထမ်းပိုးပြီး စကား တပြောပြောနှင့် ရွာဆီတက်လာကြသည်။

"ချောင်းသာမှာတော့ မတင်မေဆိုင်က ဈေးမှန်တယ်၊ ဘယ်တော့ မှ ဈေးမနှိမ်ဘူး"

"ဟုတ်တယ် ဘကြီးကြွက်ရဲ့၊ အမေလည်း အဲဒီမှာပဲ အမြဲ ရောင်းတာ။ ဒါနဲ့ ကျွန်တော်ရောက်တိုင်း သူ့ယောက်ျားကို မတွေ့မိဘူး"

"ဘယ်တွေ့မလဲကွာ။ သူက ပုသိမ်နဲ့ချောင်းသာကို ယက္ကန်းယက် နေတာ"

"ဗျာ .. သူ့မှာ ယက္ကန်းရှိလို့လား"

"မင်းနှယ်ကွာ .. ယက္ကန်းရက်တယ်ဆိုတာ လွန်းအိမ်တွေ ဟို ဘက်၊ ဒီဘက် သွားချည်ပြန်ချည် လုပ်သလိုပဲ။ သူက ကုန်သည် ဆိုတော့ တို့ဆီက အုန်းသားခြောက်တွေ၊ ငါးခြောက်တွေ ပုသိမ်မှာ ရောင်း၊ ပြန်တဲ့အခါကျတော့ ပုသိမ်က အဝတ်အထည်တွေ၊ လူသုံး ပစ္စည်းတွေယူလာပြီး ဒီမှာပြန်ရောင်း၊ အဲဒါကြောင့် သိပ်မတွေ့တာ ပေါ့ကွ"

စကားတပြောပြောနှင့် မှုန်ပြည့်စုံတို့ဆိုင်ရှေ့ရော[illegible]လာသည်။





"ဟာ .. ကိုကြွက်နီတို့ လာ .. လာဗျို့"

ဖြူဖြူဝဝနှင့် လူကြီးက လှမ်းနှုတ်ဆက်သည်။

"ကိုမင်းမောင် .. ဘယ်တုန်းကရောက်လဲ"

"မနေ့ကရောက်တယ်။ ပုသိမ်မှာလည်း အုန်းသားခြောက်ပြတ် နေတော့ ရောက်တာနဲ့ကုန်သွားကာယ်။ အေးအေးဆေးဆေး တား သောက်ပြီးမှ ပြန်ကြဗျာ"

"နေပါစေ ကိုမင်းမောင်၊ ကျုပ်တို့ ကုန်ချိန်ပြီးပြန်မို့"

"ဟာ ... မစားဘဲ ပြန်လို့မရဘူး။ ဒီနေ့အိမ်မှာ မိုးရှူးတာမေးပွဲ အောင်တဲ့အနေနဲ့ ထမင်းကျွေးတာ"

"ဒါဆိုလည်း ဒါနဲ့မြွေကဲ့အောင် စားရမှာပေါ့ဗျား။ ဒီမှာ ကျုပ် ကောင်ကလည်း အောင်တယ်ဗျ။ မိမှုနဲ့ တတန်းထဲလေ"

ဦးမင်းမောင်က အတန်ကြာအောင် စဉ်းစားသည်။ ဦးကြွက်နီမှာ ကလေးမရှိ။

"ဒါ .. ဘယ်သူ့သားလဲ"

"အုန်းရင်ရဲ့သား .. ကျောက်ဆောင်လေ"

"သမီးပြောပြလို့ ဒီနာမည်နဲ့ရင်းနှီးနေတာ။ ကိုကြွက်နီတို့ ခဏ ထိုင်ဦးဗျာ။ မိမှူး ရွာထဲက သူ့သူငယ်ချင်းတွေ သွားခေါ်နေလို့"

သိပ်မကြာလိုက်။ မှုန်ပြည့်စုံ ရွာထဲက သူငယ်ချင်းများနှင့်အတူ ယက်ပံပင် ဆက်ရက်ကျသလို ဆူညံဆူညံနှင့် ဝင်လာကြသည်။ ကျောက်ဆောင်ကိုမြင်သည်နှင့် မိန်းရွာလျှင်ပျော်သည့်ကလေးလို ခုန်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပြီး ပြေးလာသည်။

"ကျောက်ဆောင်နင်ရောက်နေတယ်၊ ငါ ဝမ်းသာလိုက်တာဟယ်"

နောက်မှကပ်ပါလာသော စုန်ပြူးအောင်ကိုက

"ဟဲ .. ဟဲ စားရက်ကြီတော့ ကုတ်နိုပ်ပျားရွဲဆိုတာ ဒါမျိုးပေါ့"

"မုတ်ဆိတ်ပျားရွဲသာ ကြားဖူးတာ။ ဘာလဲ ကုတ်နိုပ်ပျားရွဲ"

"အာလူးကလည်း ဒုန်းဝေးလိုက်တာ။ ဒီကောင် ကုတ်နိုပ်ပြီး လည်ချောင်းရောက်အောင်စားမှာမို့ ကုတ်နိုပ်ပျားရွဲတာလို့ ပြောတာ"

ကျောက်ဆောင်က အာလူးကို လက်ကုတ်ပြီး

"အဲဒီကောင် အောင်ကိုကမှ ကပ်မြှောင်၊ ကျောင်းမှာ လူတိုင်းဆီ က ကပ်စားတဲ့ ကပ်မြှောင်"

"ကပ်မြှောင်အောင်ကို"

အားလုံး ဝိုင်းရယ်ကြသည်။ အောင်ကို့မျက်နှာကြီး မဲသွားသည်။

ဒေါ်တင်မေက ထမင်းဝိုင်းတွေလိုက်ကြည့်ရင်း

"ကိုကြွက်နီ စားနော်။ ဟိုကလေး ကျောက်ဆောင် ဝအောင် စားနော်"

"ဟိုဘက်က အာလူးတို့၊ အောင်ကိုတို့၊ ဘုချေတို့ လိုတာရှိရင် ပြောနော်"

အောင်ကိုက ပန်းကန်လုံးကို မြှောက်ပြပြီး

"ဒေါ်ကြီးတင်မေ .. ဒီမှာ ကြက်သားလိုနေပြီ"

"အေးအေး .. ရမယ်"





အုန်းထမင်းနှင့်ကြက်သားမို့ နှကားအောင်စားကြသည်။ ပူးပြည့်ကို က ကျောက်ဆောင်ပန်းကန်ထဲသို့ ကြက်သားဟင်းများ ခပ်ထည့် ပေးသည်။ အောင်ကို့မျက်လုံးတွေက ဟိုဘက်ထမင်းဝိုင်းထဲ ရောက် နေသည်။ အာလူးက အမြင်ကပ်နေပြီ။ အောင်ကို့ ထမင်းပန်းကန်ကို ဆွဲယူပြီး သရက်ချဉ်သုပ်ပန်းကန်ကို ရွှေ့ထားသည်။ အောင်ကို ထမင်းလုတ်ကို ပါးစပ်ထဲထိုးသွင်းပြီးဝါးသည်။

"အား .. ချဉ်တယ်ဟာ .. ဖွီး ဖွီး"

အာလူးက "မင်းစားတဲ့ပန်းကန်လည်း ပြန်ကြည့်ဦး"

အောင်ကို ပြန်ကြည့်တော့ ထမင်းပန်းကန်အစား သရက်ချဉ် ပန်းကန်ဖြစ်နေသည်။

"အာလူး ဒါ မင်းလက်ချက်မဟုတ်လား"

"ဟုတ်တယ် .. မင်း ကိုယ့်ထမင်းကိုယ်မစားဘဲ ဟိုဘက်ဝိုင်းကို အာသီသွားပွားနေတာကို။ နည်းတောင်နည်းသေး"

ဘကြီးကြွက်နီက ကျောက်ဆောင် အုန်းသားခြောက်ဖိုးကို ရှင်း ပေးသည်။

"မင်းဆယ်ချင်တာရှိရင်ဝယ်ခဲ့လေ။ တို့ပြန်ကြမယ်"

ကျောက်ဆောင် ဆံပင်ညှပ်သည့် ကုလစ်လှလှလေးနှစ်ချောင်း ဝယ်သည်။ ဘကြီးကြွက်နီ နှုးကြောတွေ တွန့်သွားသည်။ စဉ်းစားရ ကြပ်ပြီ။ သူ့အတွက်ဆိုလျှင် စွပ်ကျယ်ဖြစ်ဖြစ်၊ ပုဆိုးဖြစ်ဖြစ် ဝယ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလိမ်ဆီဖြစ်စေ ယောက်ျားအသုံးအဆောင်ဝယ်ရမည်။ ခုတော့

"ဒီကလစ်တွေက မင်းခေါင်းမှာညှပ်ဖို့လား"



"မဟုတ်ပါဘူးဟာကြီးကြွက်ရာ .. ဟိုမှာ သူ့ သူ့"

မှုံပြည့်စုံ ပျာယျာသလဲ အနားရောက်လာသည်။

"ကျောက်ဆောင် ပြန်တော့မလား"

ကျောက်ဆောင် ခေါင်းညိတ်ပြလိုက်ပြီး ခေါင်းညှပ်ကလစ်နှစ်ခုကို





မှုံပြည့်စုံလက်ထဲသို့ ထည့်ပေးသည်။

မှုံပြည့်စုံက မျက်လုံးဝိုင်းကြီးဖြင့်ကြည့်ပြီး ပြုံးသည်။

"နင့်လိုငါ မငြင်းပါဘူး။ စာမေးပွဲအောင်တဲ့ အမှတ်တရလက်ဆောင်အဖြစ် ယူထားပါ့မယ်"

ကိုယ်ပိုင်ငွေကြေးနဲ့ဝယ်ပြီး ပေးခဲ့တဲ့ အမှတ်တရလက်ဆောင်ကို မှုံပြည့်စုံ ကျေနပ်စွာ လက်ခံခဲ့သည်။ ကျောက်ဆောင်ရင်ထဲမှာ အပျော်တွေ စီးဆင်းသည်။ ထိုနေ့က မှုံပြည့်စုံလည်း အတိုင်းမသိ ပျော်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



ရွက်ပေါင်းတွေ နွေဦးလေရူးနှင့်အတူ အပင်ထက်မှ ဆင်းသက်ကြသည်။ အပင်တို့ သစ်ရည်ပြန်သော တပေါင်းတန်ခူး၌ ပုရစ်များတို့နုသစ်ကာ မြန်မာနှစ်ကို ကြိုဆိုကြသည်။ ကျောင်းတွေ ဖွင့်တော့မည်။ ကျောက်ဆောင်အတွက် ကျောင်းဖွင့်ရက် မရှိတော့ပါ။ ကျောက်ဆောင်နေ့စဉ်ရှင်သန်နေမို့ ဘဝကျောင်းတက်နေပြီ။ အုန်းခင်း၊ ဓနိခင်းနှင့် ပင်လယ်ပြင်ကြီးသည် ကျောက်ဆောင်၏ဘဝ၊ ကျောက်ဆောင်၏ သင်ခန်းစာများဖြစ်ခဲ့သည်။ ကျောင်းဖွင့်ခါနီး ရက်ပိုင်းအလို ကျောက်ဆောင်အိမ်သို့ ဖူးပြည့်စုံရောက်လာသည်။ မိဖူးကိုမြင်၍ ကျောက်ဆောင်ရင်မှာ ပျော်သလိုရှိသည်။ ဒါပေမယ့် ကျောက်ဆောင်ဝမ်းမသာနိုင်ခဲ့။ ဖူးပြည့်စုံ မျက်နှာသိပ်မကောင်း။



"မိဖူး .. နင် ငါ့ဆီ အလည်လာတာလား။ နင့်မျက်နှာက ဘာဖြစ်နေတာလဲ"

"ငါ နင့်ကို လာနှုတ်ဆက်တာ"

ကျောက်ဆောင် ဖူးပြည့်စုံကို နားမလည်သလိုကြည့်ပြီး

"ကျောင်းဖွင့်ခါနီးမှ ဘယ်သွားမှာမို့ လာနှုတ်ဆက်တာလဲ"

"အဲဒီကျောင်းဖွင့်ခါနီးမို့ နင်နဲ့ငါ ဝေးရတော့မှာ .. ဟီး"

ဖူးပြည့်စုံ စကားမပြောနိုင်ဘဲ ငိုချလိုက်သည်။ ကျောက်ဆောင် ဖူးပြည့်စုံလက်ကို ဆုပ်ကိုင်ပြီး နှစ်သိမ့်ပေးသည်။

"မငိုပါနဲ့ မိဖူးရယ်။ ငါတစ်ယောက်လုံး ရှိနေတာပဲ"

"နင်တို့နဲ့ ခွဲရမှာမို့ ငါငိုနေတာ"

"ငါနားမလည်တော့ဘူး။ ကျောင်းဖွင့်ရင် ချောင်းသာမှာ ကျောင်းပြန်တက်ရမှာလေ"

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ငါ ဒီနှစ်ကိုးတန်းကို ပုသိမ်မှာ တက်ရမှာတဲ့ .. ဟီး .. ဟီး"

ကျောက်ဆောင် နားထဲမှာ ပေါက်ကွဲသံတစ်ခုလို ဆူညံမြည်ဟီးသွားသည်။ သူဘာကိုမှ မမြင်တော့။ မျက်ရည်စတွေ ဝေ့ဝဲနေသည်။ ဖူးပြည့်စုံ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး

"မိဖူး နင်နဲ့ငါ ဝေးရတော့မှာပေါ့ ... နော်"

"ဟုတ်တယ် ... ကျောက်ဆောင် .. ငါ နင်နဲ့ချောင်းသာကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ခွဲမသွားချင်ဘူး။ ဒါပေမယ့် ငါ မနက်ဖြန် ပုသိမ်ကို သွား .. သွား''

ဖူးပြည့်စုံ စကားပြောရင်း လဲကျသွားသည်။

''မိဖူး .. မိဖူး ဘာဖြစ်သွားတာလဲမသိဘူး။ ဘကြီးကြွက်နီရေ လာပါဦးဗျို့''

ကျော့က်ဆောင် မိဖူးကိုပွေ့ချီပြီး ဘကြီးကြွက်နီအိမ်သို့ ပြေးသည်။ ဘကြီးကြွက်နီ သံပုရာသီးတစ်လုံးယူလာပြီး ဖူးပြည့်စုံနှာဝမှာထားပြီး ရှူစေသည်။

''မိဖူး .. မိဖူး သူငယ်ချင်း သတိထားပါဦး။ နင့်အနားမှာ ငါရှိတယ်လေ''

ဖူးပြည့်စုံကို ယပ်ခတ်ပေးရင်း ကျော့က်ဆောင်က သတိပေးသည်။ ကျော့က်ဆောင်ပြာနေသည်။ မီးဖိုထဲ ဝင်သွားပြီး သကြားရည်ဖျော် လာသည်။

''မိဖူး .. သတိရပြီလား''

ဖူးပြည့်စုံ မျက်လုံးပွင့်လာသည်။ ကျော့က်ဆောင် သံပုရာသီးကိုခွဲပြီး သကြားရည်ထဲကို ညှစ်ချသည်။ ဖူးပြည့်စုံကို ညင်သာစွာမထူလိုက်ပြီး သံပုရာရည်တိုက်သည်။ နှလုံးသွေးတိုးသံက ကျော့က်ဆောင်လက်ကို လာဆောင့်သည်။





''ကျော့က်ဆောင်ရယ် .. နင်နဲ့ ဘယ်ကိုမှ ခွဲမသွားချင်ဘူး ဟယ်''

ညှင်းသွဲ့သွဲ့ စကားသံနှင့်အတူ မျက်ရည်ပေါက်များ ဖူးပြည့်စုံ နဖူးပေါ် ကျလာသည်။ ဖူးပြည့်စုံက ကျော့က်ဆောင်ကို မော့ကြည့် ပြီး

''ကျော့က်ဆောင် .. နင်မျက်ရည်ကျနေတာလား။ မျက်ရည်ကျ တယ်ဆိုတာ ပျော့ညံ့တဲ့လက္ခဏာဆိုတာ ငါသိပေမယ့် ငါ့နှလုံးက မခံနိုင်ဘူး။ တို့နှစ်ယောက် မဝိုကြေး နင်နဲ့ငါ မကြာခင် ပြန်ဆုံကြမှာပါ။ ငါ့စကားကို နင်မှတ်ထားပြီး စိတ်ခါထ်ကို ကြံ့ကြံ့ခံပြီးနေပါ''

ဘကြီးကြွက်နီ သူတို့နှစ်ယောက်၏ သံယောဇဉ်ထုထည်ကို အံ့သြစွာ မြင်တွေ့နေရသည်။

''ကဲ .. သွားကြမယ် ကလေးတို့အိမ်က စိတ်ပူနေဦးမယ်''

ဖူးပြည့်စုံကို လှေဖြင့် ချောင်းသာအရောက် သူတို့လိုက်ပို့သည်။ အတွေးကိုယ်စီဖြင့် တစ်လမ်းလုံး သူတို့စကားမပြောဖြစ်ကြ။

ဖူးပြည့်စုံတို့အိမ်ရောက်တော့ ဘကြီးကြွက်နီက အကြောင်းစုံ ရှင်းပြသည်။

''ကိုမင်းမောင် .. မိဖူးက နှလုံးမကောင်းဘူးထင်တယ်။ စိတ်ခံစားမှု တစ်ခုခုဖြစ်ရင် သူ့နှလုံးက မခံနိုင်ဘူး။ သူစိတ်ချမ်းသာ အောင် ထားစေချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ .. မနက်က သူ့သူငယ်ချင်းတွေကို နှုတ်ဆက်ဦးမယ် ဆိုပြီး ထွက်သွားတာ။ ခင်ဗျားတို့ ခုလို လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်"

မှုးပြည့်စုံ အိမ်ပေါ်ထပ်သို့ တက်သွားပြီး ပြန်ဆင်းလာသည်။ လက်ထဲတွင် ဓါတ်ပုံလေးတစ်ပုံ

"ရော့ ... ဒီပုံလေးကိုယူထား။ ငါပြောတဲ့စကားကို မမေ့နဲ့နော်"

မှုးပြည့်စုံ အိမ်ပေါ်သို့ ပြန်တက်သွားသည်။ ကျောက်ဆောင်တို့ ပြန်သွားသည်အထိ မှုးပြည့်စုံကို မတွေ့ရတော့ပါ။









ထိုနေ့မှစ၍ မိမှုးဓါတ်ပုံသည် ကျောက်ဆောင်အတွက် အဖော် ဖြစ်ခဲ့သည်။ ပလပ်စတစ်အိတ်နှင့်ထည့်ပြီး မီးပိတ်ထားသည်။

"နင်နဲ့ငါ မကြာခင် ပြန်ဆုံကြမှာပါ"

မိမှုးစကားကိုလည်း မကြာခဏကြားယောင်နေမိသည်။

"မိမှုးရယ် .. နင်နဲ့ငါ ဝေးနေချိန်မှာ ငါတို့အနီးဆုံးမှာ ရှိနေဖို့ ငါကြိုးစားနေပါ့မယ်"

အရိပ်တစ်ခုကိုရောက်ဖို့ နေပူလွင်ပြင်ကို သူဖြတ်သန်းရဦးမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိမှူး ကျောင်းတက်နေပြီ။ ကျောက်ဆောင်ကိုယ်ပိုင်စီးပွားရေးနှင့် ကိုယ်တိုင်ရပ်တည်နိုင်ဖို့ ကြိုးစားသည်။ သူ့ခြံထွက် အုန်းသီးတွေကို အုန်းသားခြောက်လှမ်းသည်။ အနီးအနားက အုန်းခြံတွေကို အခစား တက်သည်။ ဘကြီးကြွက်နီနှင့် ပင်လယ်ပြင်မှာ ပိုက်ချပြီး ရသမျှကို ငါးခြောက်လှမ်းသည်။ ငါးခြောက်ရောင်းရငွေကို ဘကြီးကြွက်နီနှင့် ခွဲယူကြသည်။ ဘကြီးကြွက်နီမှာ သားထောက်သမီးခံမရှိ။ ကျောက်ဆောင်က တစ်ကောင်ကြွက်မို့ ချေမှုတ်နဲ့ရေအိုးလို တည်ရှိနေသည်။ ကျောက်ဆောင်ရသမျှ ပိုက်ဆံကို ကျစ်ကျစ်ပါအောင် စုသည်။ သဘာဝတရားက ပေးအပ်သည့် အရင်းအမြစ်ကို ကာယအားနှင့် ပေါင်းစပ်ပြီး အရင်းအနှီးရှာဖွေစုဆောင်းသည်။

အချိန်ကာလ၏ ရွေ့လျားမှုနှင့်အတူ သူ့ခန္ဓာကိုယ်က အချိုးအဆစ်ကျကျ သန်မာလှပသည်။ သူ့ကိုယ်မှာ အင်္ကျီမပါ။ အနားစုတ်ပွာနေသည့် ဘောင်းဘီတိုကို ဝတ်ထားပြီး ကမ်းပါးစပ်မှာ သူရပ်နေသည်။ ဖြောင့်စင်းနက်မှောင်တဲ့ဆံပင်တွေက လေတိုက်ရာ လွင့်ပါးနေသည်။ ထို့အတူ သူ့စိတ်က မိမှူးကို သတိရသည်။

"နေလုံးကြီး တစ်ခါဝင်တိုင်း နင်နဲ့ငါ့ဆုံဖို့ တစ်ရက်ပိုနီးလာပြီ"

"မိမှူးရေ"

နေလုံးကြီးသာ စကားပြောတတ်လျှင် ကျောက်ဆောင်၏ တမ်းတမှုများသည် ....





မှုးပြည့်စုံ ပုသိမ်ရောက်စမှာ အသစ်အဆန်းတွေချည်းမို့ ပျော်သလိုလိုရှိသည်။ ကိုးတန်းမှာ သူငယ်ချင်းအသစ်တွေ တိုးလာသည်။ ဒါပေမယ့် သူ့ရင်ထဲကို ဝင်လာနိုင်သူမရှိ။ အပြောင်းအလဲတစ်ခုကြောင့် တဒင်္ဂပျော်ရွှင်ခြင်းသည် အတုအယောင်မျှသာဖြစ်သည်။ ညနေ နေဝင်ချိန်တွင် ဝေနီမြစ်ကြီးကိုကြည့်ရင်း ချောင်းသာကို လွမ်းသည်။ ကျောက်ဆောင်ကို သတိရသည်။ ကျောက်ဆောင် ဒီအချိန် ဘာတွေလုပ်နေပါလိမ့်။ ငါ့ကိုရော သတိမှရရဲ့လားဟယ်။ သူတွေးနေစဉ် နေဝင်သွားပြီ။ ကျောက်ဆောင်လိုပင် ဝေနီမြစ်ကြီးသာ စကားပြောတတ်လျှင် မှုးပြည့်စုံ၏ အလွမ်းရေလျှင်တို့သည်

"ဟိတ် .. မိမှုး ဘာတွေတွေးပြီး ငေးနေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး မမဦးရယ်။ ချောင်းသာကို သတိရလို့ပါ"

မှုးပြည့်စုံမှာ မြတ်နိုးဦးလို့ခေါ်တဲ့ ချစ်စရာအစ်မဝမ်းကွဲတစ်ယောက်ရှိသည်။ သူ့ဘကြီးဦးမင်းအောင်၏ တစ်ဦးတည်းသောသမီးဖြစ်သည်။ သူက ပုသိမ်ဒီဂရီကောလိပ်မှာ ပထမနှစ်ကျောင်းသူ"

"လာပါ မိမှုးရယ် .. ကြာတော့လည်း ဒီမှာပျော်သွားမှာပေါ့။ လာ ထမင်းသွားစားရအောင်"

ဒီတော့မှ ပြတင်းနားကခွာပြီး မြတ်နိုးဦးနှင့် ပါသွားသည်။ ခွဲလမ်းမှုဟူသည် ကင်ဆာရောဂါလိုပင် အမြစ်ပြတ်အောင် ကုသဖို့ ခက်လှသည်။ အချိန်ဆိုတဲ့ သမားက ကုစားနိုင်ခဲ့လျှင်ပင် ထိုသူသည် ခံစားချက်မဲ့သော စက်ရုပ်တစ်ရုပ်ပမာ ရှင်သန်နေရမည်သာ။ ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုသူတိုင်း သိနိုင်သော်လည်း ပြောပြဖို့ တော်တော်ခက်သည်။ ပထမအစမ်းအောင်စာရင်းထွက်တော့ ဖူးပြည့်စုံရဲ့ ရိုးကတ်မှာ အောင်မှတ်သာသာရသည်။ မြတ်နိုးဦးက စာကျက်ချိန်တွင် ဂရုတစိုက်သင်ပေးခဲ့သည်။ မိဖူးကြိုးစားပေမယ့် ဒုတိယအစမ်းမှာကျသည်။

"သမီး မိဖူး ... ညည်းစာမလိုက်နိုင်ဘူးလား။ မိဦးလည်း သင်ပေးနေတာပဲ။ ဒါမှမရရင် ဘဘကျူရှင်ထားပေးမယ်"

ဘကြီးက သူ့ကို လိုလေသေးမရှိအောင် ထားနိုင်သည်။ ဖူးပြည့်စုံကသာကုရာနဲ့တူပြစ်နေခဲ့သည်။

"သမီး .. စာသင်လို့လည်းမရဘူး ဘဘ။ ရွာကိုပဲပြန်ချင်တယ်"

"စာမေးပွဲကြီးပဲ စစ်တော့မယ်။ ဘယ်ပြန်လို့ ဖြစ်ပါ့မလဲ သမီးရယ်။ မင်းမောင်က ဘဘကို အပြစ်တင်မှာ"

"ဟုတ်သားပဲ မိဖူးရယ်။ ဒီနှစ်ပြီးအောင်တော့ တက်လိုက်ပါဦး။ ဒီမှာ မပျော်ရင်လည်း စာမေးပွဲဖြေပြီးရင် ပြန်ပေါ့နော် မိဖူး"

ဘကြီးနှင့်အစ်မဖြစ်သူတို့က ဖျောင်းဖျနေသော နေရသည်။ ဖူးပြည့်စုံစိတ်က ခုဆိုလျှင်ခုမှ။ စာမေးပွဲဖြေခါနီးမှာ ဦးမင်းမောင်ရောက်လာသည်။ သူ့အစ်ကိုအတွက် ငါးပုတ်ခြောက်တွေလာပို့ရင်း မိဖူးအခြေအနေကို လာကြည့်ခြင်းဖြစ်သည်။

"သမီးတော့ ပိန်သွားတယ်။ စာမေးပွဲနီးလို့ ပင်ပန်းနေပြီထင်တယ်"

"ပင်ပန်းတာမဟုတ်ဘူးဖေဖေ။ သမီး ဒီမှာမပျော်လို့ ရွာကိုပဲ





ပြန်ချင်နေတာ"

"သမီးပြန်ချင်ရင်လည်း စာမေးပွဲပြီးတာနဲ့ ဖေဖေလာခေါ်မှာပေါ့။ စာမေးပွဲပြီးအောင် ဖြေလိုက်ဦးနော်"

ဖူးပြည့်စုံက မြူးပျော့ဖျော့မျက်နှာဖြင့် ခေါင်းညိတ်သည်။

"ဪ .. ဖေဖေမေ့နေလို့။ သမီးသူငယ်ချင်းကျောက်ဆောင် စာရေးပေးလိုက်တယ် .. ရော့"

ဖူးပြည့်စုံမျက်နှာမှာ သွေးရောင်လွှမ်းပြီး ပန်းနုရောင် တောက်လာသည်။

"မေမေရော နေကောင်းရဲ့လား ဖေဖေ"

"ကောင်းပါတယ်။ သမီးမေမေက သမီးကို နေ့တိုင်းသတိရနေတာပဲ"

ဖူးပြည့်စုံ စာကိုယူပြီး မြတ်နိုးဦးအိပ်ခန်းသို့ဝင်သွားသည်။ မြတ်နိုးဦးကျောင်းမှ ပြန်မရောက်သေး။ ဖူးပြည့်စုံ စာအိတ်ကို ဖောက်လိုက်သည်။

မိဖူး ...

နင် ငါ့ကို သတိရသေးရဲ့လား။ မြို့ပေါ်မှာ ပျော်နေပြီထင်ပါရဲ့။

"အောင်မာ .. သူကများ ငါ့ကို"

ငါကတော့ နင့်ကိုအချိန်နှင့်အမျှ သတိရနေတာပါ။

"ငါလည်း နင့်လိုပါပဲ ကျောက်ဆောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်ပြင်ကြီးမှာ နေဝင်တဲ့အချိန်တိုင်း တစ်နေဝင်တာနဲ့ နင်နဲ့တစ်ရက်နီးလာပြီလို့ နေလုံးကြီးကို ပြောရတာအမောပဲ"

"ငါကလည်း နေဝင်ချိန်တိုင်း ဒီအချိန် ကျောက်ဆောင် ဘာတွေ လုပ်နေသလဲ။ ငါ့ကိုမှ သတိရရဲ့လားလို့ ငှက်မြစ်ကြီးကို မေးရတာ နေ့တိုင်းပါပဲ"

မိဖူးရေ နင်စာကြိုးစားနော်။ ငါလည်း နင့်ပုံလေးကိုကြည့် ပြီး စကားပြောနေရတယ်။ နင်နဲ့ငါအတွက် ငါပိုက်ဆံတွေ စုထားတာ အများကြီးရနေပြီ။ အဲဒါ မိဖူးနဲ့ မခွဲမခွာနေနိုင်ဖို့ပေါ့

"အောင်မယ် .. သူနဲ့ဘယ်သူက နေမယ်ပြောလို့လဲ"

မိဖူးက စာကိုဖတ်လိုက်၊ စကားပြောလိုက် လုပ်နေသည်။

ငါတို့ကမ်းခြေအိမ်လေးမှာ ပျော်ပျော်ရွှင်ရွှင်နေနိုင်ဖို့ ဘယ်လောက် ရည်ရွယ်ထားတယ်မှတ်လဲ။

"ဘယ်လောက်တောင် ရည်ရွယ်ထားလဲ ပြောပါဦး ကိုကြီးကျယ်ရဲ့"

ငါပိုက်ဆံတွေ အများကြီးရရင် တို့ကမ်းခြေတစ်လျှောက်မှာ ဘယ်သူမှမလုပ်သေးတဲ့ လုပ်ငန်းတစ်ခုကိုလုပ်ရင် ပိုက်ဆံတွေ မလို ချင်အောင်ရမယ်။

"ဘာလဲ .. လေကိုရောင်းစားမလို့လားဟင်"

အဲဒါက ငါတို့ ကမ်းခြေမှာ အမြဲရနေတဲ့လေနဲ့ လေရဟတ်ကြီး





လုပ်ပြီး အုန်းသားခြောက်တွေကို အုန်းဆီကြိတ်မယ်

"ဟယ်တော့ .. ငါပြောတာနဲ့ နှီးစပ်လိုက်တာ။ နင့်စိတ်ကူး အရမ်းကောင်းတာပဲ"

ငါတို့ အုန်းသားခြောက်တွေ ရောင်းတာထက် အုန်းဆီအဖြစ် ပုလင်းကို ပုံးတွေနဲ့တင်ပို့ရင် ပိုက်ဆံတွေ ပိုရလာမှာ။ နင်က ပညာ တတ်ကြီးဖြစ်။ ငါက ပိုက်ဆံတွေ အများကြီးရှာ။ ဘယ်လောက် ပျော်စရာ ကောင်းသလဲ။

"ဒီမှာ ကျောက်ဆောင်။ ပညာတတ်ကြီးမဟုတ်လည်း ငွေကြေး မချမ်းသာလည်း နင်နဲ့အနီးဆုံးရှိနေရင် ငါပျော်တယ်"

မိဖူးရေ နင်ပြန်လာမယ့်ကျောင်းပိတ်ရက်ကို ငါမျှော်နေမယ်။ စောင့်မျှော်နေတဲ့ ကျောက်ဆောင် ...

ထိုညက ဖူးပြည့်မှာ တစ်ညလုံးအိပ်မပျော်ခဲ့ပါ။ ညနေခင်းမှ အမေနှင့် ဘကြီးတို့ စကားပြောသံကို မကြားတစ်ချက်၊ ကြားတစ်ချက်နှင့်။ သူ့မှာ မွေးရာပါနှလုံးရောဂါရှိသည်တဲ့။ စိတ်ခံစားမှုအားကြီးလျှင် နှလုံးက မခံနိုင်။ ကလေးကို စိတ်ချမ်းသာအောင် ထားဖို့ ဘကြီးပြောသံ ကြားရသည်။





www.burmeseclassic.com

www.burmeseclassic.com





ရှင်လိုင်ပြန်သောနေ့၊ တောင်ထွက်သောနေ့၊ ထိုနေ့များသည် ကျောက်ဆောင်နှင့် မသက်ဆိုင်ပါ။ ကျောက်ဆောင်၏ အပျော်ဆုံးနေ့မှာ မိမှုးပြန်လာသောနေ့ပင်။ သူ့အကြားချင်ဆုံး စကားလက်ဆောင်တို့ သယ်ဆောင်လာသူမှာ တစ်ဘက်အုန်းခြံမှ ဘကြီးမှူး။

"ကျောက်ဆောင်ရေ .. မှုးပြည့်စုံ ပြန်ရောက်နေပြီဟေ့။ ဒီမှာ မင်းအတွက် ပုသိမ်ပြန်လက်ဆောင်"

ဟာလဝါဘူးနှင့် ဟာလဝါခြောက်ထုပ်များ ပါလာသည်။ ဘကြီးမှူး





ကို ဟာလဝါဘူးပေးခဲ့ပြီး ဘကြီးကြွက်နီအိမ်ဘက်ကို ကူးလာသည်။ ဟာလဝါဗူးပေးခဲ့ပြီး သူ့အိမ်သို့ ပြန်သည်။

"ဘကြီးကြွက်နီရေ .. မနက်ကျရင် ချောင်းသာသွားမလို့ မနက် ပိုက်ဖော်ဖို့ လှသွားပြောလိုက်ဦးမယ်"

ကျောက်ဆောင် မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေသည်။ ဘကြီး ကြွက်နီ လာကြည့်သည်။

"ကျောက်ဆောင် ဘာတွေလုပ်နေတာလဲ"

"နက်ဖြန် ချောင်းသာသွားရင် မှုးပြည့်စုံအတွက် ဟင်းချက်နေ တာလေ"

"လှုရာရင်းမြှုက်ဖို့ ဘာဟင်းချက်သလဲမမေးနဲ့။ ဟိုတလောက မိတဲ့ တောကြောင်ကြပ်တင်ကို ချက်နေတာ"

"ဒါဆို ဒီည အုန်းဦးတော့မှာပေါ့"

"ဒါပေါ့ ဘကြီးရယ်။ ဘကြီးရဲ့အဖြူလေးနဲ့ဆိုရင် အလိုက်ပဲ"

ဘကြီးကြွက်နီ လှစ်ခနဲပျောက်သွားပြီး အဖြူပုလင်းလေး ယူလာ သည်။

"မင်း ဟင်းနံ့က ငါ့ကို ဖြူဆွယ်နေပြီ ကျောက်ဆောင်ရေ"

"ရတော့မယ် ဘကြီးရေ .. ခဏလေး"

ဘကြီးကြွက်နီ မစောင့်နိုင်တော့။ ဟင်းအနံ့ခံရင်း လည်ချောင်း ထဲကို တစ်ခွက်ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂလွတ်"

ကျောက်ဆောင် ဟင်းခတ်ပြီးချပေးသည်။ ဘကြီးကြွက်နီ ဟင်းတစ်ဖတ်ကောက်ခါးပြီး အရသာခံနေသည်။ ကျောက်ဆောင်ကို လှမ်းကြည့်ပြီး

"မောင်ကောင် မင်းဘယ်သူလဲ။ ဘယ်ကလဲ"

"ဗျာ"

ကျောက်ဆောင် ရုတ်တရက်ကြောင်သွားပြီး

"ဘကြီး ကျွန်တော့်ကိုမေ့သွားတာလား။ ကျောက်ဆောင်လေ"

ဘကြီးကြွက်နီ သဘောကျလွန်း၍ အသံသြကြီးဖြင့် အော်ဟစ် ရယ်မောနေတော့သည်။

"ဟား .. ဟား .. ဟား .. ဟား"









အနီရိုးငှင့်တစ်လုံးကိုကိုင်ပြီး လာနေသော ကျောက်ဆောင်ကို ဝေးဝေးကပင် လှမ်းမြင်နေရသည်။ ကျောင်းသားဘဝကလို ပုဆိုးတိုတို နှင့်မဟုတ်။ နက်ပြာရောင် ဂျင်းဘောင်းဘီတိုနှင့် လှမ်းလာနေပုံမှာ ကြည့်၍ပင်ကောင်းနေသည်။ တဖြည်းဖြည်းနှင့် နီးလာလေလေ သူ့ရင်ခုန်သံတွေ ပိုမြန်လာသည်။ မိမိတို့အိမ်နားနီးလေလေ စိတ်တွေ လှုပ်ရှားလာလေ ကျောက်ဆောင်အတွေးဖြင့် ပျော်နေသည်။ ဖူးပြည့်စုံ ပွန်းနေသည့် အုန်းပင်ကိုကျော်သွားသည်။ ဖူးပြည့်စုံ သူ့ပန်းကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းယုတ်ပြီး အသံပေးသည်။

"ဝါး"

"ဟဲ့ .. ပလုပ်တုတ်"

ကျောက်ဆောင် လန့်ပြီး ခုန်လိုက်သည်။ လက်ထဲမှ ဒန်ချိုင့် လွှတ်ကျပြီး လိမ့်သွားသည်။ ဒန်ချိုင့်ကို လှည့်၍ပင်မကြည့်။ ဝမ်းသာလွန်း၍ ဖူးပြည့်စုံကို ပြေးဖက်လိုက်သည်။

"မိဖူး .. မိဖူးရယ် ... နင့်ကိုလွမ်းလိုက်ရတာ မိဖူးရယ်"

ဖူးပြည့်စုံက ကျောက်ဆောင်ကို မော့ကြည့်ပြီး

"အသက်ရှုကြပ်နေပြီ ... လွှတ်ဦး"

သည်တော့မှ ကျောက်ဆောင် သတိဝင်လာပြီး ဒန်ချိုင့်ကို လှမ်းကြည့်သည်။ ဒန်ချိုင့်အလုံးလေးက စိတ်ဆိုးမာန်ဆိုးဖြင့် ဆင်ခြေလျှောအတိုင်း ကမ်းခြေသို့ လိမ့်ဆင်းနေသည်။

"ဟာ .. ငါ့ချိုင့်လေး .. ငါ့ချိုင့်လေး သွားပါပြီ"

အရှိန်ဖြင့်လိမ့်နေသော ဒန်ချိုင့်ကိုပြေးလိုက်ပြီး ခုန်အုပ်သည်။ ကျောက်ဆောင်ကိုကြည့်ပြီး ဖူးပြည့်စုံ အူတက်မတတ်ရယ်နေသည်။ ချိုင့်လေးကိုကိုင်ပြီး ဖူးပြည့်စုံရှိရာ ပြန်လာသည်။

"ဟူး ... တော်ပါသေးရဲ့။ ကံကောင်းလို့ ချိုင့်အဖုံးက ကြပ်နေလို့ပေါ့။ မဟုတ်ရင် ငါ့စေတနာတွေ သဲထဲသွန်လိုက်သလို ဖြစ်မှာ"

ကျောက်ဆောင် ဖူးပြည့်စုံလက်ကိုဆွဲယူပြီး ကမ်းစပ်သို့ ဆင်းလာသည်။ ဖူးပြည့်စုံက ရယ်ချင်စိတ်မပျောက်သေး။ ကျောက်ဆောင်ကို





ပြုံးစေ့စေ့ဖြင့်ကြည့်ရင်း

"ချိုင့်ထဲက ဘာတွေလဲ"

ကျောက်ဆောင် ချိုင့်ကသဲတွေကို အင်္ကျီဖြင့်သုတ်လိုက်ပြီး

"မိဖူး .. နင့်မျက်လုံးမှိတ်ထား"

"ဘာလုပ်မလို့လဲ"

"ငါ့စေတနာတွေပြချင်လို့ မျက်လုံးမှိတ်လိုက်"

ဖူးပြည့်စုံမျက်လုံးမှိတ်သည်။ ကျောက်ဆောင် ချိုင့်ထဲကဟင်းတစ်ဖတ်ယူလိုက်သည်။

"မိဖူး .. နင့်ပါးစပ်ဟလိုက်"

မိဖူးပါးစပ်ထဲသို့ ဟင်းဖတ်ကို ခွံ့လိုက်သည်။ မိဖူး မျက်လုံးပွင့်လာပြီး

"ဟယ် အရသာရှိလိုက်တာ။ အဲဒါ ဘာဟင်းလဲ"

"စေတနာမသလာခတ်ထားတဲ့ တောကြောင်လေးဟင်း။ နင့်ကို ချက်ကျွေးဖို့ ရက်ပေါင်းများစွာ စောင့်ခဲ့ရတာ"

ကမ်းခြေစည်းရိုးပင်တွေနားမှာ သူတို့ထိုင်ကြသည်။ ပင်လယ်ရေလှိုင်းတွေက လူးလွန့်လာပြီး ကမ်းစပ်ကိုလာရိုက်သည်။ ရေမြှုပ်ဖြူဖြူလေးတွေ ကမ်းခြေမှာတင်ပြီး ပလုံစီကျန်ခဲ့သည်။ သူတို့ရင်ထဲမှာရော .. ကျောက်ဆောင်သက်ပြင်းချလိုက်ပြီး ဖူးပြည့်စုံပခုံးကို လှမ်းဖက်သည်။ ဖူးပြည့်စုံက ရှိန်းသည်။ ကျောက်ဆောင်ကမလွှတ်။



www.burmeseclassic.com

www.burmeseclassic.com



ရှုံးလေ တင်ကြပ်လာလေ။ မိမိုးငြိမ်နေတော့မှ သူ့လက်က ပြေလျော့လာသည်။

"နင်နဲ့ငါ ချစ်သူတွေလည်းမဟုတ်ဘူး။ နင်ကလည်း ငါ့ကို ချစ်တယ်ပြောဖူးတာမဟုတ်။ ငါကလည်း နင့်ကိုချစ်တယ်လို့ မပြောဖူးဘူး။ ငါ့ကို ဘာလို့အတင်းဖက်ရတာလဲ"

"ချစ်တယ်ဆိုတဲ့ စကားတွေ ပြောဖို့လိုသေးလား မိမိုးရယ်။ ချစ်တယ်ဆိုတဲ့စကားလုံးက တို့အတွက် ပေါ့ပျက်ပျက်ဟာသတစ်ခွက်လိုပဲ။ ငါတို့မှာ တိုင်းတာလို့မရတဲ့ မေတ္တာတရားတွေ လွှမ်းရက်နေပြီပဲ မိမိုးရယ်။ ငါလွှန်သွားလို့လား။ နင်မကျေနပ်လို့လားဟင်"

မှုပြည့်စုံ တည်တည်ကြီးလုပ်နေရာက ပြုံးလာပြီး ကျောက်ဆောင်ကို တွန်းလိုက်သည်။ ကျောက်ဆောင်က မှုပြည့်စုံကို လှမ်းဆွဲသည်။ သဲပြင်ပေါ် နှစ်ယောက်သား လဲကျသွားသည်။ မှုပြည့်စုံပါးပြင်မှာ နီရဲသွားသည်။ သူတို့နှစ်ယောက် သဲပြင်ပေါ် လဲလျောင်းရင်း ကောင်းကင်ကြီးကို မော့ကြည့်နေသည်။

ဒန်းရှိုင့်လေးက သူတို့ဘေးမှာ တုံးလုံးလေးလဲလို့။









ကျောက်ဆောင် လှုငယ်ပီပီ အစဉ်အလာထဲက ရှန်းထွက်ချင်သည်။ အတန်းပညာ တစ်ပိုင်းတစ်နှင့် ဘဝကျောင်းကို တက်နေရသူ။ ထိတွင်ချင်စိတ်ရှိသူ။ စာအုပ်တစ်အုပ်ကို သူဖတ်နေသည်။ လေရူးတော် တည်ဆောက်ပုံနှင့် အသုံးပြုနည်းတဲ့။ အုန်းပင်အောက်မှာ ဇွေးပေါက်သဲ ကြားရသည်။ ကျောက်ဆောင် စာအုပ်ကိုပိတ်ပြီး ထကြည့် သည်။ ခြံဝမ်းမှာ မှုပြည့်စုံရောက်နေပြီ။ ကျောက်ဆောင် တံခါးနောက်မှာ ရပ်ပြီး ချောင်းကြည့်နေသည်။

"ကျောက်ဆောင်ရေ .. ကျောက်ဆောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင် တံခါးနောက်က ရုတ်တရက်ထွက်ပြီး အပေါက်ဝမှာ ကားကားကြီးရပ်လိုက်သည်။

"အမလေး ... လန့်လိုက်တာ ကျောက်ဆောင်ရယ်"

"လာ လာ မိမှူး ... ငါ နင့်ကိုပြစရာရှိတယ်"

"ဘာပြမှာလဲဟင်"

ကျောက်ဆောင် သူ့လက်ထဲက စာအုပ်ကို ဖွင့်ပြသည်။

"ဒါ ဟောဟို ကမ်းစပ်နားမှာ ငါဆောက်မဲ့ ခေလရုပတ်ပုံ"

ရေ့နားမှာပုံထားတဲ့ မျောလုံးကြီးကို လက်ညှိုးထိုးပြီး

"အဲဒါ လေရဟတ်ဆောက်ဖို့ သစ်လုံးတွေ"

ဖူးပြည့်စုံက ကျောက်ဆောင်ကို တအံ့တသြကြည့်သည်။

"နင် လေရဟတ် တကယ်ဆောက်မှာပေါ့နော်"

"ဟုတ်တယ် .. မိမှူး။ ဒီလေရဟတ်ကြီးက နင်နဲ့ငါ့ဘဝပဲ"

ဖူးပြည့်စုံ ယေဒဉ်က အခိုက်အတန့်မျှ ကြည့်မရခဲ့သော ကျောက်ဆောင်သည် သူ့ဘဝ၏ ကိုးစားရာ၊ မှီလုံရာ၊ မေတ္တာရိပ်ပေးနိုင်သူ သူရဲကောင်းတစ်ယောက် ဖြစ်ခဲ့လေသည်။

ဖူးပြည့်စုံ ပြန်လာတော့ အိမ်မှာ ဦးမင်းမောင်တစ်ယောက် ရောက်နေပြီ။ ဖူးပြည့်စုံ လန့်သွားသည်။

"မိမှူး .. လာဦး"

သူ့စိတ်တွင် အပြစ်ရှိသလို ခံစားရသည်။

"ဘယ်ကပြန်လာတာလဲ"





"မြောက်ဖက် အုန်းခြံထဲ ခဏသွားတာဖေဖေ"

"နောက်ကို ငါမရှိတဲ့အချိန် ဘယ်ကိုမှမသွားရဘူး .. ကြားလား အုန်းတစ်ပင်ရှိုင်ဖက်ကို လုံးဝခြေဦးမလှည့်မိစေနဲ့"

"ဟုတ် .. ဟုတ်ကဲ့ ဖေဖေ"

ဖူးပြည့်စုံ အရင်ကလို ကလေးမဟုတ်တော့။ အပျိုသင်စအရွယ်မို့ စိတ်ကစားတတ်နေပြီ။ ဒါကြောင့်ပင် ဦးမင်းမောင် ဖူးပြည့်စုံကို ဇိတ်အာထာတွေ ပေးနေခြင်းဖြစ်သည်။ ဖူးပြည့်စုံစိတ်ထဲမှာ သူနှင့် ကျောက်ဆောင်၏ အခြေအနေကို သူ့အဖေ သိနေပြီထင်၏။

ကျောက်ဆောင်ကတော့ ဘာမှမသိ။ အုန်းသားခြောက် လာရောင်းစဉ် အိမ်မှာ ဖူးပြည့်စုံ အရိပ်အယောင်မမြင်ရ။ သူမနေနိုင်။

"ကြီးတင်မေ .. ဖူးပြည့်စုံရော"

"မိမှူးလား။ ရှိတယ်။ နေမကောင်းလို့ အိပ်နေတာထင်တယ်"

ကျောက်ဆောင် တွေဝေသွားသည်။ မနေ့က သူနှင့်အတူရှိစဉ်က မိမှူးသည် ပျော်ရွှင်လန်းဆန်းနေသည်။ ဒီနေ့ မိမှူး နေမကောင်းလို့တဲ့။ သူ့အနားမှာ မိမှူးသာရှိလျှင် မိမှူးကို သူပြုစုယုယပေးနိုင်မည်။ ခုတော့

ကျောက်ဆောင် ကိစ္စပြီးသည်နှင့် ဒေါ်တင်မေကိုနှုတ်ဆက်၍ ရင်ပေါင်းလောင်းနှင့် ပြန်ခဲ့ရသည်။ ကျောက်ဆောင်အသံကြားကတည်းက ဖူးပြည့်စုံ လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ ဒေါ်တင်မေကို ချောင်းကြည့်သည်။ ဒေါ်တင်မေက နောက်ကျောနိုင်းဖို့ သူ့လေပုခါးတစ်



www.burmeseclassic.com

www.burmeseclassic.com



ကို မှုရှုင်း၍ နီဆင်းလာပြီး လှပ်ခနဲပျောက်သွားသည်။ ကျောက်ဆောင် ကမ်းစွန်ကို ခေါင်းငိုက်စိုက်ချ၍ လှမ်းနေသည်။ သူ့ရှေ့မှာရပ်နေသည့် ခြေဖမိုးအစုံကို မြင်ရသည်။ ခြေဖမိုးပေါ်က နီညိုရောင်အမှတ်အသား က ဖူးပြည့်စုံဖြစ်ကြောင်း ငြင်း၍မရ။

“နှင် နေမကောင်းလို့ အိပ်နေတာဆို”

“ဟုတ်တယ် .. မဟုတ်ဘူး .. ဟိုလေ ငါနေမကောင်းလို့ မဟုတ်ဘူး။ စိတ်ညစ်လို့ အိမ်ပေါ်တက်အိပ်နေတာ”

“ဘာဖြစ်လို့ စိတ်ညစ်တာလဲ။ နင့်မှာ စိတ်ညစ်စရာရှိသေးလို့ လား။ မိဖူးရယ်”

“ရှိတာပေါ့ ကျောက်ဆောင်ရယ် .. ဖေဖေက ငါ့ကို ဘယ်မှ မသွားရဘူးတဲ့။ အုန်းထပ်ပင်ချိုင်ဘက်ကို လုံးဝခြေဦးမလှည့်မိစေနဲ့ တဲ့။ အမိန့်ထုတ်ထားတယ်”

“ဒုက္ခပါပဲ မိဖူးရယ်။ နင်နဲ့ငါ နီးဖို့ ပိုဝေးသွားမှာ ငါကြောက် တယ်။ ငါ့ဘဝက ဟင်းလင်းပြင်ကြီး ဖြစ်သွားလိမ့်မယ်”

“သူတို့နှစ်ဦး ဝမ်းနည်းစွာဖြင့် လမ်းခွဲလိုက်ကြသည်။

ဖူးပြည့်စုံ စိတ်ထိခိုက်နေသည်။ အချုပ်နှောင်ခံဘဝနှင့် အ မပျော်နိုင်ရှာ။ ဦးမင်းမောင် ပုသိမ်သွားတိုင်း အပြင်ထွက်ဖို့ သူ့အမေ ကို နားပူနားဆာလုပ်တော့သည်။ ကြာတော့ ဖူးပြည့်စုံကို အမေသနား လာသည်။





“မိဖူးရေ .. ငါလည်း နားပူနေပြီ။ ဟိုနားဒီနားလောက်သွား ဟိုးအဝေးကြီးမသွားနဲ့။ ညည်းအဖေသိရင် ငါနဲ့ ပြဿနာတက်မှာ”

ဖူးပြည့်စုံ သူ့အမေကို ကျေးဇူးတင်လိုက်ပြီး ပါးပြင်နှစ်ဖက်ကို တရှွတ်ရှွတ်နမ်းသည်။

“တော်ပါတော့ မိဖူးရယ် .. ဒီမှာ ဟင်းအိုးတူးကုန်တော့မှာပဲ”

လှောင်အိမ်ထဲက ငှက်ကလေးပျံထွက်သွားလေပြီ။

အဖေပြန်ရောက်လာလျှင် မိဖူးသည် လှောင်အိမ်ထဲက ငှက်ကလေး ပြန်ဖြစ်သွားသည်။ ဒီလိုတဝမ်း သူမနေချင်။ ပိုဆိုးသည် မှာ အမေ့ဆီက စကားသံတွေက နတ်ဆိုးအော်သံလို ချောက်ချားဖွယ် အတိ ဖြိုးနေသည်။

“သမီးက ချောင်းသာကနေ ဘယ်မှခွဲမသွားချင်ဘူးဆိုတော့ ဒီနှစ် ပုသိမ်ကို မပို့တော့ဘူး”

ဒီစကားက သူ့အတွက် ဆည်းလည်းသံလို ချိုခဲ့သော်လည်း သူ့ကို ဘကြီးမိတ်ဆွေ၏ သားတစ်ယောက်နှင့် အိမ်ထောင်ချပေးဖို့ စီစဉ်နေသည်တဲ့။ ချောင်းသာမှာ အုန်းဆီကြိတ်စက် တည်မည်တဲ့။ အဖေ့စကားကို ဖူးပြည့်စုံ အံကြိတ်၍ နားထောင်နေရသည်။ ကျောက် ဆောင်၏ ရည်ရွယ်ချက်နှင့် ထူထောင်မည့်ဘဝကို သူတို့ လက်ဦးမှု ယူကြတော့မည်။ ကျောက်ဆောင်၏နေရာတွင် မည်သူ့ကိုမျှ အစား မထိုးနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ပြောတာ ဘယ်လိုသဘောရလဲသမီး"

"သမီးကျောချမ်းတယ် ခုချိန် သမီးစဉ်းစားလို့ မရသေးဘူး"

"အေး ... မေမေက သမီးချောင်းသာမှာ အိုးမကွဲ၊ အိမ်မကွာနဲ့ တင့်တင့်တယ်တယ်နေရအောင်လို့ စီစဉ်တာ၊ အချိန်ယူ စဉ်းစားရတောင်မလိုဘူး"

မေမေပြောတော့ မေမေ့ဘက်ကအမှန်။ ဒါဆို မိုးမှားသလား။ မိုးလည်း မမှားပါ။ ဒါဆို ကျောက်ဆောင်လား။ မေမေ့စိတ်ကြိုက် ရွေးချယ်သူသည် မေမေ့အတွက်သာဖြစ်မည်၊ မိုးအတွက် မဖြစ်နိုင်။ မိုးဘဝအတွက် မေတ္တာအုပ်မိုးနိုင်သူ တစ်ယောက်သာရှိသည်။ အကယ်၍ သူတို့နှစ်ယောက် မဆုံဆည်းနိုင်ခဲ့လျှင် ...



အုန်းဆောင်စာပေတိုက်





မကြာခင် သူတို့ချောင်းသာကိုရောက်လာကြတော့မည်။ ဘကြီးမင်းအောင်နှင့် သတို့သားမိဘများ၊ သကြီးမကျူမီ စေ့စပ်ကြောင်းလမ်းဖို့တဲ့။ ဖူးပြည့်စုံတက်မှာ ဘယ်သူရှိသလဲ။ ကျောက်ဆောင်တစ်ယောက်သာ မားမားမတ်မတ် ကြုံကြံခံမည်။ ကျောက်ဆောင်နောက်မှာ ရပ်တည်မည့် မိဘဆွေမျိုးမရှိ။ ကျောထောက်နောက်ခံမရှိ။ ကျောက်ဆောင်နောက်မှာလည်း ဖူးပြည့်စုံသာရှိသည်။ သူတို့နှစ်ဦး ကျောချင်းကပ် ရင်ဆိုင်ရတော့မည်။ တစ်ဖက်ကလည်း မေမေ့ကို စိုးရိမ်တောင်းသည်။ သူ့သဘောဆန္ဒမပါဘဲ အတင်းအကြပ်မလုပ်ဖို့ တောင်းပန်

အုန်းဆောင်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"မေမေတို့ သမီးစိတ်ဆင်းရဲအောင် ဖွတ်မလုပ်ကြပါနဲ့။ မိဘတွေကိုလည်း မျက်နှာမပျက်စေရပါဘူး။ မေမေ။ အချိန်မီလေး နောက်ဆုတ်လိုက်ရင် သမီးအသက်ရှင်နေမှာပါ"

ဖူးပြည့်စုံ စိတ်ဆင်းရဲလျှင် စိတ်ဖိစီးမှုဒဏ်ကို မခံနိုင်။ သူ့သမီးအကြောင်းကို ခေါင်းမသာ အသိဆုံး။ ကိုမင်းမောင် မှသိမ်က ပြန်လာသည်နှင့် နားလည်အောင် ပြောင်းပြရဦးမည်။

လင်းကြက်တွန်သံ ကြားနေရပြီ။

ဖူးပြည့်စုံ တစ်ညလုံးအိပ်မပျော်ခဲ့။ ဘဝတစ်ခု စတင်ရတော့မည်။ ဖူးပြည့်စုံ ရင်တွေလေးလံနေသည်။ အိပ်ပျော်နေသော မေမေ့ကို ကန်တော့သည်။ ပြင်ဆင်ထားသော ကျောပိုးအိတ်ကိုယူပြီး အိမ်နောက်မှ အသာထွက်ခဲ့သည်။ "သမီးကိုခွင့်လွှတ်ပါမေမေ" တိုးတိုးလေးဆိုညည်းရင်း ခြံထဲမှ ခြေလှမ်းသွက်သွက်ထွက်ခဲ့သည်။ ဘေးဘီကို ကြည့်သည်။ မည်သူ့မှမတွေ့။ ကျောပိုးအိတ်ကိုလွယ်ပြီး မြောက်ဘက်ဆီသို့ ခရီးနှင်သည်။ လူမြင်နိုင်သည့် လမ်းတွေကို ရှောင်ကွင်းသွားရသည်။ စိတ်က ငလေထက်လျင်မြန်သော်လည်း လူကမလိုက်နိုင်။ အရှေ့ဖက်က အလင်းမျှင်တွေ ပြန့်လာသည်။

"ကျော်ကော်ဆောင် ... ကျော်ကော်ဆောင်"

"ခုန်း .. ခုန်း ... ခုန်း"





ကျော်ကော်ဆောင်စိတ်ထဲမှာ အိပ်မက်လိုလို။ တံခါးထုသံကြားတော့မှ အတင်းထသည်။ တံခါးဖွင့်လိုက်သည်နှင့် သူ့ရင်ကိုပြေးဝင်ပြီး ငိုချလိုက်သည်။ ကျော်ကော်ဆောင်က ဖူးပြည့်စုံကို သိုင်းဖက်ရင်း နှစ်သိမ့်ပေးသည်။

"ကျော်ကော်ဆောင် .. ငါ့အိမ်က ပြေးလာခဲ့ပြီ။ ငါတို့ ဒီကအမြန်သွားမှဖြစ်မယ်"

ကျော်ကော်ဆောင် ယူစရာရှိတာတွေယူပြီး ဘကြီးကြွက်နီကို မှာခဲ့သည်။ ဘကြီးကြွက်နီက သူတို့သွားရမည့်နေရာကို ပြောသည်။

"ကျော်ကော်ဆောင် မြောက်ဖက်ကို တောက်လျှောက်သွား။ ကျည်းချိုင်ကိုကျော်ရင် ခရင်ချောင်းရွာကို ရောက်မယ်။ ခရင်ချောင်းရွာကို ရောက်ရင် ဘကြီးညီ ရန်အောင်ဆိုတာရှိတယ်။ ဘကြီးလွှတ်လိုက်တာလို့ပြော။ မင်းအိမ်အတွက် စိတ်မပူနဲ့။ ကဲ .. သွားကြတော့။ မိုးမပျောက်ခနေတာသိရင် သူ့အိမ်က ရောက်လာလိမ့်မယ်။ သုတ်သုတ်သွားကြ"

ကျော်ကော်ဆောင် ဂျင်းဂျာကင်ကိုချွတ်ပြီး မိုးကို ဝတ်ပေးသည်။ သူ့ခေါင်းပေါ်က ဦးထုပ်ကိုချွတ်ပြီး မိုးကို ဆောင်းပေးသည်။ မိုးရေလို့ ဘယ်သူမှမသိ။ မိုးကို သူပြန်ကြည့်သည်။

"ကြည့်မနေနဲ့။ မြန်မြန်သွား။ နောက်ကမှီလာမှ ဟုတ်ပေ့ဖြစ်နေမယ်"

မိုးရေရှုကပြေသည်။ ကျော်ကော်ဆောင်က ပြေးလိုက်သည်။ မိုး



www.burmeseclassic.com

www.burmeseclassic.com



ကျောပိုးအိတ်ကို လှမ်းဆွဲသည်။ မိဖူး တို့ခနဲရပ်သွားသည်။

"ကဲ .. ချွတ် ချွတ် မြန်မြန်"

"ဘာချွတ်ရမှာလဲ ... မရှင်းမရှင်းနဲ့"

"ကျောပိုးအိတ်ချွတ်လိုက်။ နင်ပင်ပန်းမှာစိုးလို့"

ကျောက်ဆောင် ကျောပိုးအိတ်နှစ်လုံးကို ဘယ်တစ်ဖက်၊ ညာတစ်ဖက်လွယ်သည်။ ဖူးပြည့်စုံက ကျောက်ဆောင်လက်ကို တွဲပြီး နောက်မှလိုက်သည်။

"မောင်ခေါ်ရာလိုက်ခဲ့။ လိုက်ခဲ့ပါလားကွယ်။ နှစ်ကိုယ်တူ နီးရာစခန်း ... လမ်းပြလို့ လိုက်ခဲ့ခေါ်ချင်တယ်"

ဖူးပြည့်စုံ ကျောက်ဆောင်ခါးကို လိမ်ဆွဲသည်။

"ဘာ .. မောင်ခေါ်ရာလည်း ငါ့အရင်ခေါ်လို့ နင်လိုက်ခဲ့တာနော်"

"ဘယ်လိုပဲဖြစ်ဖြစ် .. နင်နဲ့ငါအတူရှိနေဖို့ အဓိကပဲ မဟုတ်လား"

ချောင်းကျယ်တစ်ခုကို ကူးတို့ဖြင့်ကူးသည်။ ကမ်းပေါ်တက်သည်နှင့် မကျည်းချိုင်ရွာ။ သူတို့လာရာလမ်းတစ်လျှောက် အုန်းခြံတွေထဲက ဖြတ်ခဲ့ရသည်။ ဒီရွာက ထူးထူးခြားခြား မကျည်းပင်တွေ ပေါက်တဲ့ ရွာမို့ မကျည်းချိုင်လို့ခေါ်ဟန်တူသည်။ ခဏနားပြီး သူတို့ခရီးဆက်ကြသည်။ ထမင်းစားချိန်လောက်မှာ ခရင်ချောင်းရွာကို ရောက်သည်။ ဟိုမေးဒီမေးနှင့် ကိုရန်အောင်တို့ ယာတဲကိုရောက်လာသည်။ ဘကြီး





ကြွက်နီ ပေးလိုက်တဲ့ အသားခြောက်တွေကို ပေးလိုက်ပြီး အကျိုးအကြောင်း ပြောပြလိုက်သည်။

"အစ်ကိုကြီး လွှတ်လိုက်တဲ့လူတွေပဲ။ ကိုယ့်ဆွေမျိုးလို သဘောထားပြီး အားမနာနဲ့။ ဒီမှာ ပျော်သလောက်သာနေ။ ဒါမျိုးဆိုတာ ပါရမီဖြည့်ကောင်းတယ်ဇေ"

"ရှပ်ပြာရေ .. ငါ့ညီအတွက် အမြည်းကောင်းကောင်း လုပ်ဇေ။ ငါ ခနီခင်းထဲမှာ ခနီရည်သွားယူလိုက်ဦးမယ်"

ကိုရန်အောင် အိုးနှစ်လုံးကိုင်ပြီး ပြန်ရောက်လာသည်။ ခနီရည် အမြည်း

"ရှပ်ပြာရှည် အမြေးယူခဲ့ပါဟေ့"

လေးထောင့်ဝါးစားပွဲပေါ်မှာ ခနီရည်အိုးနှင့် အမြည်းအခွက်သင့် ဖြစ်နေပြီ။ အုန်းတုံးအပိုင်းတွေကို ထိုင်ခုံလုပ်ထိုင်ကြသည်။ သူတို့ စားပွဲလေးမှာ ဝိုင်းထိုင်ကြသည်။ ကျောက်ဆောင်က

"ကိုရန်အောင် .. ဟိုအစ်မ ဘယ်သူ"

"ရှပ်ပြာလေ"

"ခေါ်လေဗျာ"

"ကဲ့လေးနို့တိုက်ရမှာက သူ့အလုပ်။ ဒါက တို့အလုပ်"

"ကိုရန်အောင်နော် .. ညွှသည်ရောက်လို့ မိုးသင်းမှောက်မလုပ်နဲ့။ ဒီက ကျည်မွှေ့ရောက်လာမယ်"



www.burmeseclassic.com

www.burmeseclassic.com



မရှုပ်ပြာ ကျည်ပွေ့ကိုကိုင်ပြီး ထောင်ပြသည်။

မိဖူးက ဖန်ခွက်တွေထဲကို ခေါ်ရည်ထည့်ပေးသည်။

"ညည်းလည်းသောက်လေ"

"မသောက်ချင်ပါဘူး"

"ထမင်းစားကောင်းအောင် နည်းနည်းသောက်ဝေ့"

ကျောက်ဆောင် မိဖူးခွက်ထဲသို့ ငှဲ့ပေးသည်။ မိဖူးက ဆီရွှဲနေသည့် အသားခြောက်ကို ကျောက်ဆောင်ပါးစပ်ထဲ ထည့်ပေးသည်။

"အိမ်ကယာမနဲ့တော့ ကွာပါ့"

ကိုရန်အောင် စကားဆုံးသည်နှင့် သစ်သားကျည်ပွေ့က ဗိုးခနဲ လွင့်လာသည်။

"ဂလောင်"

"အုန်းတုံးကိုမှန်ပြီး ကိုရန်အောင့်ခြေမျက်စေ့ကိုထိသည်။

"ရှီး ... သေဖို့ဝေ့ .. သေဖို့"

ကိုရန်အောင် ခြေမျက်စေ့ကိုပွတ်ပြီး ခုန်ပေါက်ဘုပြစ်နေသည်။

"ဘယ်နှယ်လဲ ... ဗိုးသင်းမျောက် .. မှတ်ပလား"

"မှတ်ပြီဝေ့ .. မှတ်ပြီ"

သူတို့ရယ်နေကြသည်။ ကျောက်ဆောင်နှင့် မိဖူးသည် သူတို့အဖြစ်ကို မေ့မျောက်ပြီး ပျော်ရွှင်နေကြသည်။

ကျောက်ဆောင် သူနှင့်မိဖူးအတွက် အသီးအမှတ်တစ်ခု လုပ်ထား





လျှင် လုံခြုံမှုရှိမည်ဟု ထင်သည်။

"ကိုရန်အောင် ... ကောင်စီလူကြီးတွေဖိတ်ပြီး ကျွန်တော်တို့ လက်မှတ်ထိုးထားရင် ကောင်းမယ်ထင်တယ်"

"မင်းပြောတာ ဟုတ်တယ်ဝေ့။ မင်းတို့လည်း အသက်ပြည့်နေပြီ ဆိုတော့ ကောင်စီလူကြီးနဲ့ လူကြီးတစ်ချို့ကို အကျဉ်းရုံးသည့်ခံပြီး လက်မှတ်ထိုးလိုက်"

"လူကြီးတွေကို ဘာကျွေးရင်ကောင်းမလဲ"

"အနောက်မုန့်ဟင်းခါးနဲ့ ဧည့်ခံမယ်။ ရှုပ်ပြာ သဘောတူလား"

ကိုရန်အောင် သူ့မိန်းမကို လှမ်းမေးသည်။

"ဘာ .. ငှက်ပျောအူ ဘာလုပ်ဖို့လဲ"

ကိုရန်အောင် ခေါင်းကို တဖျင်းဖျင်းကုတ်သည်။

"ငှက်ပျောအူမဟုတ်ဘူးဝေ့။ အနောက်မုန့်ဟင်းခါးချက်မယ်။ သဘောတူလားလို့ မေးနေတာဝေ့"

"တူတယ်။ တူတယ်။ သူတို့နှစ်ယောက်က လိုက်ဖက်ညီလွန်းလို့ ကျုပ် သဘောတူတယ်"

ကိုရန်အောင် ဆက်မပြောတော့ချေ။

ပုသိမ်အနောက်ကမ်းခြေတစ်လျှောက်တွင် ရခိုင်မုန့်တီကို အနောက်မုန့်ဟင်းခါးဟု ခေါ်ကြသည်။ ကျောက်ဆောင်တို့ အိမ်ရာ နီးတော့ ကိုရန်အောင် ငါးတွဲတွေနှင့် ပြန်လာသည်။ မရှုပ်ပြာကို ငါးတွေပေးပြီး မိဖူးနှင့်ထားခဲ့သည်။ ကိုရန်အောင်နှင့် ကျောက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



က ရွာထဲသို့ ထွက်သွားကြသည်။ သူတို့ပြန်လာတော့ မုန့်ဖတ်တွေပါလာသည်။

ကျောက်ဆောင်က ညည်းခံပွဲကုန်ကျစရိတ်အတွက် ကိုရန်အောင်ကို ပိုက်ဆံပေးထားသည်။ မရုပ်ပြာကို ဆွမ်းနှင့် ဆွမ်းဟင်းချက်နိုင်းသည်။ ကိုရန်အောင် ရွာဖက်သို့ ထွက်သွားပြန်သည်။ ပြန်လာတော့ လက်ထဲမှာ မုန့်တွေပါလာသည်။

"ကိုရန်အောင် .. ရှင်ဘာတွေ လျှောက်လုပ်နေတာလဲ"

"ရုပ်ပြာ .. ငါ ရွာကျောင်းဘုန်းကြီးပါ ပင့်ခဲ့တယ်။ ဆယ့်တစ်နာရီ လောက်ကို ဆွမ်းပွဲပြင်ထားနော့"

ရွာကျောင်းက ဘုန်းကြီးကြွလာပြီး ကျေးရွာကောင်စီလူကြီးမင်းတွေပါ ရောက်လာသည်။ ဘုန်းကြီးကို ဆွမ်းကပ်သည်။ လူတွေကို အနောက်မုန့်ဟင်းခါးကျွေးသည်။ တစ်အိမ်လုံး ရှုပ်ရှက် ရှုပ်ရှက်အသံတွေ ရှည်။ ရိုင်းသူစစ်စစ် မရုပ်ပြာ၏ ရေတိသီးအခွံမကြောင့် ချေးသုတ်နေကြသည်။ ဘုန်းကြီးဆွမ်းစားပြီးသည်နှင့် ကျေးရွာလူကြီး ဦးကျော်စာရွက်ကို လက်မှာကိုင်ပြီး ထရပ်သည်။

"အခု မင်္ဂလာသတို့သား မောင်ကျောက်တောင်နဲ့"

"ဟာ .. ဘယ်က ကျောက်တောင်ရမှာလဲ။ ကျောက်ဆောင်ပါ"

ကိုရန်အောင် ထရပ်ပြီး ပြောသည်။ ဘုန်းကြီးမျက်စေ့ နောက်လာသည်။

"ဟဲ့ .. ကျော်ဝထိုင်စမ်း။ ငါအရင် တရားဟောရမှာဟဲ့ .. မှာ





နေပြီ"

သည့်တော့မှ ကျေးရွာလူကြီး ပြန်ထိုင်သည်။ ငါးပါးသီလပေးပြီး ဘုန်းကြီးတရားဟောနေသည်။ ကျောက်ဆောင်လက်နှင့် ဖူးပြည့်စုံလက်ကို ထိကပ်၍ ရေဖလားမှာ စိမ်ထားသည်။ ရေဂဟေဆက်တာလားမသိ။

ကျောက်ဆောင်နှင့် ဖူးပြည့်စုံ ရေစက်ခွက် ကိုယ်စီကိုင်၍ ရေစက်ချသည်။ ရေစက်ခွက်ထဲက ရေတွေ ကုန်သွားပြီ။

"ယခုပြုရသော ကောင်းမှုကုသိုလ်အဖို့ ဘာကကို အမျှ အမျှ အမျှ ပေးဝေပါကုန်၏။ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

"သာဓု .. သာဓု .. သာဓု"

ကိုရန်အောင်က ဘတ္တရီအားနည်းနေသော ကက်ဆက်ကို ထဖွင့်သည်။ ကျေးလက်အဆိုတော်ကြီး တွံတေးသိန်းတန်၏ မင်္ဂလာတေးသံ မင်္ဂလာတေးသံထွက်လာသည်။

"မင်္ဂလာ အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာ .. သာသနာရောင်လင်း ကောင်းခြင်းခု သည်ချိန်ခါ"





www.burmeseclassic.com



ခရင်ချောင်းမှာ မင်္ဂလာအခါပေးနေချိန် တစ်ဖက်မှာ ကမ္ဘာပျက်နေပြီ။ ဦးမင်းမောင် ဒေါသတွေ ဒေါ်တင်မေကို ပေါက်ကွဲထိမှန်သည်။

“အုန်း” “ဝုန်း” (ရင်ထဲမှ ပေါက်ကွဲသံ)

ဒေါ်တင်မေ တဘက်တစ်ထည်နှင့် မျက်ရည်သုတ်လိုက်၊ ညှစ်ရှုလိုက် လုပ်နေရသည်။

“မအေတစ်ယောက်လုံး လုပ်နေပြီ။ နည်းနည်းမှအသုံးမကျဘူး။ နင်အသုံးမကျလို့ နင်အသုံးမကျလို့ဖြစ်တာ”



“အဲဒီ ရှင့်ကြောင့်ဖြစ်တာ။ ကလေးက သူ့ဟာသူနေတာ။ ရှင် မနေနိုင် မထိုင်နိုင် ဆတ်တော့လို့ဖြစ်ရတာ။ ရှင့်မကောင်းလို့ ဖြစ်ရတာ ဟီး .. ဟီး .. ရှင်သေဖို့ ...”

“တင်မေ နင့်ပါးစပ်ပိတ်လိုက်။ နင့်ကို ငါသတ်ပစ်မယ်”

“လာလေ .. လာစမ်းပါ။ တင်မေ့ကို ဘာမှတ်သလဲ”

ဦးမင်းမောင် ဒေါ်တင်မေကို ရိုက်ဖို့ပြေးလာသည်။ ဒေါ်တင်မေ သူ့လက်ထဲမှ မျက်ရည်တဘက်နှင့် လုံးပြီးပစ်ပေါက်သည်။ တဘက်က ဦးမင်းမောင်မျက်နှာကို ပတ်နေသည်။ သူ့အိမ်ပေါ်က အဆင်း အောက်မှအုန်းသီးတွေကို နင်းမိပြီး ပက်လက်လန်လဲတော့သည်။

“ဂုံး” “ခွပ်”

“အောင်မလေး .. သေပါပြီဗျ”

သူတို့ရန်ပွဲရပ်ပြီး ဦးမင်းမောင်ကို နာနပ်ရတော့သည်။

ခရင်ချောင်းတောင်ပေါ် စေတီရင်ပြင်မှာ သူတို့ထိုင်လိုက်သည်။ စေတီကို ဦးနိုက်လိုက်ပြီး နှုတ်ကတဖွဖွ ရွတ်ဆိုနေသည်။

“မိုး .. နင်ဘာတွေ ရေတောင်းနေတာလဲ”

“သိချင်ရင် မျက်လုံးမှိတ်ထား”

ကျောက်ခဲဆောင်က မျက်လုံးမှိတ်ထားသည်။

“ကဲ .. ရပြီ ပြောတော့”

ကျောက်ခဲဆောင် မျက်လုံးဖွင့်လိုက်သည်။ မိုးပြည့်စုံမရှိတော့။

“ဟင် မိုး ... မိုးရော .. မိုးရေ .. မိုး”

www.burmeseclassic.com



တောင်ပေါ်မှာ ကျောက်ဆောင်တစ်ခုယောက်သာ ရှိသည်။ မိုးမှောက်ခနေသည်။

"ဒီ .. ဒီမှာပေါ့"

အော်သံကြားရာ လိုက်ကြည့်သည်။ မိုးက တောင်အောက်ကို ရောက်နှင့်နေပြီ။

"ပြောမယ်ဆိုတာ ပြောလေ"

"အောက်ကိုဆင်းခဲ့"

"နင်မပြောမချင်း မဆင်းတော့ဘူး"

"နင်နဲ့ ဘဝဆက်တိုင်း အတူနေရပါစေလို့"

ကျောက်ဆောင် လေခါးတစ်အတိုင်း ပြေဆင်းလာသည်။

ခရင်ချောင်းရွာမှာ သူတို့ပျော်ကြသည်။ ဒီအပျော်တွေ ခဏမျှသာ ဖြစ်သည်။ သူတို့ဘဝခရီးကို ဆက်လျှောက်ရဦးမည်။

"ကဲ .. ဆက်ပါဦး ကျောက်ဆောင် မင်းလေရဟတ်အကြောင်း"

ကိုရန်အောင် လေရဟတ်ကို အချိန်ပြည့်လေရနေသော ကမ်းခြေမှာ သူလည်း ရဟတ်ဆောက်ချင်လာသည်။

"အစိကအချက်က လေအားနဲ့ လည်ပတ်မှုပဲရတာ။ ဒီလည်ပတ်အားနဲ့ ဟက်ကို မောင်းနှင်ပေးတာ။ မီးစက်မောင်းမလား။ ဆန်စက်မောင်းမလား။ အစုံလုပ်လို့ရတယ်။ လိုအပ်တဲ့အမြန်နှုန်းရဖို့ ဝိတ်တီးအကြီးအသေးနဲ့ သားရေပတ်ကြိုးတွေ လိုတာပေါ့"

"ကျွန်တော့်အိမ်သားက ကမ်းခြေမှာ လေရဟတ်ဆောက်ဖို့ ရွှေ်ဆင်





တောင်ဆောက်နေပြီ။ ဒီကောင်မလေးကို အိမ်ကလင်ပေးစားမယ်ဆိုလို့ မသူတော်လက်ထဲရောက်မှာစိုးတာနဲ့ ကျွန်တော်ပဲ ခေါ်လာခဲ့တာ"

"အော် ... ဒီလိုလား။ မင်းတော်တော်နှစ်နာနေပြီပေါ့"

"ဦးရန်အောင် ဟိုစကားကြားဖူးတယ်မို့လား။ ဘာလဲ ကိုယ့်ကိုယ်ကိုယ်ဖော် ... "

"မသူတော်တွဲ .. ဟား .. ဟား"





www.burmeseclassic.com

www.burmeseclassic.com





"အို.. ညီမလေးရေ ရန်သူတွေနီးလာပါပေါ့ကွယ်၊ အမှန်တကယ် လွတ်အောင်သာ ပြေးကြပါစို့ကွယ်။ ခုကွကင်းဝေးအောင် ပြေး ပြေးကြပါစို့ကွယ်"

"ဟဲ့.. မြစိမ်း.. လာ.. ဟာ.. ယောတော့.. အီးဟီး"

ရွာထိပ်ပိုင်းက မြစိမ်းသိုက်သမိုင်းကို လော်ကြီးနှင့်ဖွင့်နေသည်။ နားဝင်မချိုလှ။ ကျောက်ဆောင်ထိုင်နေရင်း နားကြောထဲ စိမ့်လာသည်။ သူတို့ရှိရာသို့ ကိုရန်အောင်မျက်စိ မျက်နှာပျက်ပြီး ရောက်လာသည်။

"ကျောက်ဆောင် ပြေး.. ပြေး"

[illegible]



ကျောက်ဆောင် မှုံပြည့်စုံ လက်ခွဲပြီး ပြေးထွက်သည်။ မြို့ဇာ တုန့်ခနဲရပ်ပြီး

"ကိုရန်အောင်ကလည်း၊ အရင်းမရှိ အဖျားမရှိနဲ့ ဘာဖြစ်လို့လဲ"

"ရွာလယ်မှာ လူစုတွေလို့ မင်းတို့ကိုလိုက်ရှာနေတဲ့ လူတွေလား မသိဘူး။ အဲဒါ မင်းတို့ရှောင်နေဖို့လာပြောတာ"

"ရှောင်နေလို့ ဘာထူးမှာလဲဗျာ။ ကိုယ့်ပြီးသွားမှာမှ မဟုတ်တာ"

"ဟုတ်တယ် ဦးရန်အောင်သည့် အခြေအနေရောက်မှ နှမ်းပြီဖို့ လုပ်ရင်တော့ မီးမူးအသက်ပဲရမယ်"

"အာကသတ္တိရေ။ အိမ်က ဟာမနဲ့ကွာပါ"

"ကို.. ရန်... အောင် ဒီတစ်ခါ ကျည်ပွေ့မလာဘူးနော်။ ဓါးမလာမှာ"

မရှုပ်ပြာ ငါးကိုင်နေရာက လှမ်းအော်သည်။ ကိုရန်အောင် တုတ်တုတ်မျှမလှုပ်တော့။

လူအုပ်ကြီး ခြံထဲဝင်လာသည်။ မှုံပြည့်စုံ ရင်တုန်နေပြီ။ ဘယ်လိုပဲ ရင်ဆိုင်ဖို့ပဲပြင်ပြင် တကယ်တမ်းမှာတော့ စိတ်လှုပ်ရှားနေသည်။ မှုံ ပြည့်စုံ ထိုင်ရမလို၊ ထရမလိုဖြစ်နေ၍ ကျောက်ဆောင်က ဆွဲထားရသည်။ လူအုပ်ကြားက ဦးကျော်ဝအသံ ထွက်လာသည်။

"ရန်အောင်.. ကလေးကာကွယ်ဖေးတိုးမလို့ ဆရာမခေါ်လာတယ်"

သည်တော့မှ ကိုရန်အောင် လှုပ်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်စံ လာရို့ ဆရာမတွေ မိဘက်လာ ကြကြပါ။ ရှုပ်ပြာရေ ဒီမှာ ကလေးတောကွယ်ဆေးတိုက်ဖို့ဈေး ဆရာမတွေ လာတယ်။ ကလေး ခေါ်ခဲ့ဝေ့"

ကျောက်ဆောင်မှာ အလုပ်တွေရှိသည်။ ဒီမှာ ကြာကြာမနေချင် ကိုရန်အောင် လင်မယားကိုလည်း အားနာလှပြီ။

"မိဖူး ... တို့တွေ အိမ်ပြန်ရအောင်။ ငါမရှိတော့ ဘကြီး ကြွက်နီလည်း ကသီမှာ။ အလုပ်တွေက တန်းလန်းကြီး"

"ငါလည်း တွေးမိတယ်။ အိမ်ပြန်ပြီး နင့်လေရဟာတ်ကို ငါပါ ကူဆောက်ပေးမယ်။ တို့တွေ အလုပ်လုပ်ရဦးမယ်။ ဦးရန်အောင်ကြီးကို လည်း အားနာတယ်"

မပြေးသော်လည်း ကံရာရှိသည်မို့ သူတို့စကားပင်မဆုံးချင်။ ခြံဝမှ လူတစ်ယောက်နှင့်အတူ ညွှသည်တွေပါလာသည်။

"ကိုရန်အောင် ဒီမှာ ညွှသည်မို့။ ခင်ဗျားအိမ်ကိုလာတာ"

ဘကြီးကြွက်နီ၊ ဦးမင်းမောင်နှင့် ရွာထဲက လူအချို့။ ကိုရန်အောင် သူတို့ကို နေရာထိုင်ခင်းလုပ်ပေးသည်။

"အစ်ကိုကြီးပါ လိုက်လာတာကို။ ကလေးတွေကိုတွေ့တယ်"

"အေး .. ဟုတ်တယ်။ ဒါက မှုပြည့်စုံရဲ့ အဖေ ဦးမင်းမောင်"

ဦးမင်းမောင်က ကိုရန်အောင်ကို လှမ်းကြည့်ရင်း

"ကလေးတွေကို စောင့်ရှောက်ပေးထားတာ ကျေးဇူးတင်ပါတယ်"

မှုပြည့်စုံ ခေါင်းငုံ့ထားသည်။



"သမီး .. မိဖူး ဖေဖေ့ကိုကြည့်စမ်း"

မှုပြည့်စုံ မျက်ရည်တွေနှင့် ခေါင်းမော့လာသည်။

"သမီး .. ဖေဖေ မျှော်မှန်းသလို ဖြစ်မလာဘူး။ သမီး သိပ် မိုက်တယ်။ ဖေဖေပြောတဲ့စကားကို နားမထောင်ဘဲ မိဘအုပ်ထိန်းမှု ကင်းတဲ့ လူတစ်ယောက်လို ထင်ရာစိုင်းသွားတာ ဖေဖေ့အပြစ် ဖြစ်တယ်"

ဦးမင်းမောင် စကားကိုထိန်းပြောနေသည်။ သူ့စကားက အနှောင့် အသွားမလွတ်။ ကျောက်ဆောင်ကို ထိမှန်သည်။

"ဖြစ်ပြီးတာတော့ ပြီးပစေတော့။ ဖေဖေနဲ့သမီး ပြန်လိုက်ခဲ့ရ မယ်"

"သမီး မလိုက်ဘူးဖေဖေ"

ဦးမင်းမောင်မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည်။ မိဖူး သူ့ကို တစ်ခါမှ မဆန့်ကျင်ခဲ့ဖူးပါ။ ခုတော့ ပြတ်ပြတ်သားသား ဆန့်ကျင်နေပြီ။ ဦးမင်းမောင်မျက်နှာကို ပြင်လိုက်ပြီး ပြုံးပြုံးလေးနှင့်

"ဖေဖေပြောတာက ဒီလိုလေ။ သမီးမေမေလည်း သိပ်နေမကောင်းဘူး။ သမီးတို့ မင်္ဂလာမဆောင်ခင်အချိန်မှာ မေမေ နဲ့ လိုက်နေပေးဖို့ ပြောတာပါ"

"ကျောက်ဆောင်က သမီးကို ခမ်းခမ်းနားနား မင်္ဂလာဆောင် ပြီး ယူနိုင်တဲ့နေ့ကစပြီး သမီးကို သူနဲ့တပါတည်းထည့်လိုက်မယ်။

ဘုရဲဆောင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



သမီး မိန်းကလေးဘဝမှာ တစ်မက်လာပဲရှိတယ်။ သမီးစဉ်းစား။ မေမေ့စကားကိုယုံ။ ပြီးတော့ သမီးကို လှောင်အိမ်ထဲ ထည့်ထားမှာမဟုတ်ဘူး။ သမီးစိတ်ချမ်းသာသလို နေလို့ရတယ်''

ဦးမင်းမောင် စကားတွေက ကျောက်ဆောင်ကို မထေမဲ့မြင်ပြုပြီး စိမ်ခေါ်နေဟန်တူသည်။ မိမဲ့ဖမဲ့ တစ်ကောင်ကြွက်မို့ထင့်၊ သူ့သမီးကို ခမ်းခမ်းနားနား မင်္ဂလာဆောင်နိုင်မှ သူ့လက်ကိုအပ်မတဲ့၊ ကျောက်ဆောင်ကလည်း စိန်ခေါ်ရင် ဘွာမခတ်။

''ဦးပြောသလို မိမွှားကို ခမ်းခမ်းနားနား မင်္ဂလာဆောင်ပြီး ယူဖို့ ကျွန်တော့်ကို တစ်လပဲအချိန်ပေး။ အဲဒီအချိန်ကျရင် ဘကြီးကြွက်နီတို့ကို မိဘအရာထားပြီး ခမ်းခမ်းနားနား မင်္ဂလာဆောင်ပြီး ယူပြမယ်။ ဦးဘက်ကသာ လူကြီးစကားတည်ပါစေ''

''ဦးစကားကို ဘယ်တော့မှမဖျက်ဘူး။ မိမွှားကိုလည်း ချုပ်ချယ်မထားဘူး။ ဒီကြားမှာတော့ မိမွှားကို အိမ်ပြန်ခေါ်ထားမယ်''

သခင်ပေါင်းဆီမှ သခင်သစ်ဆွောက်ပါသွားသည့် ငှားတစ်ကောင်လို မိမွှား သူ့အဖေနောက်သို့ ခပ်ကန်ကန်ပါသွားသည်။ ကျောက်ဆောင် နောက်မှာရပ်ကျန်ခဲ့သည်။ မိမွှားက ကျောက်ဆောင်လက်ကို အတင်းဆွဲပြီး သူနှင့်တပါတည်းလိုက်ဖို့ ခေါ်သည်။ မိမွှားငိုသည်ကိုမကြည့်ရက်၊ မမြင်ရက်ပါ။ မိမွှားခေါ်ရာနောက်သို့ လိုက်သည်းကိုရန်အောင်နှင့် မရှုပ်ပြာတို့ လက်ပြနှုတ်ဆက်ကျန်ခဲ့လေသည်။ မိမွှား





တစ်လမ်းလုံး ငိုလာသည်။ ကြာတော့ ဦးမင်းမော[illegible] မိမွှားကို သနားလာပုံရသည်။

''သမီး .. နင်ကျောက်ဆောင်နဲ့အတူ လိုက်ခဲ့။ မငိုနဲ့တော့''

ဦးမင်းမောင်နှင့် ဦးကြွက်နီရှေ့ကသွားတော့ သူတို့နှစ်ယောက်နောက်ခပ်လှမ်းလှမ်းမှာ ကျန်ခဲ့သည်။ မှုပြည့်စုံလည်း အငိုတိတ်သွားသည်။ လမ်းတစ်လျှောက်လုံး ကျောက်ဆောင် မိမွှားကို အားပေးစကားပြောသည်။ အကြင်လင်မယားဖြစ်ခဲ့ပြီးမှ တစ်လတာအချိန်သည် တစ်ဘဝစာမျှ ရှည်လျားလှပေဦးမည်။

အုန်းတစ်ပင်ချိုင်မှာ ကျောက်ဆောင် ကျန်ရစ်သည်။ ကျောက်ဆောင်နှင့် မိမွှားတို့ဇာတ်သည် မိုးလုမိုးခင် လက်တစ်ကမ်းအလိုတွင်း။





www.burmeseclassic.com



မိုးစက်မိုးပေါက်ကလေးများ မှတ်သုန်လေနှင့်အတူ ယိမ်းနွဲ့ကာ ဆင်းလာကြသည်။ အဆောင်းမပါသည့် ကျောက်ဆောင်မျက်နှာတွင် မိုးရေစက်များ တွဲခိုနေသည်။ ကျောက်ဆောင် ပိုက်ဖော်နေရာက ကောင်းကင်ကြီးကို မော့ကြည့်သည်။

"ဘကြီးကြွက်နီ ... မိုးရွာနေပြီ"

ဘကြီးကြွက်နီက လှေကိုပဲ့ထိန်းရင်း

"တန်ခူးမည်မှတ် ဖတ်ဆွတ်ရေတိုး သဲကြီးနှိမ်မိုးလေကွာ"

"တန်ခူး .. ကဆုန် .. ကဆုန်လာကွယ်ဆိုရင် တစ်လ"

"မိုးကျသွားလို့ မဖြစ်ဘူး"

ကျောက်ဆောင်နတ်က ရေရွတ်နေသည်။

"ဘာတွေ တွက်နေတာလဲကွ"

"တစ်လဆိုတဲ့အချိန်က ဘာမှမရှိဘူးနော်"

"ဪ ... မင်းက မိုးနဲ့ နီးစပ်ရမယ့်ရက်ကို တွက်နေတာကိုး .. ကောင်းပါလေ့ကွာ။ ဒီမှ တို့အနားမှာ ကလေးတွေဘာတွေနဲ့ စည်စည်ကားကားဖြစ်လာမှာ .. အပေါ့"

ပိုက်ဖော်လို့ပြီးပြီ။ ဘကြီးကြွက်နီ ပုဆိုးကွင်းသိုင်းကိုကွယ်ပြီး ဆေးတံကို မီးညှိလိုက်သည်။ လှေဝမ်းထဲမှာတော့ ငါးတွေတစ်တွေကြီး တစ်လှေကြီးပါလာသည်။ ဘကြီးကြွက်နီက ဆေးတံခဲရင်း အာလုပ်သံကြီးနှင့်

"ကျောက်ဆောင် လှေရှက်မှင်တော့။ အိမ်က အဘွားကြီး ကမ်းခြေမှာ မျှော်ရောမယ်"

"ဘကြီးကလည်း .. ကလေးတွေ ဘာတွေနဲ့ စည်စည်ကားကား ဖြစ်ချင်လို့လား"

"ဟာ .. ဒီကောင်လေး တောက်တီးတောက်တဲ့"

"ဟား .. ဟား .. ဟား .. ဟား"

ဆည်းဆာပုပ်ပါးပါးလေး ရစ်ခြံထားသည်။ အလှတစ်ပါး ဆဲနှယ်

www.burmeseclassic.com



လေးတွေက တဖျတ်ဖျတ်ကျောက်တန်းတွေပေါ်က ပင်လယ်ဆီ လှမ်းမျှော်နေသည်။ ညိုညစ်ညစ် ရွက်ဖွင့်လာသည့် လှေတစ်စင်း

“ဒါ .. ညိုထွန်းတို့လှေ”

သည်ကမ်းခြေက လှေမှန်သမျှ ဖူးပြည့်စုံ အလွတ်ရနေသည်။ ဝေးဝေးမှာ ရွက်ဖွေးဖွေးလွှင့်ပြီး ကမ်းခြေကို ပြေးလာနေသော လှေတစ်စင်း

“ဒါ .. ကျောက်ဆောင်တို့လှေ”

ဖူးပြည့်စုံ ကျောက်တန်းပေါ်ကနေ သူ့လက်ကို လှုပ်ရမ်းပြနေသည်။







ကျောက်ဆောင်၊ ကျောက်တန်းပေါ်က မိဖူးကို မြင်သည့်နှင့် လှေပင် ကမ်းမကပ်သေး၊ မျောက်တစ်ကောင်လို ထွားကနဲ ခုန်ဆင်းလိုက်ပြီး မိဖူးရှိရာကို ပြေးသည်။ မိဖူးကလည်း သူ့ဆီကို ပြေးသည်။ သူတို့နှစ်ယောက် အရှိန်ပြင်း ရင်ဆိုင်ပြေးဖက်ကြစဉ် “အင့်” ခနဲ မြည်ပြီး လုံးထွေးလဲကျသွားသည်။

“ဟား .. ဟား .. ဟား .. ဟား နပန်းလုံးချင်လည်း အိမ်ရောက်မှ လုံးကြကွာ။ သောင်ပြင်ပေါ်မှာတော့ အမြင်မတော်ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ထဲက ငါးတွေကို ဘကြီးကြွက်နီနှင့်အတူ သူတို့ဖိုင်ဖြုတ်ကြသည်။ ငါးတွေ တစ်လှေကြီး။ ကျောက်ဆောင်အိမ်လေးက နွယ်ဆိတ်နေသည်။ အသိုက်ဆောက်နေသော ငှက်ကလေးတွေ လန့်ပျံသည်။ အိမ်မြှောင်က တကျွတ်ကျွတ်နှင့် စုတ်သပ်နေသည်။ နောက်အသက်ရှူသံတွေ ထွက်လာသည်။ သူတို့ပျော်နေကြသည်ထင်၏။

ဒီနှစ် မုတ်သုန်က စိတ်ဆိုးမာန်ဆိုးနှင့် ဝင်လာသည်။ ကျောက်ဆောင်၏ လေရူပါတ်၊ ဒလက်ကြီးတွေက လေယာဉ်ပန်ကာတွေလို လည်ပတ်နေသည်။ မိုးကျလာပြီမို့ ဒီအလုပ်တွေကို ရပ်ထားရဦးမည်။ မိုးတွင်းမှာ ပင်လယ်ဟင်းအိုးနိုက်သည့်အလုပ်သာရှိသည်။ သည်တော့ နေ့ညဉ့်နှင့်အမျှ ပင်လယ်ပြင်မှာ ပိုက်ရှာထွက်ရသည်။

မိုးဦးကျလေဦးကျတဲ့။ ဒီ ပင်လယ်ပြင်ရဲ့ ဘာသာရပ်။ မနက်ကတည်းက လေပြင်းတွေ ဆောင့်တိုးနေသည်။ ကျောက်ဆောင်အိမ်လေးက သိမ့်ခနဲနေသည်။ အိမ်ရှေ့လေရူပါတ်ကြီးက မတ်နေအောင်လည်သည်။ လည်ပတ်အားတွေ အလဟဿဖြစ်ရသည်မို့ ကျောက်ဆောင် နမျောနေသေးသည်။ ဘကြီးကြွက်နီ အိမ်ဖက်သို့ သွားသည်။ ဘကြီးကြွက်နီ စောင်ခြုံကြားက လိပ်တစ်ကောင်လို ခေါင်းပြူထွက်လာသည်။

"ငါတော့ ဖျားနေပြီကျောက်ဆောင်ရေ .. ဒီနေ့ မင်းတစ်ယောက်တည်းမို့ ပိုက်မချနဲ့တော့ကွာ"

"မပူပါနဲ့ ဘကြီးရာ။ ကျွန်တော် တစ်ယောက်တည်းရပါတယ်"





"ငါတော့ သိပ်မသွားစေချင်ဘူး"

ကျောက်ဆောင်က ခေါင်းမာသည်။

ညနေရောက်တော့ ကျောက်ဆောင် လှေတစ်စင်းနှင့် ပင်လယ်ပြင်ကို ဖြတ်ထွက်ခဲ့သည်။ မိုးသက်တွေကျလာသည်။ ပင်လယ်ပြင်တစ်ခုလုံး အနက်ရောင်ခြုံထည်နှင့် ကဝေကြီးတစ်ယောက်လို ကျောက်ဆောင်နောက်ကြောင်းပြန်လှည့်မည်ပြုပြီးမှ

"ပင်လယ်ထဲရောက်ပြီးမှ ဒီပိုက်မချဘဲ နောက်ကြောင်းပြန်လှည့်ရင် သူရဲဘောကြောင်တဲ့ကောင် ဖြစ်သွားမယ်"

သူ ရှေ့ကိုတိုးလှော်သည်။ ပင်လယ်ဆီမှ အသံတွေ မြည်လာသည်။ မိုးတွေ ရွာလာပြီး လှိုင်းလုံးတွေ မြင့်တက်လာသည်။ သူ ပိုက်တွေချခဲ့ပြီး လှေကို ကမ်းဘက်ဆီ ဦးတည်သည်။ သူ့လှေကို လှိုင်းလုံးကြီးတစ်လုံးက ပင့်မြှောက်ချလိုက်သည်။ လှေရွက်တိုင်ကျိုးပြီး သူ့ဦးခေါင်းကို အရှိန်ပြင်းပြင်း ရိုက်ချလိုက်သည်။ ဖျောင်းခနဲ မြည်သံနှင့်အတူ သူ့မျက်လုံးတွေ မှောင်ကျသွားခဲ့သည်။ ပင်လယ်ပြင်တစ်ခုလုံး မိုးသံ၊ လေသံ၊ လှိုင်းရိုက်သံတွေနှင့် ညသည် မှောင်သည်ထက်မှောင်လာသည်။

မိုးက သူ့အချိန်အခါရောက်ပြီမို့ အားကောင်းမောင်းသန် ရွာချနေသည်။ ဘကြီးကြွက်နီနှင့်ပူပြည့်စုံတို့ ပင်လယ်ပြင်ကို မျှော်ကြည့်နေသည်။ တဖြည်းဖြည်းမှောင်လာသည်။ တစ်နေကုန်၌ တစ်မိုးချုပ်ခဲ့လေပြီ။ ကျောက်ဆောင်လည်း သေသည်၊ ရှင်သည် မသိတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖူးပြည့်စုံရင်ထဲ မျှော်လင့်ချက်မကုန်သေး။ ညခုနစ်တိုင်း ကျောက်တန်းလေးမှာ ပင်လယ်ပြင်ကို မျှော်ငေးနေဆဲ။

မိုးထဲလေထဲမှာ ခုချိန်ထိ စောင့်မျှော်နေဆဲ။ အစားပျက်၊ အအိပ်ပျက်နှင့် တဖြည်းဖြည်း၊ သူ့မျှော်လင့်ချက်တွေ ကင်းမဲ့လာသည်။ သူ့စိတ်တွေ တင်းမထားနိုင်။ ကိုယ်ခံအားတွေ ကျဆင်းလာသည်။ သူ့နှလုံးတွေက ခံနိုင်စွမ်းမရှိတော့။ သူ့အိပ်ရာထဲ ဘုံးဘုံးလဲတော့သည်။







BURMESE CLASSIC

တဖြည်းဖြည်းကြာလာသည်နှင့်
ကျောက်တန်းလေးမှာ
လာရပ်နေသည့်
ကောင်မလေးတစ်ယောက်
ပျောက်ကွယ်သွားခဲ့လေသည်၊
ချောင်းသာကမ်းခြေမှ
ကျောက်ဆောင်သည်
အရုဏ်အပြစ်နှင့်
ပျောက်ဆုံးနေသော
ဖူးပြည့်စုံတစ်ဖြစ်လဲ သူ့ချစ်သူကို
မတွေ့တွေ့ အောင်
ရှာပို့ဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com